# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက် | ၂၀၁၈ ခုနှစ်၊ ဩဂုတ် ၂၈ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၃၃၀)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံ

**နေပြည်တော်  ဩဂုတ်  ၂၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-(၁)၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးသန်းမြင့်၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မျိုးအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ဦးခင်မောင်တင်၊ ဦးဆက်အောင်နှင့် ဦးအောင်ထူး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD) ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်နှင့် အလှူရှင်များ၊ အစိုးရနှင့် ပုဂ္ဂလိကဘဏ်လုပ်ငန်းရှင်များ၊ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ကြသည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားကို ကျောက်စိမ်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဦးသောင်းထွန်း၊ ဦးသန်းမြင့်နှင့် ဒုတိယဝန်ကြီး ဦးဆက်အောင်တို့နှင့်အတူ စင်မြင့်ထက်၌ နေရာယူသည်။ ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကားပြောကြားသည်။ **(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အဖွင့်အမှာစကားကို စာမျက်နှာ-၅၊ ၆ တွင် ဖော်ပြထားပါသည်။)**

ယင်းနောက် UMFCCI ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ MBCCD နှင့် စေပိုင်ကုမ္ပဏီမှ ဦးမောင်ဝိတ်နှင့် မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးရှိန်ဝင်းတို့က နိုင်ငံခြားငွေလဲလှယ်နှုန်း


*စာမျက်နှာ ၃ ကော်လံ ၁* ✻




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် မိန့်ခွန်းပြောကြားစဉ်။**

သတင်းစဉ်



**တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်**


*စာမျက်နှာ » ၁၀၊ ၁၁၊ ၁၃*



KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ ရှုမြင်သုံးသပ်ပုံများ

မကြာခင်က သွားရောက်ခဲ့သော စင်ကာပူသမ္မတနိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုဖြစ်စဉ်တွင် တွေ့ကြုံနေရသော အခက်အခဲများနှင့် ရှေ့ခရီးလမ်း"ဟူသော ခေါင်းစဉ်ဖြင့်ဟောပြောဆွေးနွေးခဲ့ပါသည်။ ဤဟောပြောဆွေးနွေးချက်၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကတင်ပြခဲ့သော မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ ဖြစ်ရပ်တချို့အပေါ် သုံးသပ်ပုံတို့အား အနှစ်ချုပ်တင်ပြလိုပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မည်သည့်နိုင်ငံ၌မဆို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟူသည် ချောမွေ့သည်ဟူ၍မရှိ၊ အဟန့်အတားများနှင့် ပြည့်နှက်နေလေ့ရှိသည်ကို ထောက်ပြခဲ့သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် လုံ့လမလျှော့ရန် စိတ်ပိုင်းဆုံးဖြတ်ထားကြောင်းကိုပါ အလေးအနက်ထားတင်ပြခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပထမအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာအဆင့် (၇) ဆင့်ရှိသော လမ်းပြမြေပုံရရှိခဲ့သည်ကို ထောက်ပြသကဲ့သို့ ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၌ အခြေခံမူဝါဒ (၃၇) ချက်ရရှိခဲ့သည်ကိုလည်း တင်ပြခဲ့ပါသည်။ တတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ၏ အောင်မြင်မှုများအား တင်ပြရာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဆိုပါညီလာခံမတိုင်မီ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းနှစ်ခုနှင့် ထပ်မံ၍လက်မှတ်ရေးထိုးနိုင်ခဲ့သည်ကို အလေးအနက်ထားတင်ပြသကဲ့သို့ ဤညီလာခံကာလအတွင်း အခြေခံမူဝါဒ (၁၄) ချက် ချမှတ်နိုင်ခဲ့သည်ကိုလည်း မီးမောင်းထိုးပြောဆိုခဲ့ပါသည်။ စိန်ခေါ်မှုများအပေါ် အမြဲသတိထားလျက်အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုတို့ ပုံဖော်တည်ဆောက်မှုနှင့်အတူ တွေ့ဆုံညှိနှိုင်းမှုများမှတစ်ဆင့် ဖြေရှင်းသွားမည်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ဟောပြောမှုသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးသန္နိဋ္ဌာန်ကို လှစ်ဟဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဖြစ်စဉ်များနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကိုယ်တိုင်ရင်ဆိုင်ဖြတ်သန်းရသော မြန်မာပြည်သူတို့၏ အမြင်နှင့်ပြင်ပကမ္ဘာမှ စောင့်ကြည့်လေ့လာသူတို့၏အမြင်တို့ တူညီမှုမရှိ၊ ကွဲပြားခြားနားမည်ကို ထောက်ပြခဲ့ပါသည်။ တစ်ဆက်တည်း၌ပင် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးအား အဓိပ္ပာယ်ဖွင့်ဆိုရာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကျယ်ပြောပြီးအားလုံးလွှမ်းခြုံသည့် အနာဂတ်မြေပုံဖြစ်သကဲ့သို့ ပြည်သူတို့၏ နေ့စဉ်ဘဝ၏သေးငယ်သော အချက်အလက် အစိတ်အပိုင်းများဖြစ်သည်ကို အလေးအနက်ထား ပြောကြားခဲ့ပါသည်။ တစ်နည်းဆိုသော် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် မြန်မာပြည်သူတို့၏ နေ့စဉ်ဘဝ ခွဲခြားမရနိုင်သည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြလိုက်ခြင်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်၏ကိစ္စရပ်တိုင်းအပေါ် လွှမ်းခြုံသုံးသပ်ရမည်ဖြစ်သကဲ့သို့ ဦးစားပေးအဆင့် နိမ့်သည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေ မည်သည့်ကိစ္စကိုမှ လျစ်လျူရှု၍မရနိုင်သည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သုံးသပ်တင်ပြခဲ့ပါသည်။ သို့သော် ပြင်ပကမ္ဘာအနေဖြင့် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ်ရှုမြင်ရာ၌ ၎င်းတို့အာရုံစိုက်လိုသည့် အရေးကိစ္စများအား ရွေးချယ်အာရုံစိုက်နိုင်သည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှိုင်းယှဉ်ထောက်ပြခဲ့ပါသည်။

စိုက်ပျိုးနိုင်သောမြေနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသကဲ့သို့ အတော်အသင့်ကြီးမားသော လူဦးရေနှင့်အတူ ငယ်ရွယ်သည့်လုပ်သားအင်အားရှိသည့် မြန်မာနိုင်ငံသည် ကမ္ဘာ့အကျော်ကြားဆုံးဘဏ္ဍာရေးနှင့် ကုန်သွယ်ရေးဗဟိုချက်မဖြစ်သကဲ့သို့ ကမ္ဘာ့ပို့ဆောင်ဆက်သွယ်ရေး၌လည်း အချက်အချာကျသည့် စင်ကာပူနိုင်ငံနှင့်သာ လက်တွဲဆောင်ရွက်နိုင်မည်ဆိုက နှစ်နိုင်ငံစလုံးအတွက် အကျိုးရလဒ်ကြီးမားမည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အသိအမှတ်ပြုပြောကြားခဲ့ပါသည်။ နိဂုံးချုပ်အနေဖြင့် မြန်မာ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးဆိုင်ရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဤရှုမြင်သုံးသပ်မှုတို့အား နိုင်ငံသူနိုင်ငံသားတိုင်းက အလေးအနက်ထား နှလုံးသွင်းကြရမည် ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

# ငမိုးရိပ်ရေလှောင်တမံရေပိုလွှဲမှ ရေကျော်ကျသော်လည်း စိုးရိမ်ဖွယ်ရာမရှိ

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လှည်းကူးမြို့နယ် ငမိုးရိပ်ရေလှောင်တမံသည် ယနေ့တွင် ကန်ရေပြည့်အမှတ်သို့ စတင်ရောက်ရှိပြီး ငမိုးရိပ်ချောင်းအတွင်းသို့ ရေပိုလွှဲမှ ရေကျော်ကျသော်လည်း စိုးရိမ်ဖွယ်ရာမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ထို့အတူ လှည်းကူးမြို့နယ်အတွင်းရှိ မဟူရာရေလှောင်တမံ၊ သန်လျင်မြို့နယ် ဇာမဏီအင်းရေလှောင်တမံနှင့် ကျောက်တန်းမြို့နယ် ဘန့်ဘွေးကုန်းရေလှောင်တမံ၊ တိုက်ကြီးမြို့နယ် တဘူးလှရေလှောင်တမံ စုစုပေါင်းရေလှောင်တမံ လေးခုသည်လည်း ကန်ရေပြည့်အမှတ်သို့ရောက်ရှိပြီး ရေပိုလွှဲမှ ရေကျော်ကျကာ မူလချောင်းဟောင်းအတွင်းသို့ စီးဝင်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် လှည်းကူးမြို့နယ် ပေါင်းလင်းရေလှောင်တမံသည် ကန်ရေပြည့်အမှတ်သို့ ရောက်ရှိရန် ၄ ဒသမ ၃ ပေ၊ လဂွမ်းပြင်ရေလှောင်တမံသည် ကန်ရေပြည့်အမှတ်သို့ ရောက်ရှိရန် ၁ ဒသမ ၃ ပေ၊ တောင်လုံးမြောင်ရေလှောင်တမံသည် ကန်ရေပြည့်အမှတ်သို့ ရောက်ရှိရန် ၇ ဒသမ ၀ ပေ၊ ကလီထော်ရေလှောင်တမံသည် ကန်ရေပြည့်အမှတ်သို့ ရောက်ရှိရန် ၆ ဒသမ ၈ ပေ ကျန်ရှိနေကြောင်း သိရသည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လှည်းကူးမြို့နယ်တွင် ရေလှောင်တမံခြောက်ခု၊ တိုက်ကြီးမြို့နယ်တွင် ရေလှောင်တမံတစ်ခု၊ သန်လျင်မြို့နယ်တွင် ရေလှောင်တမံတစ်ခု၊ ကျောက်တန်းမြို့နယ်တွင် ရေလှောင်တမံတစ်ခု စုစုပေါင်းရေလှောင်တမံကိုးခုကို တာဝန်ယူထိန်းသိမ်းထားလျက်ရှိသည်။

ငမိုးရိပ်ရေလှောင်တမံအပါအဝင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ယူထိန်းသိမ်းထားသည့် ရေလှောင်တမံများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း မိုးတွင်း ကာလတွင်လည်း ရေလှောင်တမံများ၌ ဦးစီးအရာရှိအဆင့်မှ ၂၄ နာရီ တာဝန်ယူ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ပုံမှန်စနစ်တကျ စောင့်ကြပ်၍ ထိန်းသိမ်းစီမံလျက်ရှိခြင်းကြောင့် ပြည်သူလူထုအနေဖြင့် ရေလှောင်တမံများ၏ ကြံ့ခိုင်ရေးအတွက် တစ်စုံတစ်ရာ စိုးရိမ်စရာမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

**မင်းသစ် (MNA)**

# အမှုဖော်ထုတ်ဖမ်းဆီးခဲ့သော ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြု

**သထုံ ဩဂုတ် ၂၇**

သက်သေခံ ရွှေထည်ပစ္စည်းများနှင့် အတူဖော်ထုတ်ဖမ်းဆီးခဲ့သော တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပိုင်ရှင်ဖြစ်သူ ဒေါ်သန်းမြင့်က ခရိုင်မှုခင်းနှိမ်နင်းရေးဌာနနှင့် သထုံမြို့မစခန်း နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဆန်းဦးနှင့်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

သထုံခရိုင် မှုခင်းနှိမ်နင်းရေးဌာနနှင့် သထုံမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မေ ၂၆ ရက်ညပိုင်းတွင် မှုခင်းကျဆင်းရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် မသင်္ကာသူများအား စစ်ဆေးမေးမြန်းရာမှ ဆိုင်ကယ် ကယ်ရီစီးနင်းလာသော ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာနေ ဒေါ်သန်းမြင့်၏ ရွှေဆွဲကြိုးကို ဆိုင်ကယ်မောင်းနှင်သူ လူငယ်နှစ်ဦးက လုယူထွက်ပြေးခဲ့သည့်အမှုနှင့် ဆိုင်ကယ်ခိုးယူသည့်အမှုများ ဖော်ထုတ်ရမိခဲ့ခြင်းဖြစ်သည့်အတွက် ယခုကဲ့သို့ ဂုဏ်ပြုခြင်းဖြစ်ကြောင်း သိရသည်။

**နန္ဒကျော်စွာ၊ လှိုင်ထွန်းအောင်**



# ပရိကာဆာဓာတုပစ္စည်းများ လေ့လာဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၂၇**

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ (CCDAC) နှင့် ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့ (ONCB) တို့ ပူးပေါင်း၍ ဒုတိယအကြိမ် ပရိကာဆာဓာတုပစ္စည်းများ လေ့လာဆန်းစစ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် Park Royal Hotel ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှုခင်းရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် စိုးနိုင်ဦးနှင့် ရဲအရာရှိကြီးများ၊ ထိုင်းနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးအဖွဲ့ (ONCB) ဒုတိယအထွေထွေ အတွင်းရေးမှူးချုပ် Mr. Wichai Chaim-ongkhon နှင့် တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဓာတုဗေဒစစ်ဆေးရေးဌာနမှ လေ့လာသူနှစ်ဦး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ အရာရှိများ တက်ရောက်ခဲ့ကြသည်။ အစည်းအဝေးတွင် မှုခင်းရဲတပ်ဖွဲ့ တပ်ဖွဲ့မှူးက အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုရဲ**

# ယာယီပိတ်ထားသောကျောင်းများမှ ၁၇ ကျောင်းထပ်မံဖွင့်

**တနင်္သာရီ ဩဂုတ် ၂၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း (တတိယအကြိမ်) တနင်္သာရီမြစ်ရေကြီးမှုကြောင့် ဩဂုတ် ၂၀ ရက်မှစ၍ အခြေခံပညာကျောင်းပေါင်း ၄၈ ကျောင်းကို ယာယီပိတ်ထားခဲ့ရာ ဩဂုတ် ၂၅ ရက်အထိ အထက်တန်းကျောင်းသုံးကျောင်း၊ အထက(ခွဲ)နှစ်ကျောင်း၊ အလယ်တန်းကျောင်းနှစ်ကျောင်း၊ အလက(ခွဲ) သုံးကျောင်း၊ မူလတန်းလွန်ကျောင်းလေးကျောင်း၊ မူလတန်းရှစ်ကျောင်း စုစုပေါင်း ၂၂ ကျောင်းအား ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

ယနေ့နံနက် ၉နာရီကျောင်းတက်ချိန်တွင် အထက်တန်း ကျောင်းနှစ်ကျောင်း၊ အထက(ခွဲ)တစ်ကျောင်း၊ အလယ်တန်းကျောင်းနှစ်ကျောင်း၊ အလက(ခွဲ)တစ်ကျောင်း၊ မူလွန်ကျောင်းတစ်ကျောင်းနှင့်မူလတန်း ၁၀ ကျောင်းပေါင်း ၁၇ ကျောင်းတို့အား ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် ယခုအချိန်အထိ အခြေခံပညာကျောင်းပေါင်း ၃၉ ကျောင်းအား ထပ်မံဖွင့်လှစ်သင်ကြားနိုင်ခဲ့ပြီဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

*ထင်သာမြင်သာပြုပြင်စရာ*

# လမ်းမတော်မြို့နယ်အတွင်း လူသွားလမ်းပေါ်ရှိ ရေဆင်းဖြတ်မြောင်းဖုံးများပျက်စီးနေမှု ပြင်ဆင်ပေးစေလို

လမ်းမတော်မြို့နယ်အတွင်း လမ်းသွားလမ်းလာများပြားနေသော လူသွားလမ်းအချို့ရှိ ရေဆင်းမြောင်းဖုံးများ ပျက်စီးကျိုးပဲ့နေသဖြင့် လမ်းသွားလမ်းလာများ သတိထားသွားလာနေရပြီး အလင်းရောင် အားနည်းသောညပိုင်းတွင် ပိုမိုသတိထားသွားနေရသည်ကို မြင်တွေ့ရကြောင်း အနော်ရထာလမ်းနှင့် လမ်းသစ်လမ်းထောင့်အနီးရှိ လူသွားလမ်းပေါ် မြောင်းဖုံးအပြည့်မခင်းထားသောနေရာအနီး အလုပ်လုပ်ကိုင်နေသူ တစ်ဦးက ဆိုသည်။



လမ်းမတော်မြို့နယ်အတွင်း လမ်းသွယ်အများစုတွင် နောက်ဖေးလမ်းကြားများကို ထပ်ပိုးကွန်ကရစ်ခင်းခဲ့သော်လည်း မြောင်းဖုံးများခင်းခြင်းကို အချို့နောက်ဖေးလမ်းကြားများတွင် ပြည့်စုံစွာခင်းပေးထားခြင်းမရှိသေးသည်ကို ဩဂုတ် ၂၇ ရက်အထိ မြင်တွေ့နေရဆဲဖြစ်သည်။

မဟာဗန္ဓုလလမ်းမော်တင်မှတ်တိုင်ရှိလူသွားလမ်းပေါ်မှ ရေဆင်းမြောင်းဖုံးများနှင့် အနော်ရထာလမ်းနှင့် လမ်းသစ်လမ်းထောင့်အနီး လူသွားလမ်းပေါ်မှ ရေဆင်းမြောင်းဖုံးများတွင် မြောင်းဖုံးကျောက်ပြားများ ကျိုးပဲ့ပျက်စီးနေ၍ အပိုင်းများဖြင့် ဆက်စပ်ခင်းထားခြင်း၊ မြောင်းပေါက် ဖြစ်နေခြင်းများမှာ လအတန်ကြာရှိနေဆဲဖြစ်၍ ယင်းနေရာများတွင် ဖြတ်သန်းသွားလာသူများ သတိထား ဖြတ်သန်းသွားလာနေရသည်ဟု YBS ယာဉ်လိုင်းများ စီးနင်းသွားလာနေသူ တစ်ဦးက ဆိုသည်။

အလားတူ လမ်းမတော်မြို့နယ် ၁၁လမ်းအနီး မဟာဗန္ဓုလလမ်းအထက်ခြမ်းလူသွားလမ်းပေါ်တွင် ကြမ်းခင်းတစ်ဝက်တူးဆွထားပြီး ပြန်လည်ခင်းမပေးထားသော ကွက်လပ်ရှိနေသကဲ့သို့ ယင်း ၁၁ လမ်းမဟာဗန္ဓုလလမ်း အောက်ခြမ်း မျက်စိဆေးခန်း တစ်ခန်းအနီး လူသွားလမ်းဘေးတွင် မြောင်းဖုံးမရှိ၍ အမှိုက်များ စွန့်ပစ်ထားခြင်းအပြင် မြောင်းဖုံးအခံအုတ်ရိုးတန်း တစ်ဖက်မရှိ၍ ခင်းထားသော မြောင်းဖုံးတစ်ချပ်မှာ ယင်းပေါ်နင်းမိပါက အနက်နှစ်ပေခန့်ရှိ မြောင်းအတွင်း ကျနိုင်ခြင်းတို့ကိုမြင်တွေ့ရသည်ဟု ယင်းနေရာအနီးနေထိုင်သူ တစ်ဦးက ပြောသည်။ သို့ဖြစ်၍ လမ်းမတော်မြို့နယ်အတွင်း အသွားအလာများနေသော လူသွားလမ်းပေါ်ရှိ မြောင်းဖုံးများ ကြမ်းခင်းများပြန်လည်ခင်းပေးစေလိုသည်ဟု ရပ်ကွက်နေပြည်သူများ၏ ပြောပြချက်အရ သိရှိရကြောင်း တင်ပြရပါသည်။

**ခင်ဆိုင်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းဖြေကြားစဉ်။ သတင်းစဉ်

✻ *ရှေ့စာမှ*

တည်ငြိမ်ရေး၊ ပို့ကုန်သွင်းကုန် ကိစ္စရပ်များတွင် မူဝါဒတည်ငြိမ်ရေး၊ ဆောက်လုပ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ဘဏ်ချေးငွေအတိုးနှုန်းနှင့် အခွန်နှုန်းထားများ လျှော့ချပေးရေး၊ ကွန်ဒိုမီနီယံ အဆောက်အအုံများနှင့် ပတ်သက်၍ ဝယ်ယူသူများအတွက် အခွန်နှုန်းထားများ ဖြေလျှော့ပေးနိုင်ရေး တို့နှင့်စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

**စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ UEHRD ညှိနှိုင်းရေးမှူးချုပ်တို့သည် UEHRD အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဘဏ်ဥက္ကဋ္ဌများ၊ ဝင်ငွေခွန် အများဆုံးပေးဆောင်သော အခွန်ထမ်းကြီးများ၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သော အခွန်ထမ်းကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**စကားဝိုင်းဆွေးနွေးပွဲကျင်းပ**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် UEHRD အလှူရှင်ငါးဦး၊ အခွန်ထမ်းကြီး ငါးဦးတို့၏ စကားဝိုင်းဆွေးနွေးပွဲကို မြခန်းမ၌ ကျင်းပသည်။

**ပါဝင်ဆွေးနွေး**

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်တို့ တက်ရောက်ကြပြီး UEHRD အလှူရှင်များဖြစ်ကြသော ဒေါ်နန်းခမ်းနောင့် (ကမ္ဘောဇအုပ်စု)၊ ဦးထွန်းမြင့်နိုင် (အေးရှားဝေါလ်)၊ ဦးကျော်ဝင်း(ရွှေသံလွင်)၊ ဦးဇော်ဇော် (မက်စ်)နှင့် ဦးနေအောင်(ယူနိုက်တက်အမရာဘဏ်)၊ အခွန်ထမ်းကြီးများဖြစ်ကြသည့် ဒေါက်တာ ကိုကိုကြီး (ဒိုင်းမွန်းစတား ကုမ္ပဏီလီမိတက်)၊ ဦးသန်းဝင်း (မြန်မာအီကောနောမစ်ဟိုးလ်ဒင်းလီမိတက်)၊ ဦးခင်မောင်အေး (သမဝါယမဘဏ်)၊ ဦးအောင်ကျော်ဆန်း (ဘုန်းကျော်ဆန်း ကုမ္ပဏီလီမိတက်)နှင့် ဒေါ်ဝင်းဝင်းတင့် (စီးတီးမတ်ဟိုးလ်ဒင်း ကုမ္ပဏီလီမိတက်)တို့ ပါဝင်ဆွေးနွေးကြသည်။

**စကားဝိုင်းဆွေးနွေး**

အလားတူ ပြည်ထောင်စုဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲကို နီလာခန်းမ၌ ကျင်းပသည်။

ယင်းစကားဝိုင်း ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်၊ ဦးသန်းမြင့်၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဦးဆက်အောင်၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးမင်းတို့နှင့် UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်တို့ ပါဝင်တက်ရောက်ကြပြီး စီးပွားရေးလုပ်ငန်းရှင်များ ဖြစ်ကြသော ဦးဇော်ဝင်းရှိန်၊ ဦးသိန်းထွန်း၊ ဦးမောင်ဝိတ်၊ ဦးချစ်ခိုင်၊ ဦးကိုကိုထွေး၊ ဦးရှောင်စန်း၊ ဦးလဖိုင်ခွန်ဆာ၊ ဦးအောင်မိုးကျော်၊ ဦးဇော်မင်းဝင်း၊ ဦးရန်ချင်းစိန်၊ ဦးလှမင်းတူ၊ ဦးထွန်းလွင်၊ ဦးကျော်အောင်၊ ဒေါ်ထက်ထက်ဝေနှင့် ဦးမောင်ကျေးတို့ ပါဝင်ဆွေးနွေးကြသည်။

**သိရှိလိုသည်များမေးမြန်း**

စကားဝိုင်းဆွေးနွေးပွဲတွင် စီးပွားလုပ်ငန်းရှင်များက ဘဏ်အတိုးနှုန်း လျှော့ချရေး၊ ငွေကြေးဖောင်းပွမှုနှုန်း ထိန်းချုပ်ရေး၊ ငွေကြေးလည်ပတ်မှု မှန်ကန်စေရေး၊ ပြည်ပပို့ကုန်မြင့်မားရေး၊ သွင်းကုန်အစားထိုးရေး စသည်တို့နှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**နားထောင်ရန်အသင့်ရှိ**

ဆွေးနွေးမေးမြန်းချက်များ နှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးသန်းမြင့်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီး ဦးဆက်အောင်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက ယခုဆွေးနွေးပွဲသည် ပထမဆုံးအကြိမ် ဆွေးနွေးပွဲဖြစ်သည့်အတွက် မိမိတို့အနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များ၏ စကားသံကို နားထောင်ရန် အသင့်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် တိုင်းပြည်စီးပွားရေးကို

*စာမျက်နှာ ၄ သို့*



မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း မေးမြန်းဆွေးနွေးစဉ်။ သတင်းစဉ်



MBCCD နှင့် စေပိုင်ကုမ္ပဏီမှ ဦးမောင်ဝိတ် မေးမြန်းဆွေးနွေးစဉ်။ သတင်းစဉ်



မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးရှိန်ဝင်း မေးမြန်းဆွေးနွေးစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် UEHRD အလှူရှင်ငါးဦး၊ အခွန်ထမ်းကြီး ငါးဦးတို့ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ UEHRD ညှိနှိုင်းရေးမှူးချုပ်တို့ UEHRD အလှူရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဘဏ်ဥက္ကဋ္ဌများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ UEHRD ညှိနှိုင်းရေးမှူးချုပ်တို့ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်သော အခွန်ထမ်းကြီးများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

တိုးတက်စေလိုသည့် ဆန္ဒရှိမည်ဖြစ်ပါကြောင်း၊ ဆန္ဒရှိရုံသာမက ဆန္ဒ၊ အသိပညာနှင့် ကျွမ်းကျင်မှုရှိရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း Myanmar Sustainable Development Plan ကို ရေးဆွဲပြီးဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို သိရှိလိုပါကြောင်း၊ နောင်အကြိမ်များတွင် အဖြေရအောင် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ**

ညပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-(၁)၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**





## ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။

သတင်းစဉ်

## စကားဝိုင်းဆွေးနွေး

ပြည်ထောင်စုဝန်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပစဉ်။

သတင်းစဉ်

# ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးရဖို့အတွက် ဝိုင်းပြီးတော့ကူညီကြပါ ကူညီခြင်းအားဖြင့် နိုင်ငံတိုးတက်အောင်မြင်ရေးအတွက် ဖြစ်ပါတယ်

နေပြည်တော် ဩဂုတ် ၂၇

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် အဖွင့်အမှာစကားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းဆိုတာ ကျွန်မတို့လို ဖွံ့ဖြိုးတိုးတက်စ နိုင်ငံအတွက် အင်မတန်မှ အရေးပါပါတယ်။ ဒီလို အင်မတန်မှ အရေးပါတဲ့အတွက် စီးပွားရေးလုပ်ငန်းရှင်များ အားလုံး ပါဝင်ပတ်သက်ရေး အထူးဦးစားပေးပြီး လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့အခါမှာ ဟိုဘက်ဒီဘက် အားလုံးကတော့ တာဝန်သိစိတ်ရှိရမယ်ဆိုတာကို သတိပေးချင်ပါတယ်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် အဖွင့်အမှာစကား ပြောကြားစဉ်။** သတင်းစဉ်

### ဒီမိုကရေစီနဲ့ကိုက်ညီတဲ့ စီးပွားရေးစနစ်

နိုင်ငံတစ်နိုင်ငံတိုးတက်ဖို့ဆိုတာ နိုင်ငံသူနိုင်ငံသား တစ်ဦးချင်း တစ်ဦးချင်းက တာဝန်သိဖို့ တာဝန်အရလုပ်ဆောင်ဖို့ အင်မတန်မှ အရေးကြီးပါတယ်။ စီးပွားရေးနဲ့ ပတ်သက်ရင် တချို့က အစိုးရက ဟိုဟာလုပ်မပေးဘူး။ ဒီဟာလုပ်မပေးဘူး ဆိုပြီး ပြောကြပါတယ်။ ဒီလိုဝေဖန်တဲ့အခါ လက်ခံရမှာပါ။ တစ်ချိန်တည်းမှာ စီးပွားရေးလုပ်ငန်းရှင်တွေကလည်း ကိုယ့်မှာ တာဝန်ရှိတယ်ဆိုတာကိုလည်း သတိပြုစေချင်ပါတယ်။ ကျွန်မတို့ရဲ့ဒီမိုကရေစီစနစ်တစ်ခုမှာ ပြည်သူတွေကလည်း ကိုယ့်မှာ တာဝန်ရှိတယ်၊ ကိုယ့်မှာ လုပ်နိုင်တဲ့အင်အားရှိတယ်ဆိုတာ ယုံကြည်မှ အောင်မြင်မှာ ဖြစ်ပါတယ်။ အစိုးရက အားလုံးလုပ်ပေးမယ်၊ အစိုးရကပဲ လုပ်နိုင်တယ်ဆိုရင် ဒါဟာ ဒီမိုကရေစီ မဟုတ်တော့ဘူး။ ဒီမိုကရေစီနဲ့ကိုက်ညီတဲ့ စီးပွားရေးစနစ်ဆိုတာ မသိရင် အောင်မြင်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်မတို့အားလုံး ပူးပေါင်းပြီး ဆောင်ရွက်ဖို့ ကြိုးစားတဲ့နေရာမှာ ကိုယ်ဘာလုပ်ပေးနိုင်မလဲ၊ ကိုယ့်မှာ ဘာတာဝန်ရှိသလဲဆိုတာကိုတော့ စဉ်းစားစေချင်ပါတယ်။ စီးပွားရေးဆိုတာဟာ အဂတိလိုက်စားမှု ဖြစ်နိုင်ခြေအများဆုံး နယ်ပယ်ဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဂုဏ်သိက္ခာဆိုတာက အဲဒီနိုင်ငံမှာ ဘယ်လောက်အထိ အဂတိလိုက်စားမှု ကင်းရှင်းတယ်ဆိုတဲ့ အပေါ်မှာ မူတည်ပါတယ်။

### ပြည်သူတွေကနေ ဝိုင်းပြီးပြောပြ

အဂတိလိုက်စားမှုနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နဲ့ စီးပွားရေးလုပ်ငန်းရှင်တချို့တွေ့ဆုံပြီး ဆွေးနွေးတာတွေ မကြာခင်က ရှိခဲ့ပါတယ်။ ဒီလိုဆွေးနွေးတဲ့အခါမှာ စီးပွားရေးလုပ်ငန်းရှင်တွေက မိမိတို့ရဲ့ စိုးရိမ်ပူပန်မှုတွေကို တင်ပြကြပါတယ်။ ဒီလိုတင်ပြတဲ့အချက်တွေကိုလည်း ကော်မရှင်ဥက္ကဋ္ဌက ကျွန်မတို့ကို တင်ပြလာပါတယ်။ ကြည့်လိုက်တဲ့အခါမှာ လာဘ်ပေးလာဘ်ယူနဲ့ပတ်သက်လို့ စိုးရိမ်ပူပန်မှုတွေဆိုတာ တွေ့ရပါတယ်။ ဒါလည်း ကောင်းပါတယ်။ စီးပွားရေးလုပ်ငန်းရှင်များဟာ အဂတိလိုက်စားမှုကို မနှစ်သက်ဘူးဆိုတာ ကျွန်မတို့နိုင်ငံအတွက် ကောင်းတဲ့လက္ခဏာပါပဲ။ ဒါပေမယ့် တချို့ကိစ္စတွေက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့လည်း ဆိုင်ပါတယ်။ ဥပမာအားဖြင့် လာဘ်ပေးလာဘ်ယူဆိုတာ ယူတဲ့သူပဲရှိတာမှ မဟုတ်ဘဲ။ ပေးတဲ့သူတွေလည်းရှိတာပဲ။ ပေးတဲ့သူတွေက မပေးရင် ယူတဲ့သူရှိနိုင်မလား။ တချို့ကပြောတာပေါ့ မပေးရင် အလုပ်မဖြစ်ဘူး။ တကယ်ပဲ မပေးလို့ အလုပ်မဖြစ်ရင် ကျွန်မတို့ကို တရားဝင်ပြောလို့ရပါတယ်။ တိုင်လို့ရပါတယ်။ ကျွန်မတို့ အရေးယူမှာပါ။ မသိကျိုးကျွန် လုပ်နေမှာမဟုတ်ပါဘူး။ ဒါပေမယ့် တိုင်တဲ့သူမရှိရင် ကျွန်မတို့ အရေးယူရတာ ခက်ပါတယ်။ အများအားဖြင့် ပြောကြတာက ဝန်ထမ်းတွေ အဂတိလိုက်စားမှု များတယ်၊ ဘာလုပ်နေတယ်ဆိုတာ အစိုးရအနေနဲ့ အားလုံးသိဖို့ တကယ်တော့ မဖြစ်နိုင်ပါဘူး။ ပြည်သူတွေကနေ ဝိုင်းပြီးပြောပြမှ သိရမှာပါ။ စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့လည်း ဒီအချက်နဲ့ ပတ်သက်လို့လည်း ကူညီစေချင်ပါတယ်။

### ယုံကြည်စွာနဲ့ ရင်းနှီးမြှုပ်နှံ

ပထမဦးဆုံး ကျွန်မတို့နိုင်ငံဟာ စီးပွားရေးအရ အဂတိလိုက်စားမှုကင်းရှင်းလာမယ်ဆိုရင် ကမ္ဘာကနေပြီး ကျွန်မတို့နိုင်ငံကို ယုံကြည်စွာနဲ့ ရင်းနှီးမြှုပ်နှံချင်တဲ့စိတ်တွေ ဖြစ်လာမှာပါ။ တင်ဒါကိစ္စနဲ့ပတ်သက်လို့ အထူးသဖြင့် တိုင်တာတွေ ပါပါတယ်။ တင်ဒါကိစ္စနဲ့ပတ်သက်လို့ မမှန်မကန်လုပ်တာတွေရှိတယ်။ ဒါကလည်း လာဘ်ပေးလာဘ်ယူနဲ့ ဆက်နွှယ်နေတော့ ဒီလိုရှိတယ်ဆိုရင် ကျွန်မတို့ကို အသိပေးစေချင်ပါတယ်။ တင်ဒါနဲ့ပတ်သက်လို့ကတော့ ကျွန်မတို့ရဲ့ စိန်ခေါ်မှုကြီးတစ်ခုပါပဲ။ ကျွန်မတို့ရဲ့နိုင်ငံမှာ စီမံကိန်းတွေ ပြီးသင့်တဲ့အချိန်မှာ မပြီးရတဲ့အကြောင်းအရင်းက ဘာလဲဆိုတာ ပြန်ကြည့်လိုက်တော့ တင်ဒါကိစ္စတွေ နှေးကွေးနေခြင်းပဲ ဖြစ်ပါတယ်။

### စီးပွားရေးလုပ်ငန်းရှင်များ ဝိုင်းပြီးကူညီ

ဒါကြောင့် အစိုးရဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများဘက်ကနေပြီး တင်ဒါလုပ်ငန်းတွေကို မြန်မြန်ဆန်ဆန်ပြီးမြောက်ရေး ဦးစားပေးပြီး ဆောင်ရွက်နေပါတယ်။ ဘယ်လိုလုပ်ရမယ်ဆိုတာကို သေချာချပေးပါတယ်။ ပိုပြီးတော့ ကျစ်လျစ်ခိုင်မာပြည့်စုံအောင် ညွှန်ကြားချက်တွေ ထုတ်ပါတယ်။ တစ်ဖက်ကလည်း ကျွန်မတို့ရဲ့စီးပွားရေးလုပ်ငန်းရှင်များဟာ ဝိုင်းပြီးကူညီစေချင်ပါတယ်။ မမှန်မကန် လုပ်နေတာတွေရှိရင် မကျေမနပ်ဖြစ်နေရုံနဲ့ မပြီးပါနဲ့။ ကျွန်မတို့ကို အသိပေးပါ။ ဘယ်သူ၊ ဘယ်ဌာန၊ ဘယ်လိုလုပ်ပါတယ်ဆိုတာ တိတိကျကျ အသိပေးပါ။ ကျွန်မတို့ စောင့်ပြီး အရေးယူပါ့မယ်။ ဒီလိုအရေးယူလိုက်ပြီဆိုရင် တဖြည်းဖြည်း ပျောက်သွားမှာပါ။ ကျွန်မကတော့ မြန်မြန်ပျောက်သွားစေချင်ပါတယ်။ တင်ဒါလုပ်ငန်းကိုပြောရတာက ကျွန်မတို့နိုင်ငံရဲ့စီးပွားရေး မြန်မြန်ဆန်ဆန်ပြီးမြောက်ရေးမှာ တင်ဒါတွေနှေးကွေးခြင်းနဲ့ တင်ဒါတွေနဲ့ပတ်သက်လို့ မမှန်မကန်လုပ်နေတာတွေ ရှိတယ်ဆိုတာ တိုင်ကြားတာတွေ များလွန်းတော့ ဒါဟာလည်း အဂတိလိုက်စားမှုနဲ့ ဆက်နွှယ်နေတာ ဖြစ်ပါတယ်။

### ပိတ်ဆို့နေမှုမဖြစ်အောင် စီစဉ်နေ

နောက်တစ်ခုက ကျွန်မတို့နိုင်ငံမှာ မလိုအပ်တဲ့ ကြိုးနီစနစ်တွေရှိတယ်။ လုပ်ရတဲ့အဆင့်တွေ သိပ်များတယ်ဆိုပြီး UMFCCI ကနေ မကြာခင်ကထွက်လာတဲ့ တင်ပြချက်ထဲမှာ ဒါလည်းပါပါတယ်။ ဒါကြောင့် ဒီလိုဟာတွေကို လျှော့ပေးဖို့ မြန်မြန်ဆန်ဆန် အလုပ်တစ်ခုကို ပြီးမြောက်နိုင်အောင် လုပ်ပေးဖို့ တင်ပြတာပါပါတယ်။ ဒါကြောင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ MIC ကနေ မြန်မြန်ဆန်ဆန် အလုပ်တွေပြီးနိုင်ဖို့ အထူးအလေးထားပြီး ဆောင်ရွက်နေပါတယ်။ အရင်တုန်းကလို ကိစ္စတစ်ခုပြီးဖို့ အကြာကြီး စောင့်ရတာမျိုးမဟုတ်ဘဲနဲ့ မလိုအပ်တဲ့အဆင့်တွေမှာ ပိတ်ဆို့နေမှု မဖြစ်အောင် ကျွန်မတို့ စီစဉ်နေပါတယ်။ ဘယ်နေရာမှာ အတစ်အဆို့တွေဖြစ်နေတယ်ဆိုတာကိုလည်း ကျွန်မတို့ကို အသိပေးသောအားဖြင့် ကူညီပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

### ဟန်ချက်ညီတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုစီမံချက်

ကျွန်မတို့သိမှ တချို့ကိစ္စတွေကို ပြုပြင်ပေးနိုင်မှာပါ။ တချို့ကိစ္စတွေကလည်း မသိတာတွေရှိပါတယ်။ အားလုံးကိုသိဖို့ဆိုတာတော့ ခက်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ စီးပွားရေးတိုးတက်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။ နိုင်ငံရေးဘက်ကလည်း အရေးကြီးပါတယ်။ ကမ္ဘာတစ်ဝန်းကို လှည့်ကြည့်ရင် တကယ့်အင်အားက အခုခေတ်မှာဆိုရင် ဓနအင်အားဖြစ်နေပါတယ်။ ကျွန်မတို့ဟာ ကမ္ဘာ့စင်မြင့်ပေါ်မှာ နိုင်ငံရေးသြဇာ နည်းပါးခြင်းဟာ ကျွန်မတို့ ဓနအင်အားနည်းပါးခြင်းနဲ့လည်း ဆက်စပ်နေပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံရဲ့ လူအင်အား၊ ဉာဏ်အင်အား၊ သြဇာအင်အား တက်လာဖို့ ကျွန်မတို့စီးပွားရေးလုပ်ငန်းရှင်များက ကူညီပေးစေချင်ပါတယ်။ ကျွန်မတို့အားလုံးကနေပြီး ဘယ်လိုကူညီရမလဲဆိုတာ ပိုပြီး ရှင်းရှင်းလင်းလင်း သိနိုင်အောင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု စီမံချက်ကို ၂၀၁၈ ကနေပြီး ၂၀၃၀ အထိ မှန်းထားပါတယ်။

### အရည်အချင်းနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေ

အဲဒီစီမံကိန်းဟာ ကျွန်မတို့နိုင်ငံ တစ်နိုင်ငံလုံး ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ ဟန်ချက်ညီပြီး တိုးတက်ဖို့ ဖြစ်ပါတယ်။ ကျွန်မတို့ စီးပွားရေးလောကထဲမှာ ပညာရှိတွေ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ အရည်အချင်းနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်တွေလိုပါတယ်။ အဲဒါက ပညာရေးကဏ္ဍနဲ့ပဲ ဆိုင်ပါတယ်။ နောက်ပြီးတော့ ကျန်းမာရေးကဏ္ဍမှာ ကျွန်မတို့ပြည်သူလူထုက ဘယ်လောက်ပဲ ဉာဏ်ထက်ထက်၊ ဘယ်လောက်ပဲ ပညာတွေရှိရှိ မကျန်းမာလို့ အလုပ်မလုပ်နိုင်ရင်လည်း အလကားပါပဲ။ ဒါကြောင့် ကျွန်မတို့ဟာ ကျန်းမာရေးကဏ္ဍကိုလည်း ကြည့်ရပါတယ်။

### ပူးပေါင်းဆောင်ရွက်မှု အားနည်း

ကျွန်မတို့နိုင်ငံရဲ့ လိုအပ်ချက်တွေဟာ ဘာတွေက ဘယ်ဟာကို ဦးစားပေးရမလဲဆိုတာ ဒါတွေအားလုံးကို Myanmar Sustainable Development Plan ကနေ ကြည့်ပြီး အားလုံးဝိုင်းကူညီပံ့ပိုးနိုင်အောင် ချထားပေးတဲ့ စီမံကိန်းဖြစ်ပါတယ်။ ဒီစီမံကိန်းကလည်း မကြာခင် စပြီး အကောင်အထည်ဖော်ဖို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကျွန်မတို့ ဒီစီမံကိန်းထဲမှာဆိုရင် NECC အကြောင်း ပြောချင်ပါတယ်။ NECC ဟာ ကျွန်မတို့ အစိုးရတာဝန်မယူခင်ကတည်းက ကြားသိရတာ ဘာလဲဆိုတော့ မြန်မာနိုင်ငံမှာ စီးပွားရေးတိုးတက်ဖို့အတွက် အကြီးဆုံးအဟန့်အတားဟာ ဌာနများအကြား ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရနဲ့ ဗဟိုအကြား၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရ အချင်းချင်းအကြား ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းပါပဲ။ ဒီလိုပူးပေါင်းဆောင်ရွက်မှု အားနည်းတာတွေကြောင့် စီးပွားရေးဟာ တိုးတက်သင့်သလောက် မတိုးတက်ဘူးဆိုပြီး တော်တော်များများက ဒီအချက်ကို ဝေဖန်ပါတယ်။

ဒါပေမယ့် ကျွန်မတို့အစိုးရ တာဝန်ယူပြီးတာနဲ့ ချက်ချင်းပဲ ဒီလိုပူးပေါင်းဆောင်ရွက်တာကို အားပေးချင်တဲ့အတွက် NECC ကိုဖွဲ့လိုက်တာပါ။ ဒီလိုဖွဲ့လိုက်တဲ့နောက်မှာ ကျွန်မတို့ ထင်သလောက် မြန်မြန်ဆန်ဆန် တိုးတက်မှုမရှိပေမယ့် မကြာမီကာလကစပြီး အရှိန်အဟုန်မြှင့်ပြီး အလုပ်ဖြစ်လာတာကို သတိပြုမိပါတယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေလည်း နည်းနည်းလေ့လာမယ်ဆိုရင် သတိပြုမိမယ်လို့ ထင်ပါတယ်။ ဒီလိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်မှုမရှိဘဲနဲ့ ကျွန်မတို့နိုင်ငံက တိုးတက်သင့်သလောက် တိုးတက်မှာ မဟုတ်ပါဘူး။ NECC ကနေ ဦးဆောင်ပြီး အကောင်အထည်ဖော်ပြီဆိုရင် အစိုးရက ခေါ်တဲ့ စီမံကိန်းတွေလည်း ဖြစ်နိုင်တယ်။ အစိုးရကနေပြီး ဌာနတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေက အဆိုပြုတဲ့ စီမံကိန်းတွေလည်း ဖြစ်နိုင်တယ်။ ပုဂ္ဂလိကပိုင်းဆိုင်ရာ အဆိုပြုတဲ့ စီမံကိန်းတွေလည်း ဖြစ်နိုင်တယ်။ ဒါတွေကို ကျွန်မတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘယ်ဟာတွေက အလိုအပ်ဆုံးလဲဆိုတာကို သုံးသပ်ပြီးတော့ အကောင်အထည်ဖော်မှာပါ။

### နိုင်ငံတိုးတက်ဖို့အတွက် လက်တွဲပြီးတော့လုပ်ဖို့လို

ကျွန်မတို့ရဲ့စီးပွားရေးလုပ်ငန်းရှင်တွေ ချမ်းသာလာတာကို ကြိုက်ပါတယ်။ ချမ်းသာတဲ့ပုဂ္ဂိုလ်တွေ ကျွန်မတို့နိုင်ငံမှာ ရှိမှ ကောင်းမှာပါ။ ကျွန်မတို့နိုင်ငံ တိုးတက်ဖို့အတွက် အားလုံး ညီညီညွတ်ညွတ်နဲ့ လက်တွဲပြီးတော့ လုပ်ဖို့လိုပါတယ်။

ကျွန်မတို့ ဒီအချိန်မှာ ရှေ့ကိုတက်ဖို့ တစ်ယောက်နဲ့ တစ်ယောက် ယုံယုံကြည်ကြည်နဲ့ တစ်ယောက်ပေါ်တစ်ယောက် သစ္စာစောင့်သိဖို့ပဲ၊ သစ္စာစောင့်တယ်ဆိုတာ နောက်ဆုံးကျ

*စာမျက်နှာ ၆ သို့*

**“စီးပွားရေးနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်က တတ်နိုင်သလောက် ကြိုးစားပါမယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း ဝိုင်းပြီးတော့ ကြိုးစားပေးကြပါ။ ပထမကတော့ ကျွန်မတို့နိုင်ငံဟာ အဂတိလိုက်စားမှုကင်းရှင်းတဲ့ စီးပွားရေးနယ်ပယ်ဖြစ်ဖို့ သိပ်အရေးကြီးပါတယ်။ ဒါမှလည်း ပြည်ပက ယုံကြည်မှုရှိမယ်၊ လေးစားမှုရှိမယ်၊ တကယ် နာမည်ကောင်းရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဟာလည်း ဒီနိုင်ငံမှာဝင်ပြီးတော့ ရင်းနှီးချင်မယ်၊ ဒီနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ပူးတွဲပြီးလုပ်ချင်မယ်။ အဲဒီအတွက် ဝိုင်းပြီးတော့ကူညီပေးပါ”**

*စာမျက်နှာ ၅ မှ*

တော့ နိုင်ငံအပေါ်မှာ သစ္စာစောင့်တာဖြစ်ပါတယ်။ သစ္စာစောင့်ပြီး လက်တွဲလုပ်သွားမယ်ဆိုရင် မတိုးတက်နိုင်စရာအကြောင်းမရှိပါဘူး။ တချို့ကတော့ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျွန်မတို့အစိုးရကို မအောင်မြင်စေချင်ဘူး။ ဒီလိုစိတ်မျိုးတွေ မထားသင့်ပါဘူး။ ကျွန်မတို့အစိုးရ အောင်မြင်ဖို့လုပ်နေတာ မဟုတ်ပါဘူး၊ နိုင်ငံအောင်မြင်ဖို့ လုပ်နေတာဖြစ်ပါတယ်။ နိုင်ငံအောင်မြင်ရင် ကျွန်မတို့ အစိုးရအောင်မြင်တယ်။ နိုင်ငံမအောင်မြင်ဘဲနဲ့ ကျွန်မတို့အစိုးရ အောင်မြင်တယ်လို့ ပြောလို့မရပါဘူး။

**မှန်မှန်ကန်ကန်သိဖို့လို**

အစိုးရကို မအောင်မြင်အောင် လုပ်တယ်ဆိုတာဟာ တစ်နည်းအားဖြင့် နိုင်ငံကို မအောင်မြင်အောင်လုပ်တာပဲဖြစ်ပါတယ်။ အောင်မြင်တယ်ဆိုတာဘာလဲဆိုတာ မှန်မှန်ကန်ကန် သိဖို့လိုပါတယ်။ အောင်မြင်တယ်ဆိုတာ ကျွန်မတို့အစိုးရအဖွဲ့ဝင်တွေ ချမ်းသာလာအောင် ပြောတာမဟုတ်ပါဘူး။ ပြည်သူလူထု ချမ်းသာလာအောင် ပြောတာဖြစ်ပါတယ်။ ကျွန်မတို့အစိုးရအတွက် လုပ်ဖို့ကိုင်ဖို့ မလွယ်ဘူးပြောတာမဟုတ်ပါဘူး။ ပြည်သူလူထုအတွက် လုပ်ရကိုင်ရ၊ နေရထိုင်ရတာ ချောမွေ့ဖို့အတွက် ပြောတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံအောင်မြင်ဖို့အတွက် ဝိုင်းဝန်းပြီးတော့ ကူညီကြပါ။ အတိတ်ကိုကြည့်ပြီးတော့ ဘယ်သူကိုတော့ ဘယ်လိုအငြိုးအတေးနဲ့ ဆက်ဆံမယ်ဆိုတဲ့စိတ် မရှိပါဘူး။ ကျွန်မတို့အစိုးရဟာ ဘယ်စီးပွားရေးလုပ်ငန်းရှင်ကိုမှ အတိတ်ကကိစ္စတွေနဲ့ တွဲကြည့်ပြီးတော့ သုံးသပ်တာမရှိပါဘူး။ အတိတ်က အတိတ်ပဲ၊ ပစ္စုပ္ပန်က အရေးအကြီးဆုံးပဲ။ အခုပစ္စုပ္ပန်မှာ ဘယ်လိုလုပ်နေကြတယ်၊ ဘယ်ကိုဦးတည်နေကြတယ်၊ နိုင်ငံတိုးတက်ရေးအတွက် ဘာတွေထောက်ပံ့နေကြသလဲ၊ အဲဒါကို အဓိကကြည့်တာဖြစ်ပါတယ်။

**ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို အဓိကထား**

နိုင်ငံတိုးတက်ရေးအတွက် ဘာတွေထောက်ပံ့နေကြသလဲဆိုတဲ့ဟာကို ကြည့်တဲ့နေရာမှာ အရေးကြီးတာက ငြိမ်းချမ်းရေးပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးပဲဖြစ်ပါတယ်။ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာ တည်ငြိမ်ရေးပဲဖြစ်ပါတယ်။ ကျွန်မတို့အချင်းချင်း မတည့်ကြရင် ဒီနိုင်ငံက ဘယ်လိုမှတည်ငြိမ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်မတို့ဟာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို အဓိကထားပြီး ဆောင်ရွက်တဲ့နေရာမှာ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အကူအညီတွေကို အများကြီးလိုအပ်ပါတယ်။

တစ်ချိန်တည်းမှာပဲ ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ ကျွန်မတို့ နိုင်ငံရေးဖြစ်စဉ်အတွက် ကျွန်မတို့ ရခိုင်ပြည်နယ်က ပြဿနာတွေကို ဖြေရှင်းဖို့အတွက် ကျွန်မတို့ ပြည်သူပြည်သားတွေအားလုံးကို မေတ္တာရပ်ခံလိုက်တဲ့အခါမှာ စီးပွားရေးလုပ်ငန်းရှင်ကြီးများက ရှေ့ကနေပြီး ဝိုင်းဝန်းပြီး ကူညီထောက်ပံ့တာအတွက်လည်း ကျေးဇူးတင်ပါတယ်။ ဒီလို လုပ်တာကို တချို့က အံ့အားသင့်တယ်၊ ကမ္ဘာက အံ့အားသင့်ကြတယ်။ သူတို့နိုင်ငံမှာ စီးပွားရေးလုပ်ငန်းရှင်တွေကရော သာမန်ပြည်သူတွေကရော အားလုံးဝိုင်းဝန်းပြီးတော့ ကူညီကြပါလားဆိုတာကို ကမ္ဘာက တအံ့တသြဖြစ်ကြတယ်။ ဒါက ကျွန်မတို့နိုင်ငံရဲ့အားသာချက်ဖြစ်ပါတယ်။ ကျွန်မတို့ NRPC ကို စပြီး တည်ထောင်လိုက်ပြီး ငြိမ်းချမ်းရေးအတွက် ဝိုင်းဝန်းပြီးတော့ ပံ့ပိုးကြပါလို့ မေတ္တာရပ်ခံလိုက်တဲ့အခါမှာ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေသာမက သာမန်ပြည်သူတွေကလည်း တတ်နိုင်သလောက် ကူညီပေးတဲ့အလှူရှင်တွေ ရှိပါတယ်။

အဲဒီလို တတ်နိုင်သလောက် လာလှူတဲ့အလှူရှင်တွေရဲ့ ကဏ္ဍက သန်းနဲ့ချီပြီးလှူတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ကဏ္ဍထက် ပိုပြီးတော့ သေးငယ်တာ မဟုတ်ပါဘူး။ အတူတူပါပဲ။ ကျွန်မတို့ ပြည်သူပြည်သားများရဲ့စေတနာနဲ့ ပြည်သူပြည်သားများ နိုင်ငံအတွက် တကယ် လုပ်ပေးချင်တဲ့စိတ်ဓာတ်ဟာ အားလုံးတူညီတာတွေ ရှိပါတယ်။ တကယ်လက်တွေ့ကျကျမှာ စီးပွားရေးလုပ်ငန်းရှင်တွေ လုပ်ပေးတာကတော့ ပိုပြီးတော့ ထိရောက်တယ်လို့ ပြောရမှာပါ။

**ကမ္ဘာတစ်ဝန်းလုံးက အာရုံစိုက်နေ**

နောက်ပြီး ရခိုင်ပြည်နယ်နဲ့ ပတ်သက်လို့လည်း ဒီလိုပါပဲ။ ရခိုင်ပြည်နယ် အခြေအနေ ပိုပြီးကောင်းအောင်လုပ်တာလည်း ငွေရေးကြေးရေးအရ လိုအပ်တာတွေရှိတဲ့အခါကျတော့ ကျွန်မတို့ စီးပွားရေးလုပ်ငန်းရှင်ကြီးတွေကို မေတ္တာရပ်ခံတဲ့အခါမှာ ဝိုင်းဝန်းပြီးတော့ ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီလိုပဲ ဆက်ပြီးတော့ လုပ်သွားမယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ မလွဲမသွေ တိုးတက်မှာပါ။ အခုအချိန်မှာတောင်မှ ဒီလောက်ပြဿနာတွေရှိနေတဲ့အထဲက ကျွန်မတို့နိုင်ငံလောက် ပြဿနာရှုပ်ထွေးတဲ့နိုင်ငံ ကမ္ဘာမှာ သိပ်မများပါဘူး။ နှစ်ပေါင်းများစွာကြာလာပြီဖြစ်တဲ့ ပြည်တွင်းစစ်ကို ငြိမ်းချမ်းအောင်၊ ပြည်တွင်းစစ် အေးချမ်းသွားအောင် ကျွန်မတို့ ကြိုးစားနေရတယ်။ ရခိုင်ကိစ္စမှာလည်း ကမ္ဘာတစ်ဝန်းလုံးကနေပြီး အာရုံစိုက်နေလို့ ကျွန်မတို့ကလည်း တတ်နိုင်သလောက် အမြန်ဆုံးပြေလည်အောင်လည်း လုပ်ရပါတယ်။ ဒီလို အခက်အခဲတွေကြားထဲကနေပြီးတော့ အောင်မြင်ဖို့ဆိုတာဟာ ကျွန်မတို့အချင်းချင်း ညီညွတ်ဖို့၊ ကျွန်မတို့အားလုံး လက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားဖို့ဆိုတာ အင်မတန်မှ အရေးကြီးပါတယ်။

**လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံ**

ဒါကတော့ ကျွန်မတို့ နိုင်ငံရေးအရပါ။ နောက်ကျွန်မတို့ စီးပွားရေးအရ သက်သက်ပြောရမယ့် ကိစ္စတစ်ခုကတော့ ကျွန်မတို့ရဲ့လယ်ယာစိုက်ပျိုးရေးကဏ္ဍပါ။ ကျွန်မတို့ နိုင်ငံဟာ အခုထိ လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့နိုင်ငံပဲ ဖြစ်ပါတယ်။ ပြည်သူလူထု ၇၀ ရာခိုင်နှုန်းလောက်ဟာ ကျေးလက်တောရွာမှာ နေထိုင်သူတွေဖြစ်ပါတယ်။ အခုဆိုရင် ပို၍ပို၍ ကျေးလက်တောရွာက ပြည်သူတွေဟာ မြို့တွေကိုတက်ပြီးတော့ အလုပ်ရှာတဲ့အခြေအနေတွေ ဖြစ်လာပါတယ်။ တစ်ဖက်က ကြည့်လိုက်မယ်ဆိုရင် မြို့တွေထဲမှာ အလုပ်ရှိလို့ အလုပ်လာရှာတာပဲလို့ ပြောလို့ရပေမယ့် ကျွန်မတို့ ရေရှည်ရည်မှန်းချက်တစ်ခု ရှိဖို့တော့လိုပါတယ်။

ကျွန်မတို့နိုင်ငံဟာ ဘယ်လိုနိုင်ငံမျိုးဖြစ်စေချင်သလဲဆိုတော့ ရေရှည်ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံမျိုးဖြစ်စေချင်တယ်။ ကျွန်မကတော့ လက်တွေ့ကျကျ အားလုံးကိုစဉ်းစားစေချင်တယ်။ ကျွန်မတို့ပြည်သူလူထုအားလုံး အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်တွေ၊ စီးပွားရေးမှာ ထဲထဲဝင်ဝင် အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဟာ ဒီနိုင်ငံကို ဘယ်လိုနိုင်ငံမျိုးဖြစ်စေချင်သလဲဆိုတာကို စဉ်းစားဖို့လိုပါတယ်။ စီးပွားရေးပုံစံအရ ဘယ်လိုပုံစံနဲ့ နိုင်ငံမျိုးဖြစ်စေချင်သလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။

**စားနပ်ရိက္ခာလုံခြုံမှုဟာ အရေးကြီး**

အဲဒီလို စဉ်းစားတဲ့နေရာမှာ လက်တွေ့ကျကျကြည့်မယ်ဆိုရင် နိုင်ငံရဲ့လယ်ယာကို အခြေခံတဲ့အနေအထားအရ၊ နောက်တစ်ခုက ၂၁ ရာစုနှစ် နောက်ပိုင်းမှာ ပို၍ပို၍ စားနပ်ရိက္ခာ လုံခြုံမှုဟာ အရေးကြီးလာတယ်ဆိုတဲ့ သုံးသပ်ချက်အရ ကျွန်မတို့နိုင်ငံကို လယ်ယာစိုက်ပျိုးရေးကို အခြေခံတဲ့ ခေတ်မီစက်မှုနိုင်ငံဖြစ်အောင် လုပ်လို့မရဘူးလား၊ ဒီလိုလုပ်မယ်ဆိုရင် စီးပွားရေးလုပ်ငန်းရှင်တွေက အစကတည်းက စီမံကိန်းချပြီးတော့ လုပ်ရမယ်။ လယ်ယာစိုက်ပျိုးရေး တိုးတက်မှုနဲ့ စက်မှုကဏ္ဍတိုးတက်မှု ဒီလိုချိတ်ဆက်ပြီးတော့ လုပ်ရမယ်။ အဲဒီထဲကနေပြီးတော့ စီးပွားရေးအောင်မြင်အောင် ဘယ်လိုလုပ်မလဲဆိုတာကို စဉ်းစားစေချင်ပါတယ်။

အရင်တုန်းကဆိုရင် ဒီလိုလုပ်ငန်းတွေ မရှိခဲ့ပါဘူး။ လယ်ယာစိုက်ပျိုးရေးကို အခြေခံပြီးတော့ စီးပွားရေးလုပ်ငန်းရှင်ကြီးများဟာ ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် လယ်ယာကဏ္ဍကို စက်မှုတိုးတက်ရေးကဏ္ဍနဲ့ ချိတ်ဆက်တဲ့အစီအစဉ်တွေဆိုတာဟာ အရင်တုန်းကတော့ မရှိခဲ့ပါဘူး။ ဒါပေမယ့်လည်း အခုအချိန်မှာ ဒီလိုစဉ်းစားပြီးတော့ အကောင်အထည်ဖော်ပေးစေချင်ပါတယ်။ အဲဒီတော့ ဒီလိုအသစ်အဆန်း တီထွင်မှုတွေကို စဉ်းစားမယ်ဆိုရင် လူငယ်တွေကို ကျွန်မပြောချင်ပါတယ်။

**အားနည်းတဲ့ပညာရေးစနစ်ကြားထဲကနေ ရုန်းကန်**

ဟိုတစ်နေ့ကဆိုရင် ကျွန်မတို့ အဆင့်မြင့်ပညာဖွံ့ဖြိုးတိုးတက်ရေး နှီးနှောဖလှယ်ပွဲကို သွားခဲ့ပါတယ်။ သွားခဲ့တဲ့အခါကျတော့ လူငယ်များဟာ သူတို့တီထွင်ထားတဲ့ သူတို့ရဲ့ကိုယ်ပိုင်ဉာဏ်နဲ့ သူတို့ရဲ့ သုတေသနလုပ်ထားမှုကနေပြီးတော့ ထွက်ပေါ်လာတဲ့ တီထွင်ထားတဲ့ ပစ္စည်းလေးတွေ ပြသထားပါတယ်။ အဲဒီဟာတွေကို တွေ့ရတဲ့အခါကျတော့ ကျွန်မ အင်မတန်မှ အားတက်ပါတယ်။ တကယ်ပဲ ကျွန်မတို့ရဲ့ကလေးတွေဟာ မရှိမဲ့ရှိမဲ့ပစ္စည်းလေးတွေနဲ့ အားနည်းတဲ့ပညာရေးစနစ်ကြားထဲကနေ ရုန်းကန်ပြီးတော့ ဒီလိုတီထွင်ဉာဏ်တွေနဲ့ လုပ်တာကို စီးပွားရေးလုပ်ငန်းရှင်တွေက အားပေးစေချင်တယ်။ နှစ်မျိုးအားပေးစေချင်ပါတယ်။ သုတေသနလုပ်ငန်းတွေထဲမှာ ရင်းနှီးမြှုပ်နှံပေးရမယ်။ နောက်ပြီးတော့ ဒီလိုကလေးတွေ လုပ်လိုက်တဲ့၊ တီထွင်လိုက်တဲ့ အရာလေးတွေဟာ စီးပွားဖြစ် ဘယ်လိုသုံးနိုင်မလဲဆိုတာကို စဉ်းစားရပါမယ်။ အဲဒါမျိုး လုပ်စေချင်ပါတယ်။ ကျွန်မတို့သိရသလောက် တချို့ဟာတွေက တော်တော်အလားအလာကောင်းတယ်လို့ ကျွန်မထင်ပါတယ်။ သို့သော်ငြားလည်း မသေသပ်ဘူး။ မသေသပ်တဲ့ အကြောင်းကတော့ နှစ်ကြောင်းရှိတယ်။ အခြေခံအားဖြင့် လိုအပ်တဲ့ပစ္စည်းတွေ ကျွန်မတို့ ကလေးတွေမှာ လုံလုံလောက်လောက် မရှိဘူး။

**မိတ်ဆွေနိုင်ငံတွေက ကူညီ**

ကလေးတွေဟာ သေသေသပ်သပ်လုပ်နိုင်တဲ့ အရည်အချင်းမရှိသေးပေမယ့် ဒါကတော့ သိပ်ပြီးစိတ်မပူရဘူး။ ကူညီချင်တဲ့ မိတ်ဆွေနိုင်ငံတွေက ကူညီလို့ရပါတယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများဟာ ကလေးတွေရဲ့ ဉာဏ်စွမ်းအားကို မြှင့်တင်ပေးကြပါလို့ တိုက်တွန်းချင်ပါတယ်။ ပညာရေးဝန်ကြီးဌာနနဲ့ ချိတ်ဆက်ပြီးတော့ သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ပြီးတော့ သုတေသနကို အားပေးခြင်းအားဖြင့် ကိုယ့်ရဲ့လုပ်ငန်းအောင်မြင်ခြင်းကိုလည်း တိုးတက်အောင်လုပ်ကြပါ။

**ပူးပေါင်းဆောင်ရွက်ရေးကို အားပေး**

စီးပွားရေးနဲ့ပတ်သက်ပြီးတော့ နိုင်ငံတော်က တတ်နိုင်သလောက်ကြိုးစားပါမယ်။ စီးပွားရေးလုပ်ငန်းရှင်ကြီးများကလည်း ဝိုင်းပြီးတော့ကြိုးစားပေးကြပါ။ ပထမကတော့ ကျွန်မတို့နိုင်ငံဟာ အဂတိလိုက်စားမှုကင်းရှင်းတဲ့ စီးပွားရေးနယ်ပယ်ဖြစ်ဖို့ သိပ်အရေးကြီးပါတယ်။ ဒါမှလည်း ပြည်ပကယုံကြည်မှုရှိမယ်၊ လေးစားမှုရှိမယ်၊ တကယ်နာမည်ကောင်းရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေဟာလည်း ဒီနိုင်ငံမှာဝင်ပြီးတော့ ရင်းနှီးချင်မယ်၊ ဒီနိုင်ငံက စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ပူးတွဲပြီး လုပ်ချင်မယ်။ အဲဒီအတွက် ဝိုင်းပြီးတော့ကူညီပေးပါ။ မိမိတို့ဝိုင်းပြီးတော့ ပူးပေါင်းဆောင်ရွက်ရေးကို အားပေးမယ်။ ပူးပေါင်းဆောင်ရွက်ရေးဆိုတာ အစိုးရနဲ့ ပုဂ္ဂလိကကဏ္ဍ၊ ဗဟိုအစိုးရနဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ပူးပေါင်းဆောင်ရွက်ရေးကို အားပေးပါ။

**ရေရှည်ထိန်းသိမ်းထားနိုင်တဲ့ စီးပွားရေး**

NECC ကနေပြီးတော့ ကြိုးစားနေတဲ့ လုပ်ငန်းတွေကိုလည်း ဝိုင်းပြီးတော့ ကူညီပေးပါ။ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ တစ်နှစ်အတွက် နှစ်နှစ်အတွက်ဆိုရင်တော့ အလကားပါပဲ။ ငါးနှစ်အတွက်ဆိုရင်တောင် သိပ်ပြီးတော့ အဓိပ္ပာယ်မရှိဘူး။ ရေရှည် ဖွံ့ဖြိုးတိုးတက်နိုင်ရမယ်။ ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်ပြီးတော့ ထိန်းသိမ်းထားရမယ်။ ဆက်လက်ပြီး ရေရှည်ထိန်းသိမ်းထားနိုင်တဲ့ စီးပွားရေးတိုးတက်စေတဲ့စနစ်မျိုးတစ်ခုကို ဝိုင်းဝန်းပြီး ကူညီပြီးတော့ အကောင်အထည်ဖော်ပေးပါ။ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

**MIC ဆီကို တိုက်ရိုက်အကြံပြု**

ကျွန်မတို့ကို ပွင့်ပွင့်လင်းလင်း စေတနာကို အရင်းခံပြီးတော့ အကြံပေးပါ၊ အကြံပြုပါ။ သက်ဆိုင်တဲ့ဝန်ကြီးဌာနတွေကို တိုက်ရိုက်အကြံပြုတာတော့ အကောင်းဆုံးပါပဲ။ စီမံ/ဘဏ္ဍာနဲ့ပတ်သက်တာဆိုရင် စီမံ/ဘဏ္ဍာကို တိုက်ရိုက်အကြံပြုရင် မြန်မြန်ဆန်ဆန်ပြီးပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်တဲ့ကိစ္စဆိုရင် MIC ဆီကို တိုက်ရိုက်အကြံပြုတာက အလုပ်ကို မြန်မြန်ဆန်ဆန်ပြီးစေပါတယ်။ စိုက်ပျိုးရေးနဲ့ဆိုင်ရင် စိုက်ပျိုးရေးဌာန၊ စက်မှုနဲ့ဆိုင်ရင် စက်မှု၊ စီးပွား/ကူးသန်းနဲ့ဆိုင်ရင် စီးပွား/ကူးသန်း၊ သက်ဆိုင်ရာဌာနတွေကို တိုက်ရိုက်ချိတ်ဆက်ထိတွေ့ပြီးတော့ အကြံပေးတာ အကောင်းဆုံးပါပဲ။ ဘဏ်တွေနဲ့ပတ်သက်လို့လည်း စီးပွားရေးလုပ်ငန်းရှင်တွေက တင်ပြတာရှိပါတယ်။ ဘဏ်တွေကို လုပ်ပိုင်ခွင့်တွေ ပိုပြီးတော့ ပေးစေချင်တယ်။

ဘဏ်တွေဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုထဲမှာ ထဲထဲဝင်ဝင် ပါလာစေချင်တယ်ဆိုပြီးတော့ အကြံပြုချက်တွေရှိပါတယ်။ အားလုံးဝိုင်းဝန်းပြီးတော့ ဖြစ်မြောက်အောင်လို့ ကြိုးစားပါ့မယ်။ လူတိုင်းလူတိုင်းမှာ လုပ်ပေးနိုင်တဲ့ အရည်အချင်းရှိသလို လူတိုင်းလူတိုင်းမှာ လုပ်ပေးရမယ့်တာဝန်လည်း ရှိပါတယ်။ အရေးကြီးတာကတော့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးပဲဖြစ်ပါတယ်။ နိုင်ငံမှာ ငြိမ်းချမ်းရေးရဖို့အတွက် တည်ငြိမ်ရေးရဖို့အတွက် ဝိုင်းပြီးတော့ကူညီကြပါ။ ကူညီခြင်းအားဖြင့် နိုင်ငံ့ရဲ့တိုးတက်ရေးအတွက် နိုင်ငံ့ရဲ့အောင်မြင်ရေးအတွက် ဖြစ်ပါတယ်။ အစိုးရ တိုးတက်အောင်မြင်ရေးအတွက် မဟုတ်ပါဘူး။

**စိတ်ဓာတ်အင်အားနဲ့ရပ်တည်**

အရေးကြီးတာကတော့ နိုင်ငံအောင်မြင်ဖို့၊ နိုင်ငံတိုးတက်ဖို့၊ ကျွန်မတို့ပြည်သူလူထု ပိုပြီးတော့ ဘဝတွေကောင်းလာဖို့၊ ကမ္ဘာ့အလယ်မှာ တင့်တင့်တယ်တယ် နိုင်ငံတစ်ခုအနေနဲ့ ရပ်တည်နိုင်ဖို့၊ အဲဒီလိုလုပ်နိုင်ဖို့ဆိုတာ ခနအင်အား လိုကိုလိုပါတယ်။ ခနအင်အားရှိသင့်သလောက်မရှိသေးတဲ့အချိန်မှာ စိတ်ဓာတ်အင်အားနဲ့၊ ညီညွတ်မှုအင်အားနဲ့ ရပ်တည်သွားရမှာပါ။ ဒီအချိန်မှာ စီးပွားရေးလုပ်ငန်းရှင်များအားလုံးဟာ နိုင်ငံ့အတွက် ကိုယ့်မှာရှိတဲ့စေတနာနဲ့၊ စိတ်ဓာတ်အင်အားနဲ့၊ ညီညွတ်မှုအင်အားနဲ့တင်မက ဉာဏ်ပညာအင်အားနဲ့ရပ်တည်ပေးကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။ ဉာဏ်ပညာအင်အားဆိုတာ နိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ခိုင်မြဲအောင်၊ ဘယ်လိုလုပ်ရမလဲဆိုတဲ့ အဖြေကိုရအောင် ဉာဏ်ပညာသုံးပြီးတော့ ကူညီကြပါလို့ မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်အပ်ပါတယ်။ ။

# လွှတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ မြန်မာနိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် ဖွဲ့စည်းခဲ့သည့် လွှတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ ဖိလစ်ပိုင်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်း၊ ကုလသမဂ္ဂ CEDAW ကော်မတီ၏ ဥက္ကဋ္ဌဟောင်းနှင့် လက်ရှိအဖွဲ့ဝင်ဖြစ်သူ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလို သည် ယနေ့ညနေ ၄ နာရီ မိနစ် ၄၀ က မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာသည်။ **(ယာပုံ)**

လွှတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌအား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်း၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အလားတူ ကော်မရှင်အဖွဲ့ဝင် လူသားချင်းစာနာထောက်ထားမှုကိစ္စရပ်များဆိုင်ရာ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်နှင့် အရေးပေါ်ကယ်ဆယ်ရေး ညှိနှိုင်းရေးမှူးဟောင်း ကုလသမဂ္ဂဆိုင်ရာ ဂျပန်အမြဲတမ်းကိုယ်စားလှယ်ဟောင်း သံအမတ်ကြီး ကင်ဇိုအိုရှီးမား သည်လည်း ဩဂုတ် ၂၈ ရက် ညနေပိုင်းတွင် မြန်မာနိုင်ငံသို့ လေကြောင်းခရီးဖြင့် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၂၇**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿကမ်းခြေ မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားကမ်းခြေအနီးတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၂၇**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၃ ရက် မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**




## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် စပ်လျဉ်းသည့် ပြည်သူ့ငွေ စာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ ဆွေးနွေး

အစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာနှင့် စပ်လျဉ်းသည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အမှတ်စဉ် ၇/၂၀၁၈ ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချိုက ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တွင်ပါဝင်သည့် ဌာနများအနေဖြင့် စီမံကိန်းများကို တိတိကျကျ အကောင်အထည်မဖော်ဘဲ တင်းကျပ်မှုများလျော့နည်းသည့်အတွက် ပြည်သူ့ဘဏ္ဍာငွေများလေလွင့်မှု ဖြစ်နေရသည့်အကြောင်းများထဲမှ ဘက်ညီစွာ ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ကုမ္ပဏီ၏ဆောင်ရွက်ချက်များအပေါ် ထိထိရောက်ရောက် စိစစ်ကြီးကြပ်နိုင်သောအဖွဲ့ ဖွဲ့စည်းပြီး မူဝါဒနည်းလမ်းများ ချမှတ်ဆောင်ရွက်နိုင်ခြင်းမရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ရသင့်ရထိုက်သော အကျိုးအမြတ်များဆုံးရှုံးခဲ့ရသည့် မိမိ၏မဲဆန္ဒနယ်မှ မင်းရဲသီဟိုဠ်ခြံနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုပါကြောင်း။

အုတ်တွင်းမြို့နယ် မင်းရဲသီဟိုဠ်ခြံ ဖက်စပ်ဆောင်ရွက်သည့်လုပ်ငန်းကို စိုက်ပျိုးရေးဦးစီးဌာနနှင့် မြန်မာပလန်တေးရှင်း စင်ကာပူလီမိတက်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ စာချုပ်ပါလုပ်ငန်းများကို ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဧက ၄၅၀၀ အား ပြန်လည်အပ်နှံခဲ့ပြီး ကျန်ဧက ၂၇၀၀ အနက် ၁၇၉၄ ဒသမ ၅ ဧကကိုသာ စိုက်ပျိုးနိုင်ပြီး ၉၀၁ ဧကသာ သီဟိုဠ်စေ့ကောက်ယူသည့်လုပ်ငန်းဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်းကို ဖော်ပြထားပါကြောင်း၊ စီမံကိန်းကို ၁၉၉၇ ခုနှစ်ကတည်းက စတင်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ပြန်အပ်သည့်အချိန်အထိ မြေဧက ၇၂၀၀ အပေါ် နိုင်ငံတော်အနေဖြင့် ဝင်ငွေရမည်ဖြစ်သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုအများအပြားလုပ်ထားသော်လည်း မည်သည့်အကျိုးအမြတ်မှမရခဲ့သည်ကို တွေ့ရှိရ၍ အရှုံးများသာ ဖြစ်စေခဲ့ပါကြောင်း။

## နိုင်ငံအတွက် ဝင်ငွေများစွာရရှိမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ များစွာရရှိမည်

ရင်းနှီးမှုများ အပြည့်အဝမထည့်သည့်လုပ်ငန်းများသည် အောင်မြင်မှုမရှိသကဲ့သို့ မအောင်မြင်သည့်လုပ်ငန်းအတွက်လည်း သက်ဆိုင်ရာဦးစီးဌာနမှ လုပ်ငန်းကို စိစစ်သုံးသပ်မှုမပြုလုပ်ခဲ့ကြောင်းကို သိသာစေပါကြောင်း၊ သက်ဆိုင်ရာကုမ္ပဏီနှင့် သက်ဆိုင်ရာဌာနက အပြည့်အဝမလုပ်နိုင်ခြင်းသည် လုပ်ငန်းစတင်ဆောင်ရွက်စဉ်က လျော့ရဲစွာဆောင်ရွက်ခဲ့သည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း၊ စာချုပ်ပါ စည်းကမ်းအတိုင်းသာ ဆောင်ရွက်နိုင်ခဲ့မည်ဆိုလျှင် သီဟိုဠ်စေ့မျိုးကောင်းမျိုးသန့်များရရှိပြီး နိုင်ငံအတွက် ဝင်ငွေများစွာရရှိမည်ဖြစ်သကဲ့သို့ ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းများ များစွာရရှိမည်ဖြစ်ပါကြောင်း၊ ဌာနဝန်ထမ်းများအနေဖြင့် လည်း နည်းပညာများစွာ ရရှိမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း သေချာပြန်လည်သုံးသပ်ရန်လိုအပ်ပြီး နိုင်ငံတော်အတွက် ဝင်ငွေရရှိရန် မည်သို့ဆောင်ရွက်သွားမည်ကို အစိုးရသို့ပြန်လည်တင်ပြသင့်ပါကြောင်း အကြံပြုဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း (ခေါ်) ဒေါက်တာအားကာမိုးက စာရင်းစစ်ချုပ်၏ အစီရင်ခံစာတွင် MICA လွှဲပြောင်းရယူခဲ့သည့် လုပ်ငန်း ၆၅ ခု အနက် ၂၃ ခု သာဆောင်ရွက်ခဲ့ပါကြောင်း၊ ယင်း ၂၃ ခုထဲတွင် ၁၆ ခုသည် MICAအနေဖြင့် စာချုပ်ချုပ်ပြီး ခုနှစ်ခုကို ဌာနအနေဖြင့် စာချုပ်ချုပ်ထားသည်ကို ကော်မတီ၏ စိစစ်တွေ့ရှိချက်တွင် ဖော်ပြထားပါကြောင်း၊ ယင်းအတွက် ဌာနနှင့် MICA၏ ရှုပ်ထွေးမှုကို တွေ့ရမည်ဖြစ်ပါကြောင်း၊ တာဝန်ရှိသူများက လှေနံနှစ်ဖက် နင်းနေသယောင် ဖြစ်ပါကြောင်း၊ တာဝန်ရှိသူနှင့် လုပ်ငန်းရှင်ပူးပေါင်းပြီး နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းကို လုပ်နေသယောင်ဖြစ်ပါကြောင်း။

MICA ဖျက်သိမ်းရေးအစီအစဉ်သည် ယခုအချိန်တွင် တစ်နှစ်ခွဲကြာပြီဖြစ်သည့်အတွက် နိုင်ငံတော်၏ အရင်းအမြစ်များက လေလွင့်ဆုံးရှုံးနေပါကြောင်း၊ အချိန်ကန့်သတ်မှုမရှိသည့်အတွက် ထိထိရောက်ရောက် အရေးမယူနိုင်ခြင်း ဖြစ်နေပါကြောင်း၊ ဖျက်သိမ်းရှင်းလင်းရေးကော်မတီဖွဲ့စည်းသည်မှအစ ကြီးကြပ်မှုအားနည်းသည်ဟု ယူဆပါကြောင်း၊ ထို့ကြောင့် MICA ဖျက်သိမ်းရှင်းလင်းခြင်းနှင့် ရှေ့ဆက်လုပ်ဆောင်မည့်လုပ်ငန်းစဉ်များကို စာရင်းစစ်ချုပ်၏ အကြံပြုချက်အတိုင်း တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ ဘဏ္ဍာရေးစည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် စနစ်တကျဆက်လက်ဆောင်ရွက်ရန်နှင့် အဂတိတရားမကင်းသော လုပ်ဆောင်မှုများအပေါ် ထိထိရောက်ရောက်အရေးယူနိုင်ရန် ရှိ၊ မရှိနှင့် မည်သို့ အရေးယူဆောင်ရွက်မည်ကို သိလိုပါကြောင်း ဆွေးနွေးသည်။

လှိုင်းဘွဲ့ မဲဆန္ဒနယ်မှ ဦးခင်ချိုက စီမံကိန်းအကောင်အထည်ဖော်မှုအပေါ် လေ့လာကြည့်သည့်အခါ လယ်ယာ၊ စက်မှု၊ ဝန်ဆောင်မှုကဏ္ဍကြီး သုံးခုလုံး လျာထားချက်မပြည့်သည်ကိုတွေ့ရပါကြောင်း၊ ကဏ္ဍငယ် ၁၄ တွင် လျှပ်စစ်၊ ငွေကြေး၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍ လေးခုသာ လျာထားချက်ပြည့်သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၅-၂၀၁၆ တွင် ကဏ္ဍငယ်ကိုးခု လျာထားချက်ဖြင့် ဆောင်ရွက်ခဲ့သောကြောင့် ကဏ္ဍငယ်ငါးခု လျော့သွားသည်ကို တွေ့ရပါကြောင်း၊ ကဏ္ဍအလိုက်အားနည်းချက်များရှာ၍ ပြုပြင်သင့်ကြောင်းကို အကြံပြုလိုပါကြောင်း။

ပို့ကုန်နှင့် သွင်းကုန်ကို လေ့လာကြည့်မည်ဆိုပါက ၂၀၁၅-၂၀၁၆ တွင် ပို့ကုန်၊ သွင်းကုန်ပမာဏ နှစ်မျိုးလုံး အနည်းငယ်တိုးလာပြီး ကုန်သွယ်မှုလိုငွေအနေဖြင့် ၂၀၁၅-၂၀၁၆ တွင် အမေရိကန်ဒေါ်လာ ၅၄၄၁ သန်းရှိပြီး ၂၀၁၆-၂၀၁၇ တွင် ၅၂၅၉ ဒသမ ၅ သန်းရှိ၍ အနည်းငယ်လျော့သွားသည်ကို တွေ့ရပြီး ပို့ကုန်မြှင့်တင်နိုင်မှုအနေဖြင့် ပို့ကုန် ခြောက်မျိုးတွင် ငါးနှစ်တာကာလအတွင်း သိသိသာသာတိုး၍ မပို့နိုင်သည့်အပြင် ရေနံထွက်ပစ္စည်းသည် သိသိသာသာကျသွားသည်ကို တွေ့ရပါကြောင်း၊ ပို့ကုန်ကဏ္ဍ သိသိသာသာတိုးလာမှသာ ကုန်သွယ်မှုလိုငွေလျော့ကျလာနိုင်မည်ဖြစ်သောကြောင့် ဈေးကွက်ရှာဖွေရေး၊ ဈေးကွက်၏ လိုအပ်သည့်ပို့ကုန်ပြည့်ပြည့်ဝဝထုတ်လုပ်တင်ပို့နိုင်ရေးသည် နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍ နှစ်ခုလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မည်ဟု ယူဆပါကြောင်း။

ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ထောက်ပံ့ရာတွင် တစ်နှစ်ထက်တစ်နှစ်ပိုတိုးလာသောကြောင့် ၂၀၁၁-၂၀၁၂ ၏ ၁၀ ဆခန့် တိုးလာသည်ကိုတွေ့ရပါကြောင်း၊ ထောက်ပံ့ငွေများ ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးတွင် ပိုငွေဖြစ်ပေါ်ရန် စုစုပေါင်းပိုလျှံငွေ ၁၅၄ ဒသမ ၇၆ ဘီလီယံရှိသည်ကို တွေ့ရှိရပါကြောင်း၊ ဆင်းရဲပြီး ဝင်ငွေရှာဖွေရန် ခက်ခဲသည့် ပြည်နယ်များမှလွဲ၍ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် မိမိခြေထောက်ပေါ် ရပ်တည်နိုင်အောင် ကြိုးစားကြခြင်းအားဖြင့် ပြည်ထောင်စု၏ဝန်ထုပ်ဝန်ပိုးကို လျှော့ချနိုင်လာမည်ကို အကြံပြုလိုပါကြောင်း ဆွေးနွေးသည်။

ချောက် မဲဆန္ဒနယ်မှ ဦးဘိုကြီးက ဝန်ကြီးဌာနအလိုက် အဖွဲ့အစည်းများမှနေ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ တွေ့ရှိချက်၊ သုံးသပ်ချက်များအတွက် အားနည်းချက်များအပေါ် အရေးယူဆောင်ရွက်နေမှုနှင့် လိုအပ်ချက်များပြင်ဆင်ဆောင်ရွက်ပြီးစီးမှုများကို ပြည်သူများသိမြင်စေရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြလိုပါကြောင်း၊ သို့မှသာ ဘဏ္ဍာငွေယိုဖိတ်မှုများ လျော့နည်းသွားမည်ဟု ထင်မြင်မိပါကြောင်း၊ အစီရင်ခံစာတွင် ဝန်ကြီးဌာနများ၏ အဖွဲ့အစည်းအားလုံးအတွက် စစ်ဆေးချက်များကို အပြည့်အစုံစိစစ်ပြီး တင်ပြသင့်ပါကြောင်း၊ ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ ပြည်ထောင်စု စာရင်းစစ်ချုပ် နှစ်ချုပ်အစီရင်ခံစာကို တစ်နှစ်လျှင် တစ်ကြိမ်သာ စုပေါင်းအစီရင်ခံစာအစားအဖွဲ့အစည်းဌာနငယ်များအတွက် တစ်ကြိမ်၊ ဌာနကြီးများကို စုစည်းပြီး ခွဲခြား၍ နှစ်ကြိမ် စုစုပေါင်း သုံးကြိမ် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာများ တင်ပြပေးရန် အကြံပြုတင်ပြလိုပါကြောင်း။

## Other Account ဖွင့်လှစ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ အကြံပြုဆွေးနွေး

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ အခြားရန်ပုံငွေစာရင်းများ Other Account ဖွင့်လှစ်ဆောင်ရွက်မှုနှင့် ပတ်သက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အစီရင်ခံစာတွင် ဘဏ္ဍာငွေစီမံခန့်ခွဲမှုအဆင့်ဆင့်ပြောင်းလဲကျင့်သုံးလာမှုကို စိစစ်ရာ၌ ၂၀၁၆-၂၀၁၇ အထိ အချို့သော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်၊ ကြွေးမြီအသုံးစရိတ်များကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ ကျခံနေဆဲဖြစ်သည့်အပြင် အမြတ်ရရှိသော လုပ်ငန်းများမှလည်း လုံးလုံးလျားလျား မိမိကိုယ်တိုင် ဘဏ္ဍာရန်ပုံငွေအဖြစ် ရပ်တည်နိုင်ခြင်းမရှိသေးကြောင်း သုံးသပ်တွေ့ရှိရသည်ဟု ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မိမိခြေထောက်အပေါ် ရပ်မည်ဆိုသည့် အနေအထားမှ ခိုင်မာကျစ်လျစ်သည့် အစိုးရဖြစ်ပေါ်စေရန် Other Account စာရင်းများကို ဖွင့်လှစ်ထားခြင်းအတွက် စဉ်းစားပေးရန် ဆန္ဒရှိသည်ဟု သိရှိရပါကြောင်း၊ ပထမအကြိမ် လွှတ်တော်ကာလအတွင်း ဌာနအချို့မှ ဖျက်သိမ်းရန် ခက်ခဲသည်ဆိုသည့် အကြောင်းပြချက်များကို ယခုဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကို အသေးစိတ်ပြန်လည်တင်ပြစေပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များ၊ ပြည်သူများ၏ အသံကိုနားထောင်ကာ Other Account များကို ဆက်လက်ဖွင့်လှစ်သင့်၊ မသင့် ဆွေးနွေးရန် အကြံပြုဆွေးနွေးသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းက အစီရင်ခံစာပါ MICA ဖျက်သိမ်းရေးကိစ္စများနှင့်စပ်လျဉ်း၍ မြန်မာ နိုင်ငံတကာပူးပေါင်းဆက်သွယ်ရေးအေဂျင်စီ (MICA)၏ တာဝန်ရှိသူများသည် တင်ဒါအဖွဲ့ဆိုသည်ကို ဟန်ပြဖွဲ့စည်းပြီး ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်ချက်နှင့် လုပ်ငန်းတင်ဒါခေါ်ယူခဲ့ပါကြောင်း၊ MICA ဆောင်ရွက်သည့် လုပ်ငန်း ၁၂ ခု စာချုပ်ချုပ်ဆိုရာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၅(ဂ) ပုဒ်မ ၃၆၊ ၃၇ တို့ကို လိုက်နာမှုမရှိခြင်း၊ မြေငှားရမ်းနှုန်းထားများ နည်းပါးလွန်းနေခြင်း၊ မြေငှားရမ်းခြင်းနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ MICA ထံသို့ တင်ပြမထားခြင်းစသည့် အားနည်းချက်များစွာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အကြံပြုချက်များအပြင် ဥပဒေအရ အရေးယူထိုက်သည်ကို ထိရောက်စွာ အရေးယူသင့်ကြောင်း တိုက်တွန်းတင်ပြလိုပါကြောင်း။

## နယ်စပ်ခြံစည်းရိုးကာရံခြင်းကိစ္စသည် နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အရေးတကြီးဂရုစိုက်သင့်

First Golden Dragon Construction Co.,Ltd နှင့် ပတ်သက်၍ ရန်ကုန်စည်ပင် (YCDC) ကော်မတီအနေဖြင့် ခွင့်ပြုမိန့်ကို လျင်မြန်စွာချပေးခြင်းဖြင့် လုပ်ငန်းပိုင်ရှင်၊ နိုင်ငံတော်နှင့် မှီခိုလုပ်သားများ အကျိုးပိုမိုရှိနိုင်ကြောင်း အကြံပြုတင်ပြလိုပါကြောင်း၊ ပြည်ထဲရေးလက်အောက် မြန်မာ- ဘင်္ဂလားဒေ့ရှ် နယ်စပ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းနှင့် ပတ်သက်၍ ပြည်ထောင်စုစာရင်းချုပ်ရုံးမှ အကြံပြုသကဲ့သို့ နယ်စပ်ခြံစည်းရိုးကာရံခြင်းကိစ္စသည် နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် အရေးတကြီးဂရုစိုက်သင့်ပါကြောင်း၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်သာမက မြန်မာ- တရုတ်၊ မြန်မာ- ထိုင်းတို့ကိုလည်း အာရုံစိုက် အလေးပေးသင့်ပါကြောင်း၊ မောင်တောဂိတ်တစ်ဖက်မှ ထူးခြားဖြစ်စဉ်ကို တာဝန်ရှိ ဝန်ကြီးဌာနအနေဖြင့် စူးစမ်းလေ့လာမှု ပြုလုပ်သင့်ပါကြောင်း ဆွေးနွေးသည်။

အဆိုပါ အစီရင်ခံစာ အမှတ်စဉ် ၇/၂၀၁၈ နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင်၊ ကျောက်တံတား မဲဆန္ဒနယ်မှ နေမျိုးထက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ ပြင်ဦးလွင် မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ မော်လိုက် မဲဆန္ဒနယ်မှ ဒေါ်ချိုချိုဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်မှ ဦးသန့်ဇင်ထွန်း၊ ကျောက်ပန်းတောင်း မဲဆန္ဒနယ်မှ ဦးရွှေကို၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၊ ဆော မဲဆန္ဒနယ်မှ ဦးကျော်တင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၊ သရက် မဲဆန္ဒနယ်မှ ဦးကံမြင့်၊ မအူပင် မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်၊ မံစီမဲဆန္ဒနယ်မှ ဦးချင်းဖေလင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါက်တာဦးကြွယ်ကြွယ်၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါက်တာမောင်မောင်၊ ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ စဉ့်ကူး မဲဆန္ဒနယ်မှ ဒေါက်တာဇော်ဝင်းမြင့်၊ စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၊ ပွင့်ဖြူ မဲဆန္ဒနယ်မှ ဦးထွန်းထွန်း၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ ပုလဲ မဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဥက္ကာမင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးနေထက်ဝင်းနှင့် သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်ဇင်တို့က ဆက်လက်ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဩဂုတ် ၂၈ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေး ရန်ပုံငွေပေးအပ်

**ရန်ကုန် သြဂုတ် ၂၇**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝဏ်ဘာလမ်းရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်၍ အလှူငွေများ လက်ခံသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်းက ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်ထူထောင်ရေးရန်ပုံငွေ ပေးအပ်လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် သာကေတမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ခွဲကိုယ်စား ဥက္ကဋ္ဌ ဦးချစ်ကိုကိုက အလှူငွေကျပ် ၁၀ သိန်း၊ ဗီဒီယိုအခြေခံ အဖွဲ့(ဗဟို)ကိုယ်စား ရန်ကုန်တိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ အတွင်းရေးမှူး ဦးတင်မိုးက ကျပ်သိန်း ၄၀၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကိုယ်စား နာယက ဦးအောင်လွင်၊ ဥက္ကဋ္ဌ ဦးဇင်ဝိုင်း နှင့် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းတို့က ကျပ်သိန်း ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်လောကသားများအနေဖြင့် အများပြည်သူတို့ ဘေးဒုက္ခကြုံတွေ့တိုင်း ကူညီလှူဒါန်းမှုများ ပြုလုပ်လေ့ရှိပါကြောင်း၊ ယခုအခါ ရုပ်ရှင်အစည်းအရုံး၏ ဦးဆောင်မှုဖြင့် ဗီဒီယိုအခြေခံအဖွဲ့ အဆင့်ဆင့်နှင့် ရုပ်ရှင်လောကသားများ စုပေါင်း၍ ရေဘေးသင့်ပြည်သူများ၏ အခက်အခဲများကို သိရှိနားလည်ဂရုပြုပြီး ကိုယ်ချင်းစာစိတ်ဖြင့် အလှူငွေပေးအပ်သည် ဟု မြင်ပါကြောင်း၊ ထိုကဲ့သို့ ရေဘေးသင့်ပြည်သူများအတွက် ထပ်တူထပ်မျှခံစားမှုဖြင့် လှူဒါန်းမှု၏ အကျိုးရလဒ်အဖြစ် ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

အဆိုပါ အလှူငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများ၊ အမှုဆောင်များ၊ ဗီဒီယိုအခြေခံအဖွဲ့ခွဲများမှ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် ရန်ပုံငွေပေးအပ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မှဒိတာစကား ပြောကြားစဉ်။

# မြန်မာနိုင်ငံရဲ့ စီးပွားရေးအပေါ်မှာ ယုံကြည်ပြီးတော့ မြန်မာနိုင်ငံစီးပွားရေးကို ပိုမိုတိုးတက်အောင်လို့ အစိုးရဘက်ကရော စီးပွားရေးလုပ်ငန်းရှင်တွေဘက်ကရော အဘက်ဘက်က ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ မြင်ပါတယ်။

**ဒုတိယဝန်ကြီး ဦးအောင်ထူး**



ဒုတိယဝန်ကြီး ဦးအောင်ထူး



ဒေါက်တာ အောင်ထွန်းသက်



ဦးခင်မောင်အေး



ဦးညိုမြင့်



ဒေါ်ဝင်းဝင်းတင်

## တွေ့ဆုံမေးမြန်း-ဇင်ဦး-ခင်ရတနာ၊ ဓာတ်ပုံ-သီဟစည်သူ

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားကို သြဂုတ် ၂၇ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၁ (MICC-I) ၌ ကျင်းပခဲ့ရာ ပုဂ္ဂလိကစီးပွားရေးကဏ္ဍမှ စီးပွားရေးလုပ်ငန်းရှင်များ၊ အခွန်ထမ်းများ၊ UEHRD မှ အလှူရှင်များနှင့် ဘဏ်ဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြသည်။ ယနေ့တွေ့ဆုံပွဲနှင့်ပတ်သက်၍ အစိုးရအဖွဲ့မှ တာဝန်ရှိသူအချို့နှင့် အခမ်းအနားသို့ တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်အချို့တို့နှင့် မြန်မာ့အလင်းသတင်းအဖွဲ့ တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည် -**

**ဒုတိယဝန်ကြီး ဦးအောင်ထူး**

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

ဒီနေ့အခမ်းအနားကတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးလုပ်ငန်းတွေနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကိုယ်တိုင်ကနေပြီးတော့ သက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်တွေ၊ အခွန် ထမ်းတွေ၊ UEHRD မှာ အလှူထည့်ဝင်တဲ့ ပုဂ္ဂိုလ်တွေ၊ ဘဏ်ဥက္ကဋ္ဌတွေ၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းတွေက ခေါင်းဆောင်တွေ တွေ့ဆုံတဲ့ အစည်းအဝေးပါပဲ။ အဓိက ကတော့ သက်ဆိုင်ရာ မြန်မာနိုင်ငံမှာရှိတဲ့ ပုဂ္ဂလိက စီးပွားရေး ခေါင်းဆောင်တွေက သူတို့ရဲ့လိုလားချက်တွေ၊ သူတို့ရဲ့အကြံပြုချက်တွေနားထောင်ဖို့ရယ်၊ သူတို့ သိလိုတဲ့အချက်အလက်တွေကို ပြန်ပြီးတော့ ဖြေကြားပေးဖို့ပါ။ ကျွန်တော် စီးပွားရေးစကားဝိုင်းတုန်းကလည်း ပြောပြီးပါပြီ၊ မြန်မာနိုင်ငံရဲ့ စီးပွားရေး ဟာ တိုးတက်နေပါတယ်။ ဒါပေမယ့်တိုးတက်တာကတော့ ဒီထက်တော့နည်းနည်းလေးပိုမြန်ဖို့ကောင်းပါတယ်။

ဘာကြောင့်လဲဆိုရင် ဒီအရှေ့တောင်အာရှဒေသမှာ ကျွန်တော်တို့ထက်မြင့်တာဆိုရင် ဗီယက်နမ်တို့၊ ကမ္ဘောဒီးယားတို့ ကျွန်တော်တို့နဲ့တန်းတူတာဆိုရင် လာအိုတို့ရှိနေတယ်။ ဒီနှုန်းတွေထက်ပိုတက်နိုင်လို့ရှိရင် ပိုကောင်းတာပေါ့။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ရဲ့တစ်ဦးချင်းဝင်ငွေက ကျန်တဲ့ နိုင်ငံတွေထက် နည်းနည်းလေးနိမ့်နေသေးတယ်ဆိုတော့ မြန်မာနိုင်ငံရဲ့စီးပွားရေးက တိုးတက်နေတယ်၊ ဒါပေမယ့် ဒီထက် ပိုတိုးတက်ဖို့တော့ လိုအပ်နေပါသေးတယ်။ အဲဒီလို လိုအပ်တဲ့အတွက် အခုက စီးပွားရေးနဲ့ပတ်သက်တဲ့ စုစည်းလှုပ်ရှားမှုတစ်ခုပါ။ တကယ်တမ်းကျတော့ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့တွေ့ဆုံပွဲတစ်ခု ပြုလုပ်ခဲ့ဖူးပါတယ်။ ဒါပေမယ့်လို့ ပုံမှန်အနေနဲ့ မပြုလုပ်နိုင်ခဲ့တဲ့အခါကျတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဒုတိယသမ္မတ ဦးမြင့်ဆွေကို တာဝန်ပေးခဲ့တယ်။ ဒုတိယသမ္မတ ဦးမြင့်ဆွေနဲ့ ပုဂ္ဂလိက ကဏ္ဍ ထိတွေ့မှုတွေကတော့ UMFCCI အသင်းမှာသာ လစဉ်ပြုလုပ်နေတာဖြစ်ပါတယ်။ အခုဆိုရင် ၁၉ ကြိမ်အထိ ရောက်ခဲ့ပြီဖြစ်ပါတယ်။ အဲဒီလို တွေ့ဆုံမှုတွေ ပြုလုပ်ခဲ့ပြီး အခုတစ်နှစ်ကျော် အကြာမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် တွေ့ဆုံခြင်းဖြစ်ပါတယ်။

ဒေါ်လာဈေးတက်တာကတော့ အမေရိကန်နိုင်ငံရဲ့ စီးပွားရေးကြောင့်ပေါ့။ ဒါလည်း အရင်ကလည်း ဖြစ်ခဲ့ဖူးပါတယ်။ အမေရိကန်ဒေါ်လာရဲ့တန်ဖိုးကတက်လာတဲ့အခါ နှိုင်းယှဉ်ခြင်းအားဖြင့် ကျန်တဲ့နိုင်ငံတွေရဲ့ငွေကြေးတန်ဖိုးတွေက ကျသွားတာ ဖြစ်ပါတယ်။ ကျတဲ့အခါ အချိုးကတော့ သိပ်မညီကြဘူး။ တချို့လေးရာခိုင်နှုန်းလောက်ကျတယ်။ တချို့က ခုနစ်ရာခိုင်နှုန်းလောက်ကျတယ်။ တချို့က ၁၀ ရာခိုင်နှုန်းလောက်ကျတယ်။ အဲဒါကလည်း သက်ဆိုင်ရာနိုင်ငံရဲ့အရန်ငွေကြေးပမာဏနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာ မူတည်ပါတယ်။ အားကောင်းတဲ့ နိုင်ငံတွေမှာ သိပ်ပြီးတော့ မသိသာဘူး။ ဥပမာ - ထိုင်းနိုင်ငံမှာဆိုရင် ထိုင်းဘတ်က သိပ်ပြီးတော့ ပြဿနာမရှိဘူး။ သူကပိုပြီးတောင် တန်ဖိုးတက်လာတဲ့သဘောရှိတယ်။ အင်ဒိုနီးရှားနိုင်ငံမှာဆိုရင် ငွေတန်ဖိုးဟာ ခုနစ်ရာခိုင်နှုန်းလောက်ကျသွားတာ တွေ့ရပါတယ်။ အဲဒီမှာလည်း သူတို့ရဲ့ သမ္မတက စီးပွားရေးလုပ်ငန်းရှင်ကြီးတွေကို တွေ့ဆုံပြီးတော့ ဒါကို ကူညီဖြေရှင်းဖို့ အကူအညီ တောင်းခံတာရှိပါတယ်။

**ဦးညိုမြင့်**

အားလုံးတော့ ဒီနေ့တွေ့ဆုံပွဲကို လာတာ အယောက် ၁၈၀ ကျော်ရှိပါတယ်။ သူတို့တွေက မြန်မာနိုင်ငံမှာတော့ ပုဂ္ဂလိကစီးပွားရေး ခေါင်းဆောင်တွေလို့ ပြောလို့ရပါတယ်။ ရလဒ်အနေနဲ့ကတော့ စီးပွားရေးအင်အားစုတွေကို စုစည်းမှုလို့ ခေါ်ပါတယ်။ အဲဒီကနေပြီးတော့ သဘောထားတူညီမှုတစ်ခုရမယ်လို့ ထင်ပါတယ်။ အဲဒီ သဘောထားတူညီမှုကတော့ မြန်မာနိုင်ငံရဲ့ စီးပွားရေးအပေါ်မှာ ယုံကြည်ပြီးတော့ မြန်မာနိုင်ငံစီးပွားရေးကို ပိုမိုတိုးတက်အောင်လို့ အစိုးရဘက်ကရော စီးပွားရေးလုပ်ငန်းရှင်တွေဘက်ကပါ အဘက်ဘက်က ပူးပေါင်းဆောင်ရွက်နိုင်မယ်လို့ မြင်ပါတယ်။

**ဒေါက်တာအောင်ထွန်းသက်**

**UEHRD ညှိနှိုင်းရေးမှူးချုပ်**

ကျွန်တော်တို့ အခြေခံကတော့ ဒီနိုင်ငံတစ်နိုင်ငံစီးပွားရေးနဲ့ပတ်သက်လာရင် အရေးပါတဲ့ကဏ္ဍကတော့ နိုင်ငံတော်အစိုးရဆိုပေမယ့် လက်တွေ့ကျကျလုပ်တာက ပုဂ္ဂလိကကဏ္ဍပေါ့။ ပုဂ္ဂလိက ကဏ္ဍကို ဒီနေ့ခေါ်ယူတွေ့ပေးတာ တကယ်တမ်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ ဖြစ်ချင်တဲ့ Vision ကို ကိုယ့်နိုင်ငံ ဘယ်ပုံဘယ်နည်းတိုးတက်ချင်တယ်ဆိုတာရယ်၊ အဲဒီလို တိုးတက်တဲ့အခါမှာ နိုင်ငံတော်အစိုးရကလည်း ဦးဆောင်သလို ပုဂ္ဂလိက ကဏ္ဍကလည်းပါဖို့လိုတယ်။ အဲဒီတော့ ကျွန်တော့်မျှော်လင့်ချက်ကတော့ ပုဂ္ဂလိကကဏ္ဍကို အားပေးတာဖြစ်ပါတယ်။

**ဦးခင်မောင်အေး**

**ဒေါ်ဝင်းဝင်းတင်**

တည့်တည့်ပြောရရင် သူဌေးတွေရှိမှ ဖြစ်မှာပါ။ ကျွန်တော်တို့နိုင်ငံမှာသူဌေးတွေ၊ လုပ်ငန်းရှင်တွေများများရှိရင် အလုပ်တွေရှိမယ်။ အလုပ်တွေရှိရင် အလုပ်သမားတွေရှိမယ်။ ကိုယ့်နိုင်ငံမှာအခုဆိုရင် အခွင့်အလမ်းတွေ အများကြီးပဲ။ အခက်အခဲ စိန်ခေါ်မှုတွေရှိတာက တစ်ပိုင်း၊ အဲဒီတော့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အနေနဲ့ အားပေးတာဖြစ်ပါတယ်။ အစိုးရနဲ့ ပုဂ္ဂလိက ကဏ္ဍလက်တွဲ လုပ်နိုင်မယ်ဆိုရင်တော့ ဆရာတို့အတွက် အခြေအနေ အများကြီးကောင်းတာပေါ့။ အဲလိုလုပ်နိုင်မယ်လို့ မျှော်လင့်ပါတယ်။

ကျွန်တော်တို့ ဒုတိယသမ္မတ ဦးမြင့်ဆွေနဲ့ ၁၉ ကြိမ်တွေ့ပြီးတဲ့အခါမှာ ဘာတွေဆုံးဖြတ်ခဲ့တယ်။ ဘာတွေဆက်လုပ်မလဲဆိုတာကို ကုန်သည်ကြီးများအသင်းက စိစစ်ခဲ့တာမှာ ဘယ်လောက်ထိပြီးပြီ၊ ဘယ်လောက်ထိ မပြီးဘူးဆိုတာထက် ဘာတွေလိုနေလဲဆိုတာ ဆရာတို့ ဆုံးဖြတ်တယ်။ ဒါပေမယ့် အဲဒါထက်ထူးခြားတာက ဒုတိယသမ္မတနဲ့ တွေ့ဆုံတာအပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် တွေ့လိုက်တာဟာ လုပ်ငန်းရှင်တွေအားလုံးကလည်း အားရမယ်လို့ ထင်ပါတယ်။ ကိုယ့်နိုင်ငံတိုးတက်ဖို့ဆိုရင် သူတို့ကလည်း ပါဝင်ချင်တာပဲ။ ဒီနေ့ ဒေါ်လာဈေးနဲ့ ပတ်သက်လို့ ပြောရရင်ဆရာတို့ ငယ်ငယ်တုန်းက ပြောလေ့ရှိတယ်။ ဖန်ခွက်တစ်ခွက်မှာ ရေတစ်ဝက်ထည့်ရင် တချို့ကလည်း တစ်ဝက်ရှိတယ်လို့ ပြောတဲ့သူက ပြောတယ်။ တချို့တွေကလည်း တစ်ဝက်လွတ်တယ်လို့ ပြောတဲ့သူပြောတယ်။ *စာမျက်နှာ ၁၃ သို့*

# အလုပ်လုပ်ချင်တဲ့ လူငယ်တွေနဲ့ အလုပ်သမားရှာဖွေနေတဲ့ အလုပ်ရှင်တွေကို တိုက်ရိုက်ထိတွေ့ပြီး အလုပ်အကိုင်ရရှိအောင် လုပ်ပေးနေပါတယ်

**အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်**

## နိုင်ငံနှင့် ပြည်သူများဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်သမားရေးရာဆိုင်ရာ စီးပွားရေးစကားဝိုင်း ပြုလုပ်

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးသည်။ နိုင်ငံအတွင်း ကဏ္ဍစုံတွင် လုပ်ကိုင်နေကြသည့် လုပ်သားအရင်းအမြစ်များ အားကောင်းပြီး အရည်အသွေးပြည့်ဝသည့် လုပ်သားများပေါ်ထွက်မှသာ စီးပွားရေးဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်မည်ဖြစ်ရာ အလုပ်သမားရေးရာဆိုင်ရာ စီးပွားရေးစကားဝိုင်း ကို ဩဂုတ် ၂၁ ရက်က နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကျင်းပခဲ့သည်။**



ဓာတ်ပုံ-မေဦးမိုး

စကားဝိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်၊ မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ဦးထွန်းထွန်း၊ မြန်မာနိုင်ငံပြည်ပအလုပ်အကိုင်အေဂျင်စီများ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပီတာညွန့်မောင်တို့က ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

**အစီအစဉ်မှူး။** ။ ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပိုမိုတိုးတက်ရရှိဖို့အတွက် ဝန်ကြီးဌာနရဲ့ ဆောင်ရွက်နေတဲ့အခြေအနေနဲ့ အနာဂတ်ရဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကို ရှင်းလင်းဆွေးနွေးပေးစေလိုပါတယ်။

**အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်။** ။ ကျွန်တော်တို့ဝန်ကြီးဌာနကနေ အလုပ်အကိုင်မူဝါဒတွေ ချမှတ်တဲ့အခါ သင့်တော်ကောင်းမွန်အောင်နဲ့ အလုပ်အကိုင်ကောင်းတွေ ရရှိလာအောင်၊ ကုန်ထုတ်စွမ်းအားတိုးတက်အောင်၊ တစ်ဖက်တစ်လမ်းကနေလည်း ပြည်တွင်းပြည်ပမှာ တရားဝင်အလုပ်လုပ်ကိုင်နိုင်တဲ့ လမ်းကြောင်းတွေဖွင့်ပြီး ဆောင်ရွက်နေပါတယ်။ ဝန်ကြီးဌာန လုပ်ဆောင်ချက်တွေကို ပြောရရင် အလုပ်အကိုင်အခွင့်အလမ်းတွေကို ပြည်တွင်းပြည်ပဆိုပြီးတော့ နှစ်ပိုင်းခွဲဆောင်ရွက်ပါတယ်။

### အလုပ်အကိုင်ချိတ်ဆက်ဆောင်ရွက်ပေး

ပြည်တွင်းမှာ အလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံးပေါင်း ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးမှာ ၉၈ ရုံးဖွင့်လှစ်ထားပါတယ်။ အလုပ်လုပ်ကိုင်ချင်တဲ့ လူငယ်တွေ မှတ်ပုံတင်ရမှာဖြစ်သလို အလုပ်ရှင်တွေကလည်း လိုအပ်တဲ့အလုပ်တွေကို ခေါ်နေပါတယ်။ နောက်တစ်နည်းက အလုပ်အကိုင်ပြပွဲတွေကို ပြည်နယ်နဲ့ တိုင်းဒေသကြီးအလိုက်ပြသပြီး အလုပ်လုပ်ချင်တဲ့ လူငယ်တွေနဲ့ အလုပ်သမားရှာဖွေနေတဲ့ အလုပ်ရှင်တွေကို တိုက်ရိုက်ထိတွေ့ပြီး အလုပ်အကိုင်ရရှိအောင် လုပ်ပေးနေပါတယ်။ ကျွန်တော်တို့ဆီမှာက အလုပ်ရှာဖွေရေးရုံး ၉၈ ရုံးပဲရှိသေးတာဆိုတော့ တစ်နိုင်ငံလုံးကို ဖြန့်ကြက်နိုင်မှုကတော့ အားနည်းနေပါသေးတယ်။ ဒါကြောင့် တစ်နိုင်ငံလုံး ဖြန့်ကြက်နိုင်အောင် Mobile Team တွေ စေလွှတ်ပြီးတော့ ရုံးမရှိတဲ့ နေရာတွေမှာ အလုပ်အကိုင်တွေ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်။

### အေဂျင်စီ ၂၆၀ ခန့်ကို ခွင့်ပြု

အလုပ်သမား ညွှန်ကြားရေးဦးစီးဌာနရဲ့ ပြည်ပအလုပ်အကိုင် အေဂျင်စီတွေအပါအဝင် စုစုပေါင်း အေဂျင်စီ ၂၆၀ ခန့်ကို ခွင့်ပြုလုပ်ကိုင်စေခဲ့ပါတယ်။ အေဂျင်စီတွေကနေ ပြည်ပနိုင်ငံတွေကို အလုပ်သမားတွေ စေလွှတ်နေပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ပြည်ပကို အလုပ်သွားလုပ်မယ်ဆိုရင် တရားဝင်လမ်းကြောင်းတွေကနေ သွားနိုင်ဖို့အတွက် နိုင်ငံကူးလက်မှတ်တွေကို အလည်အပတ် အမျိုးအစား အစား အလုပ်လုပ်ကိုင်မှု အမျိုးအစားနဲ့ သွားရောက်လုပ်ကိုင်နိုင်အောင် ဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်နေတာဖြစ်ပါတယ်။

### လုပ်သားအများဆုံးရှိနေ

အနာဂတ်အလုပ်အကိုင် အခွင့်အလမ်းဆိုရင်တော့ ကျွန်တော်တို့ ဝန်ကြီးဌာနက ဦးစီးပြီး လုပ်သားအင်အားစစ်တမ်းတွေ ကောက်ယူပေးနေပြီး အဲဒီစစ်တမ်းတွေကနေ အလုပ်အကိုင်ရရှိနိုင်တဲ့ လုပ်ငန်းနယ်ပယ်တွေ ပေါ်ထွက်လာအောင် ဆောင်ရွက်ပါတယ်။ ဥပမာ ပြောရရင် လယ်ယာစိုက်ပျိုးရေးကဏ္ဍဟာ ကိုယ့်နိုင်ငံကလည်း စိုက်ပျိုးရေးနိုင်ငံဖြစ်တာမို့ လုပ်သားအများဆုံးရှိနေတာကို တွေ့ရှိရပါတယ်။ ဒုတိယကတော့ ဝန်ဆောင်မှုလုပ်ငန်းတွေနဲ့ ပတ်သက်တဲ့ နေရာတွေမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ များလာပါတယ်။ နောက်တစ်နေရာကတော့ အထွေထွေလုပ်သားတွေပါ။ အထည်ချုပ်စက်ရုံက လုပ်သားတွေ၊ အရောင်းတာဝန်တွေထမ်းဆောင်သူတွေစတဲ့ လုပ်ငန်းတွေဟာလည်း အခွင့်အရေးများတဲ့ လုပ်ငန်းအမျိုးအစားတွေ ဖြစ်ပါတယ်။

### အထူးအခွင့်အရေးပေးထား

အလုပ်အကိုင်အခွင့်အလမ်းတွေက မြန်မာနိုင်ငံရဲ့ အလားအလာလို့ ပြောရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ GSP လို့ခေါ်တဲ့ ကုန်သွယ်မှုဆိုင်ရာ အထူးအခွင့်အရေးကို ရရှိတဲ့နိုင်ငံဖြစ်ပါတယ်။ ဥရောပသမဂ္ဂကနေ အထူးအခွင့်အရေးပေးထားသလို အမေရိကန်ကလည်း အထူးအခွင့်အရေးတွေ ပေးထားတယ်။ ဒီအပေါ်မှာ ရင်းနှီးမြှုပ်နှံမှုတွေ ရောက်ရှိလာပြီး ကိုယ့်နိုင်ငံရဲ့ အလုပ်အကိုင် ရှာဖွေရေးတွေကတော့ တစ်စတစ်စနဲ့ ပိုမိုတိုးတက်ရရှိမယ်လို့ ကျွန်တော်ကတော့ ထင်ပါတယ်။

**အစီအစဉ်မှူး။** ။ ရန်ကုန်တိုင်းဒေသကြီးမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ အများကြီးလို့ သိထားပါတယ်။ အဲဒီအပေါ်မှာ အလုပ်သမားတွေ အများဆုံးနဲ့ အလုပ်အကိုင်တွေ အများဆုံးရှိနေတဲ့ ထွက်ကုန်တွေနဲ့ ဘယ်လိုများ တိုးတက်အောင်ဆောင်ရွက်သလဲဆိုတာတွေကို ဆွေးနွေးစေလိုပါတယ်။

**ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်။** ။ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ စက်မှုဇုန်ပေါင်း ၂၉ ဇုန်ရှိပါတယ်။ သီလဝါအထူးစက်မှုဇုန် တစ်ခုရှိပါတယ်။ တစ်နိုင်ငံလုံးရဲ့ လူဦးရေ စုစုပေါင်းရဲ့ ၁၄ ရာခိုင်နှုန်းဟာ ရန်ကုန်တိုင်းဒေသကြီးမှာ နေထိုင်ကြပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးဟာ လူဦးရေအထူထပ်ဆုံးဖြစ်ပါတယ်။ အလုပ်အကိုင်ရှားပါးတဲ့ အခြားပြည်နယ်နဲ့ တိုင်းဒေသကြီးက အလုပ်သမားတွေ အတော်များများဟာ ရန်ကုန်တိုင်းဒေသကြီးမှာ Migrant Workers ရွှေ့ပြောင်း အလုပ်သမားတွေအဖြစ် ရောက်ရှိလာကြပါတယ်။ သူတို့တွေဟာ အထူးသဖြင့် စက်မှုဇုန်တွေမှာ လာရောက်အလုပ်လုပ်ကိုင်နေကြပါတယ်။ ၂၀၁၅ ခုနှစ် အစိုးရသစ်တက်လာချိန်မှာ တစ်နိုင်ငံလုံးမှာ စက်ရုံပေါင်း ၄၄၄၃၉ ရုံရှိပါတယ်။ အခုလက်ရှိအချိန်မှာတော့ စက်ရုံပေါင်း ၅၀၀၈၃ ရုံအထိ ဖြစ်လာခဲ့ပါတယ်။ စက်ရုံပေါင်း ၅၀၀၀ ကျော်တိုးလာခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ Capacity အရည်အသွေးရှိတဲ့ အလုပ်သမားတွေကို အမြဲတမ်းလိုအပ်နေပါတယ်။ အချို့က စက်ရုံတွေ ပိတ်သိမ်းတာကို ပြောကြပါတယ်။ စက်ရုံပိတ်ရခြင်းဟာ အကြောင်းအရင်းမျိုးစုံရှိပါတယ်။ စီမံခန့်ခွဲမှု အားနည်းချက်တွေကြောင့် ပိတ်ရတယ်။ ကုန်သွယ်မှု အဆက်အသွယ်အားနည်းလို့လည်း ပိတ်သိမ်းရတယ်။ ပိတ်သိမ်းတာနဲ့ တိုးလာတဲ့ စက်ရုံအရေအတွက်ကို ကြည့်ရင် တိုးလာတဲ့ စက်ရုံအရေအတွက်က ပိုပြီးများပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ ပြီးခဲ့တဲ့ အစိုးရသက်တမ်း နှစ်နှစ်နဲ့လေးလအတွင်း ၆၈၉၅ ခု ဖြစ်လာတယ်။

### အကောက်ခွန်လုံးဝ ကင်းလွတ်ခွင့်ရ

အရင်က ၂၀၁၅ ဒုလပိုင်းအထိက စက်ရုံပေါင်း ၆၁၆၄ ရုံပဲရှိတယ်။ အားလုံး ၇၃၁ ရုံတက်လာတာပါ။ အဲဒီထဲမှာ အထည်ချုပ်လည်းပါပါတယ်။ အထည်ချုပ်က များများလာတာဟာ GSP ရသွားတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံက ချုပ်တဲ့အထည်ချုပ်တွေဟာ ဥရောပကို သွားရင် အချို့ဆိုရင် အကောက်ခွန်လုံးဝ ကင်းလွတ်ခွင့်ရတယ်။ အချို့ဆိုရင် အတိုင်းအတာတစ်ခုအထိ လျော့နည်းလာတယ်။ အဲဒီလိုလျော့နည်းတာကြောင့် ယှဉ်ပြိုင်တဲ့အခါမှာ ဈေးလျှော့ပြီးရောင်းနိုင်တဲ့အတွက် ကျွန်တော်တို့နိုင်ငံကို အထည်ချုပ်စက်ရုံတွေ အများကြီးလာကြပါတယ်။ ဒါကြောင့် ရန်ကုန်တိုင်းဒေသကြီးမှာ အလုပ်သမားနဲ့ ပတ်သက်တဲ့အခွင့်အလမ်းတွေ အများကြီးရှိနေပါတယ်။

### သင်တန်းတွေ ပေးအပ်

နောက်တစ်ခုက အလုပ်သမားကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းရှိပါတယ်။ အဲဒီသင်တန်းကျောင်းက ၂၀၁၂ မတိုင်ခင်က ကျောက်ကုန်းမှာ သင်တန်းကျောင်းအသေးပဲရှိပါတယ်။ တစ်နှစ်ကို လူ ၂၀၀ လောက်ပဲ လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါတယ်။ အခုတော့ ဆောက်လုပ်ရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး သုဝဏ္ဏမှာ လက်သမားသင်တန်း၊ ပန်းရန်သင်တန်း၊ သံချည်သံကွေးသင်တန်းနဲ့ လျှပ်စစ်သင်တန်းအပါအဝင် အခြားသော သင်တန်းတွေကို ဒုတိယညွှန်ကြားရေးမှူးတစ်ဦး ဦးစီးပြီးတော့ကို သင်တန်းတွေ ပေးအပ်နေတာဖြစ်ပါတယ်။

ပြင်ပက ကျွမ်းကျင်တဲ့ ဆရာတွေကို ငှားရမ်းသင်ကြားပေးနေပြီး တစ်နှစ်ကို လူဦးရေ ၄၀၀ လောက် သင်တန်းဆင်းနေပါတယ်။ အဲဒါအပြင် ရန်ကုန်အင်းစိန်ဂျီတီအိုင်မှာလည်း သင်ကြားပေးနိုင်အောင် လုပ်ဆောင်နေပါတယ်။ ဒါ့အပြင် နတ်မောက်သင်တန်းကျောင်းမှာလည်း စင်ကာပူနိုင်ငံနဲ့ ပူးပေါင်းပြီး နိုင်ငံတကာက ဆရာတွေခေါ်ယူပြီးတော့ သံချည်သံကွေးသင်တန်း၊ စာရင်းကိုင်သင်တန်း၊ ကွန်ပျူတာသင်တန်းစတာတွေ အများကြီးပေးနေပါတယ်။ ပုဂ္ဂလိက သင်တန်းတွေလည်း အများကြီးရှိနေပါပြီ။

### NSSA လက်မှတ်တွေ ထုတ်ပေး

ကျွန်တော်တို့ဝန်ကြီးဌာနကလည်း NSSA ဆိုပြီး စီစဉ်ဆောင်ရွက်နေတာရှိပါတယ်။ ကျွမ်းကျင်မှုဆိုင်ရာ ဥပဒေကိုလည်း ပြဋ္ဌာန်းပြီးသွားပါပြီ။ အဲဒီဥပဒေရဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ NSSA ကို ဖွဲ့စည်းပြီး သင်တန်းကဆင်းလာတဲ့ သင်တန်းသားတွေကို တစ်နိုင်ငံလုံးမှာ ၉၂ ဌာန ဖွင့်ထားပြီး ရန်ကုန်တိုင်းဒေသကြီးမှာတင် ၃၀ ကျော် ရှိပါတယ်။ သင်တန်းဆင်းလာတဲ့ ကျောင်းသားတွေကို စာမေးပွဲတွေ စစ်ဆေးပေးတာပါ။ စစ်ဆေးတဲ့အခါ အာဆီယံအဆင့်မီ NSSA လက်မှတ်တွေ ထုတ်ပေးနေပါတယ်။

အဲဒီလက်မှတ်ဟာ အာဆီယံအဆင့်မီ လက်မှတ်ဖြစ်တဲ့အတွက် သူ့အတွက်လစာသည်လည်း အဆင့်အတန်းပြည့်မီအောင် ပေးရပါမယ်။ Skills Full ဖြစ်လာတဲ့အတွက် အခွင့်အရေးတွေ ရလာ ပါတယ်။ လက်ရှိမှာ NSSA လက်မှတ်ထုတ်ပေးနိုင်ခဲ့တဲ့ အရေအတွက်က ၇၀၀၀ ကျော်ရှိလာပါပြီ။

**အစီအစဉ်မှူး။** ။ ဒီလိုဌာနတွေဖွင့်ပြီး အလုပ်သမားတွေရဲ့အရည်အသွေးကို စစ်ဆေးပေးနေရတဲ့အခါ အဓိကစိန်ခေါ်မှုတွေက ဘာတွေများဖြစ်မလဲ။ နောက်တစ်ခုက အခုနောက်ပိုင်းမှာ စက်ရုံအချို့ဟာ ပိတ်သိမ်းသွားရတာမျိုးမှာ သူတို့ရဲ့စီမံခန့်ခွဲမှုအားနည်းလို့ အပြင် ကိုယ့်နိုင်ငံကပေးနိုင်တဲ့ အခြေခံအဆောက်အအုံ လိုအပ်ချက်တွေကြောင့်ရော ပိတ်သိမ်းတာမျိုး မဖြစ်နိုင်ဘူးလားဆိုတာလည်း ဆွေးနွေးပေးစေလိုပါတယ်။

**ဝန်ကြီးဦးဇော်အေးမောင်**။ ။ စီးပွားရေးကဏ္ဍမှာ နိုင်ငံတိုင်းအတွက် စိန်ခေါ်မှုတွေဆိုတာ ရှိမှာပါ။ ကျွန်တော်တို့ထက် အဆပေါင်းများစွာတိုးတက်ပြီး စီးပွားရေးဦးဆောင်နေတဲ့ အမေရိကန်ပြည်ထောင်စုလိုနိုင်ငံမျိုးမှာလည်း စိန်ခေါ်မှုတွေက ရှိနေမှာပါ။ စက်ရုံတစ်ရုံ အောင်မြင်တယ်၊ ကျရှုံးတယ်ဆိုတာ စက်ရုံထူထောင်တဲ့သူဆီမှာလည်း အဓိကမူတည်တယ်။ သူ့ရဲ့ စီမံခန့်ခွဲနိုင်မှုပေါ်မှာ မူတည်တာပါ။ စီမံခန့်ခွဲမှု ကောင်းရင်ကောင်းသလို စက်ရုံတွေ တိုးချဲ့ ဖွင့်လှစ်နိုင်ပါတယ်။ အချို့စီမံခန့်ခွဲမှု ညံ့တယ်။ အလုပ်သမားတွေနဲ့ ဆက်ဆံရေးအဆင်မပြေဘူးဆိုရင်တော့ အဆင်မပြေလို့ ပိတ်သိမ်းရနိုင်ပါတယ်။

*စာမျက်နှာ ၁၃ သို့*

> “အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရဲ့ ပြည်ပအလုပ်အကိုင် အေဂျင်စီတွေအပါအဝင် စုစုပေါင်း အေဂျင်စီ ၂၆၀ ခန့်ကို ခွင့်ပြုလုပ်ကိုင်စေခဲ့ပါတယ်။ အေဂျင်စီတွေကနေ ပြည်ပနိုင်ငံတွေကို အလုပ်သမားတွေ စေလွှတ်နေပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ ပြည်ပကို အလုပ်သွားလုပ်မယ်ဆိုရင် တရားဝင်လမ်းကြောင်းတွေကနေ သွားနိုင်ဖို့အတွက် နိုင်ငံကူးလက်မှတ်တွေကို အလည်အပတ် အမျိုးအစား အစား အလုပ်လုပ်ကိုင်မှု အမျိုးအစားနဲ့ သွားရောက်လုပ်ကိုင်နိုင်အောင် ဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်နေတာဖြစ်ပါတယ်။”

# တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ်၊ ၁၂/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်**
**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်)**

**“တိုင်ကြားပေးပို့လာသော မူးယစ်ဆေးဝါးသတင်းများနှင့် စပ်လျဉ်း၍ ထပ်မံဖော်ထုတ်ရရှိမှုများ ထုတ်ပြန်ခြင်း”**

၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးအန္တရာယ် တားဆီးကာကွယ်နှိမ်နင်းရေးအတွက် ပြည်သူလူထုထံမှ ပေးပို့တိုင်ကြားလာသည့် သတင်းအချက်အလက်များကို စနစ်တကျလက်ခံရယူနိုင်ရန် **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**ကို ဤရုံးတွင် ဖွင့်လှစ်ထားရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် အများပြည်သူသို့ ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ **“မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန”**သို့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့အထိ ပေးပို့တိုင်ကြားလာသည့် မူးယစ်ဆေးဝါးသတင်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အရ ပြည်ထဲရေးဝန်ကြီးဌာနက အောက်ပါအတိုင်း ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ခဲ့ပါသည်-

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁ | စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာသည် မူးယစ်ဆေးဝါးများအား တရုတ်ပြည်၊ ရွှေလီ၊ ကြယ်ခေါင်၊ မူဆယ်ဘက်မှသယ်၍ ထိုကျေးရွာအနီးနှင့် အခြားနီးစပ်ရာကျေးရွာများသို့ ရောင်းချခြင်း၊ သုံးစွဲခြင်းများရှိနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၇-၂၀၁၈ ရက်နေ့တွင် လျှို့ဝှက်သတင်းစုံစမ်း၍ ထီးချိုင့်မြို့နယ်၊ ကြက်တကောင်ကျေးရွာနေ ဒေါ်ပြုံး(၄၈)နှစ်၊ (ဘ) ဦးဘရီအား နေအိမ်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းဖြူမှုန့်တို့အား တွေ့ရှိရပြီး စိစစ်ရာ တစ်ရွာတည်းနေ မသက်သက်ခိုင်(ခ) မခိုင် (၃၈)နှစ်၊ (ဘ) ဦးထွန်းတင်နှင့် ကျောင်းလမ်းကျေးရွာနေ စိုးခိုင် (၄၁)နှစ်၊ (ဘ) ဦးတင်စိန်ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃)ဦးအား မမစ(ထီးချိုင့်)မယ(ပ)၁၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး၊ ဖောင်းပြင်မြို့နယ်၊ နမ့်မော်လိုက်အုပ်စု၊ သရက်ကုန်းကျေးရွာနေ ဇော်ဦးသည် မူးယစ်ဆေးဝါးများဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၈-၂၀၁၈ ရက်နေ့တွင် ဖောင်းပြင်မြို့နယ်၊ သရက်ကုန်း ကျေးရွာနေ ဇော်ဦး(၃၂)နှစ်၊ (ဘ) ဦးလှဒင်အား နေအိမ်အတွင်းမှ 88/1 စာတမ်းပါ စိတ်ကြွဆေးပြားများ ဘိန်းဖြူမှုန့်တို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ဖောင်းပြင်) မယ(ပ) ၆၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၃ | ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (၆၇)ရပ်ကွက်၊ “မဲကြီး”စက်ဘီးပြင်ဆိုင်မှ ကိုမဲကြီးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၈-၂၀၁၈ ရက်နေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၇)ရပ်ကွက်၊ အမှတ်(မရှိ)နေ ဦးခင်ဝင်း (ခ)မဲကြီး (၅၉)နှစ်၊ (ဘ)ဦးတင်ငွေ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခိုင်ဖူးဝေ (ခ)ဖူးဖူး (၁၆)နှစ်၊ (ဘ)ဦးနိုင်ဦး၊ သုမဏ (၄)လမ်း၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဆန်းမင်းအောင် (ခ)ဝဲကျော် (ခ)နေကြီး (၃၅)နှစ်၊ (ဘ) ဦးအောင်စောမြ၊ အေ(၂)လမ်း၊ (၉၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နေသူတို့အား တွေ့ရှိပြီး WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ(ဒဂုံဆိပ်ကမ်း) မယ(ပ)၂၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၁ ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၄ | ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့ ရပ်ကွက် (၄)၊ အုပ်စု(၁၀)တောင်ကုန်းပေါ်တွင် နေ့စဉ်နှင့်အမျှ လူအများ မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖောက်ကားခြင်း ပြုလုပ်လျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ယခင်သတင်းပတ်(၄)ခု၌ အမှု(၁၈)မှုတွင် တရားခံ အမျိုးသား (၁၈)ဦး၊အမျိုးသမီး(၁)ဦး၊ ပေါင်း(၁၉)ဦးအား ဘိန်းဖြူ၊ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိကြောင်း သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။ ၂၁-၈-၂၀၁၈ ရက်နေ့တွင် ကွင်းဆက်အရ ကွတ်ခိုင်မြို့ ရပ်ကွက်(၄) အတွင်း စောင့်ဆိုင်းစိစစ်နေစဉ် လမ်းလျှောက်လာသူ ဇော်ဂျာ (၃၆) နှစ်၊ (ဘ)ဦးခေါင်းလုံး၊ လွယ်ခမ်း ကျေးရွာ၊ ကွတ်ခိုင်မြို့နယ်နေသူအား ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ 88/1 စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကွတ်ခိုင်) မယ(ပ)၉၄/ ၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၅ | မန္တလေးမြို့ ကမ်းနားလမ်း၊ (၁၉)လမ်းနှင့် (၂၂) လမ်းကြား ဓမ္မာရုံအနီး စံပယ်အိမ်ရာတွင် မူးယစ်ဆေးဝါးများသုံးစွဲလျက်ရှိကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၈-၂၀၁၈ ရက်နေ့တွင် အောင်မြေသာစံမြို့နယ်၊ မင်းတဲ အီကင်း ရပ်ကွက်၊ ၁၉×၂၂ လမ်းကြား၊ စံပယ်အိမ်ရာ၊ တိုက်(၂)၊ ပထမထပ်၊ အခန်း(၂၀)တွင် ငှားရမ်းနေထိုင်သည့် ဘိုစနေ (ခ)ဇော်ဇော်မျိုး (၃၅)နှစ်၊ (ဘ) ဦးမြသိန်း၏ အခန်းအား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ ထွန်းမြတ်သာ(၂၀)နှစ်၊ (ဘ) ဦးဇော်ဇော်ထွန်း၊ မရမ်းကုန်းရွာ၊ မတ္တရာမြို့နယ်၊ ထွန်းသန်းမော် (ခ)မော်ကြီး (၂၆)နှစ်၊ (ဘ) ဦးအောင်မင်း၊ စိန်ပန်းရပ်၊ မန္တလေးမြို့နေသူတို့ (၂)ဦးအား အခန်းအတွင်းမှ 88/1 စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (အောင်မြေသာစံ) မယ(ပ) ၁၂/ ၂၀၁၈၊ ၁၉(က)/ ၂၀(က)/ ၂၁ ဖြင့် လည်းကောင်း၊ ဆက်လက်၍ ဘိုစနေ(ခ) ဇော်ဇော်မျိုး (၃၅)နှစ်၊ (ဘ)ဦးမြသိန်း(ထွက်ပြေးတိမ်းရှောင်) ငှားရမ်းထားသည့် ၎င်းအိမ်ရာရှိ အခန်းအမှတ် (၂၄)အား ဆက်လက်ရှာဖွေရာ အခန်းအတွင်းမှ 88/1 စာတမ်းပါ စိတ်ကြွဆေးပြားများ၊ စိတ်ကြွဆေးပြားအကြေမှုန့်၊ အိုက်စ်တို့အား ရှာဖွေတွေ့ရှိသဖြင့် မမစ (အောင်မြေသာစံ) မယ(ပ) ၁၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/ ၂၂(ခ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၆ | ရောဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့ (၅) ရပ်ကွက်မှ ကိုညဏ်ဦးကျော်နှင့် (၃)ရပ်ကွက်မှ မမျိုးတို့မှာ မူးယစ်ဆေးဝါးများရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၈-၂၀၁၈ရက်နေ့တွင် ဘိုကလေးမြို့ အမှတ်(၃)ရပ်ကွက်၊ မနောသုခလမ်းမပေါ်၌ စောင့်ဆိုင်းစိစစ်နေစဉ် ဘိုကလေးမြို့ အမှတ်(၅) ရပ်ကွက်၊ ရောမင်းလမ်းနေ ညဏ်ဦးကျော် (၂၅)နှစ် (ဘ) ဦးကျော်ဝေ စီးနင်းလာသည့် GEAR အမျိုးအစား (လိုင်စင်စိစစ်ဆဲ)ဆိုင်ကယ်အား စစ်ဆေးရာ ၎င်းဝတ်ဆင်ထားသည့် ပုဆိုးခါးပုံစအတွင်းမှ ဘိန်းဖြူမှုန့်များအား ရှာဖွေတွေ့ရှိပြီး အမှတ်(၃)ရပ်ကွက်၊ ထိန်ဝင်းမောင်လမ်းကြား၊ (၄)ခန်းတွဲတွင် ငှားရမ်းနေထိုင်သော မတင်ပပမျိုး (ခ) မမျိုး (၄၇)နှစ်၊ (ဘ)ဦးဝင်းမောင်ထံမှ ဝယ်ယူခဲ့ကြောင်း စိစစ်သိရှိရသဖြင့် မတင်ပပမျိုး(ခ)မမျိုး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်ပစ္စည်း တစ်စုံတစ်ရာ ရှာဖွေတွေ့ရှိခြင်းမရှိ သော်လည်း ၎င်းတို့(၂)ဦး အား မမစ (ဘိုကလေး) မယ(ပ) ၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၇ | I want to talk about I'd heard the new of drug users at the railway compond in insein near the insein bazzae. It has may drug users I think they use WY. And also many drug sellers. At that place of 4th middle street, 6th middle street and 9th middle street. Drug sellers are lived at there. Can you look at and come that place? I demand it . Thank you. Show that place and control that people. | ၂၁-၈-၂၀၁၈ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ဈေးကုန်းအရှေ့ရပ်ကွက်၊ မီးရထားဝန်း(၆)လမ်းရှေ့ အမှတ်(၁၆၈/G)နေ ဝဏ္ဏထွန်း (ခ) ဝက်ကြီး (၃၇)နှစ်၊ (ဘ)ဦးစိန်မြင့်အား နေအိမ်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့် အတူ ဖမ်းဆီးရမိသဖြင့် မမစ (အင်းစိန်) မယ(ပ)၁၀၀/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရေဦးမြို့နယ်၊ ထောက်ကြန့်ရွာနေ ဦးစံငွေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၈-၂၀၁၈ ရက်နေ့တွင် ရေဦးမြို့နယ်၊ ထောက်ကြန့်ကျေးရွာနေ စံငွေ (ခ)ချမ်းသာ (၃၁)နှစ်၊ (ဘ)ဦးလွန်းပြည့်အား နေအိမ်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(တင်းတိန်ရုံ) မယ(ပ)၂/ ၂၀၁၈၊ မူး/စိတ် ၁၆(ဂ)/ ၂၀(က) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၉ | ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၊ ကွန်လုံကျေးရွာအုပ်စု၊ ဟိုနားကျေးရွာနေ ကိုအောင်ဇော်ဝင်း၊ ဦးကျော်တင့်တို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၈-၂၀၁၈ ရက်နေ့တွင် တောင်ကြီးမြို့နယ်၊ ဟိုနားကျေးရွာရှိ အောင်ဇော်ဝင်း (၂၉)နှစ်၊ (ဘ)ဦးနီ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်း၏ ပုဆိုးခါးပုံစအတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများ၊ နေအိမ်မီးဖိုခန်းအတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ရွှေညောင်) မယ(ပ) ၂၁/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းကျေးရွာရှိ ဦးကျော်တင့်(၅၄)နှစ်၊(ဘ)ဦးသာဒင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (ရွှေညောင်) မယ(ပ) ၂၂/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်၊ အိမ်ခြေအုပ်စု၊ ဘိုအင်းရွာမှ မိကြည်၊ ဦးဝင်းဌေး ပျင်းပင်ရွာမှ ကိုကျော်စံလင်းတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၀-၈-၂၀၁၈ ရက်နေ့တွင် ကျွန်းလှမြို့နယ်၊ ဘိုအင်းကျေးရွာရှိ ဒေါ်မိကြည် (၄၆)နှစ်၊ (ဘ)ဦးဘအိုင်ကို ၎င်း၏ နေအိမ်အတွင်းမှ ဘိန်းဖြူမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (ကျွန်းလှ) မယ(ပ) ၃/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က) ဖြင့် လည်းကောင်း၊ ဆက်လက်၍ ၎င်းကျေးရွာရှိ ဝင်းဌေး (၄၆)နှစ်၊ (ဘ)ဦးသောင်းမော်ကို နေအိမ်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ကျွန်းလှ) မယ(ပ)၄/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)ဖြင့် လည်းကောင်း၊ ကျွန်းလှမြို့နယ်၊ ပျဉ်းပင်ကျေးရွာနေ ကိုကျော်စံလင်း (ခ)ကျော်စံကွေး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ ယောက်ဖဖြစ်သူ စိုးထက်အောင် (၁၈)နှစ်၊ (ဘ)ဦးမဲတူအား ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် စိုးထက်အောင် အား မမစ(ကျွန်းလှ) မယ(ပ)၅/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၁ | စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်၊ မော်လူးအုပ်စု၊ ဟဲနုကျေးရွာရှိ ကိုမင်းရွှေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၈-၂၀၁၈ ရက်နေ့တွင် အင်းတော်မြို့နယ်၊ ဟဲနုကျေးရွာရှိ မင်းရွှေ (၄၅)နှစ်၊ (ဘ)ဦးထွန်းပိုင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအား ဘိန်းဖြူမှုန့်နှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(မော်လူး) မယ(ပ) ၃၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ) ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၂ | မန္တလေးတိုင်းဒေသကြီး၊ မိုးကုတ်မြို့နယ်၊ လီရှော လယ်နီးအုပ်စု၊ အင်းချောက်ကျေးရွာနေ ကိုလင်း(ခ)အပ်ဆူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းနေကြောင်းနှင့် ကျေးရွာရှိ “ရတနာအောင်သစ်လွင်”ဘုန်းကြီးကျောင်း အနီးကပ်လျက် လျှို့ထဲရှိတဲများတွင် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၁-၈-၂၀၁၈ ရက်နေ့တွင် မိုးကုတ်မြို့ လယ်ဦးအုပ်စု၊ ရတနာအောင်မြေ ရပ်အတွင်း စုံစမ်းစိစစ်နေစဉ် ဆိုင်ကယ်များနှင့်အတူ ညီလှ(၂၉)နှစ်၊ (ဘ)ဦးရန်ကင်း၊ တန်းတေးကျေးရွာ၊ မန်တုံမြို့နယ်နှင့် ဆာမိုးရီ (၄၆)နှစ်၊ (ဘ)ဦးအောင်ဖ၊ ပိတ်စွယ်နယ်မြေ(၂)ရပ်ကွက်၊ မိုးကုတ်မြို့ သောင်းစိန် (၄၆)နှစ်၊ (ဘ)ဦးအိုက်လူ၊ ပိတ်စွယ်နယ်မြေ(၁) ရပ်ကွက်၊ မိုးကုတ်မြို့ အသား(၂၅)နှစ်၊ (ဘ)ဦးဗျာစီး၊ လယ်ဦးနယ်မြေ (၁)ရပ်ကွက်၊မိုးကုတ်မြို့ လားစီး (၃၆)နှစ်၊ (ဘ)ဦးလာသား၊ သံလွင်တောင်ရပ်ကွက်၊ မိုးကုတ်မြို့တို့(၅)ဦးအား တွေ့ရှိစစ်ဆေးရာ ညီလှ ဝတ်ဆင်ထားသည့် အင်္ကျီအတွင်းမှ ဘိန်းဖြူမှုန့်များအား တွေ့ရှိသိမ်းဆည်းရမိပြီး စိစစ်ရာ ညီလှမှ လာရောက်ရောင်းချခြင်းဖြစ်ပြီး ကျန်(၄)ဦးမှ သုံးစွဲရန် ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ညီလှပါ (၅)ဦး အား မမစ(မိုးကုတ်) မယ(ပ)၉၇/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/ ၂၁ဖြင့် လည်းကောင်း၊ ဆက်လက်၍ သတင်းရရှိသော မိုးကုတ်မြို့နယ်၊ အင်းချောက်ကျေးရွာနေ ကိုလင်း (ခ) ဝေလင်းနိုင် (ခ)အပ်စီး (ခ)အပ်ဆူ (၂၈)နှစ်၊ (ဘ)ဦးလုရီဖ၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား ဝတ်ဆင်ထားသည့် အင်္ကျီအတွင်းမှ ဘိန်းဖြူမှုန့်များနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(မိုးကုတ်) မယ(ပ) ၉၈/ ၂၀၁၈၊ မူး/စိတ်ပုဒ်မ၁၆(ဂ)ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

| စဉ် | သတင်းလက်ခံရရှိမှု | ဖော်ထုတ်ဖမ်းဆီးအရေးယူမှု |
|---|---|---|
| ၁၃ | ကချင်ပြည်နယ်၊ ဆင်ဘိုမြို့ မန်ဖွားကျေးရွာ၊ အမှတ်(၆၈)နေ ဒေါ်ခင်ထူးသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၆-၈-၂၀၁၈ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်၊ ဆင်ဘိုမြို့ မန်ဖွားကျေးရွာ၊ အမှတ်(၆၈)နေ ဒေါ်ခင်ထူး (၅၂)နှစ်၊ (ဘ) ဦးဖိုးမောင်အား နေအိမ်အတွင်းမှ ဘိန်းမဲများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(ဆင်ဘို) မယ(ပ)၁၅/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၄ | မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ကြံကုန်းကျေးရွာနေ ကိုဝင်းနိုင်၊ ဦးကံအေးတို့သည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၂-၈-၂၀၁၈ ရက်နေ့တွင် ပျော်ဘွယ်မြို့နယ်၊ ရှမ်းစုကုန်း ကျေးရွာအုပ်စု၊ ကြံ့ကုန်းကျေးရွာနေ ဦးကံအေး(၅၆)နှစ်၊ (ဘ) ဦးနောင်အား နေအိမ်အတွင်းမှ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများ၊ ဘိန်းစိမ်း၊ ဘိန်းစိမ်းများ ပါဝင်သည့် အမဲရောင်အတုံးများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ရကစ (ညောင်ကုန်း) မယ(ပ)၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၀(က) ဖြင့် လည်းကောင်း၊ ဆက်လက်၍ တစ်ရွာတည်းနေ ကိုဝင်းနိုင် (၄၂)နှစ်၊ (ဘ)ဦးခတ်လုံး၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင်မတွေ့ရှိဘဲ ဇနီးဖြစ်သူ မညွန့်ညွန့်ဝင်း (၄၀)နှစ်၊ (ဘ) ဦးဝင်းမောင်အား တွေ့ရှိရပြီး နေအိမ်အနောက်ဘက် နွားစာတဲအတွင်းမှ ဘိန်းစိမ်းများအား ရှာဖွေတွေ့ရှိသဖြင့် ၎င်းတို့(၂)ဦးအား ရကစ (ညောင်ကုန်း) မယ(ပ)၄/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၅ | မော်လမြိုင်တက္ကသိုလ်အနီး ချောဆုလွင် အဆောင်မှာ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူ ဒုနဲ့ဒေးရှိပါတယ်၊ သေချာစိစစ် ဆောင်ရွက်ပေးစေချင်လိုကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၈-၂၀၁၈ ရက်နေ့တွင် မော်လမြိုင်မြို့ ဈေးချိုရပ်ကွက်၊ တောင်ဝိုင်းရပ်၊ မော်လမြိုင်တက္ကသိုလ်အနီး အမှတ်(၂၂)ရှိ ချောဆုလွင် အမျိုးသားဘော်ဒါဆောင်သို့ ဝင်ရောက်ရှာဖွေရာ (၂) ထပ်ဆောင်၏အောက်ထပ် ဝင်ပေါက်လှေကား၏ ဝဲဘက်ခန်းအတွင်းမှ ထွန်းလင်းဦး (၁၉)နှစ်၊ (ဘ)ဦးမြင့်ထွန်း၊ ပထမနှစ်(ရူပဗေဒ)၊ အမှတ်(၄၉)၊ အကွက်(၁၀)၊ အနောက်ပိုင်းရပ်၊ နှစ်ကရင်ကျေးရွာ၊ ရေးမြို့နယ်နေသူနှင့် တစ်ရွာတည်းနေ သီဟထွန်း (၁၉)နှစ်၊ (ဘ)ဦးသန်းနိုင်၊ ဒုတိယနှစ်(ကွန်ပျူတာ)တို့(၂)ဦးအား တွေ့ရှိရပြီး သီဟထွန်း ဝတ်ဆင်ထားသော အင်္ကျီအိတ်ကပ်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများ၊ အဆောင်ရှေ့၌ရပ်ထားသော သီဟထွန်း၏ N-SLAZ YAMAHA ဆိုင်ကယ် (လိုင်စင်စိစစ်ဆဲ) တူးဘောက်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများ၊ ပေါင်းဆေးပြားများအား သိမ်းဆည်းရမိ၍ တစ်ဆောင်တည်းနေ ထွန်းထွန်းနိုင် (ခ)ချမ်းစွန်း (၂၃)နှစ်၊ (ဘ) ဦးဖူး၊ နောက်ဆုံးနှစ် (ရူပဗေဒ)၊ နှစ်ကရင် ကျေးရွာနေသူထံမှ ရရှိခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃)ဦးအား နမစ (မုပွန်) မယ(ပ)၇/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/ ၂၀(က)/၂၁ ဖြင့် လည်းကောင်း၊ ထွန်းထွန်းနိုင် (ခ) ချမ်းစွန်းသည် တစ်ဆောင်တည်းနေ ဝေသူရ (၂၃) နှစ်၊ (ဘ) ဦးအောင်ကြီး၊ တတိယနှစ် (ဘူမိဗေဒ)၊ အောင်ချမ်း (၂၃) နှစ်၊(ဘ)ဦးထွန်းမောင်၊ နောက်ဆုံးနှစ်(ရူပဗေဒ)၊ မော့ကနင်ကျေးရွာ၊ ရေးမြို့နယ်နေသူတို့ နေထိုင်သော အခန်းအတွင်းသို့ ရောက်ရှိနေကြောင်း တွေ့ရှိပြီး အခန်းအတွင်း ဝင်ရောက်ရှာဖွေရာ ၎င်းတို့(၃)ဦးနှင့်အတူ ဉာဏ်ထက်ဦး (၁၈)နှစ်၊ (ဘ) ဦးထွန်းနိုင်၊ ပထမနှစ်(ဘူမိဗေဒ)၊ နှစ်ကရင်ကျေးရွာ၊ ရေးမြို့နယ်နေသူကိုပါ တွေ့ရှိရပြီး အခန်းအတွင်း လေဝင်ပေါက်အုတ်ခုံပေါ်မှ WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၄)ဦးအား နမစ (မုပွန်) မယ (ပ) ၈/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့်လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၆ | ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ရပ်ကွက်(၁)၊ တောင်ရပ်တွင် နေထိုင်သူ မစုချေသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၈-၂၀၁၈ ရက်နေ့တွင် မြောက်ဦးမြို့ တောင်ရပ်၊ မြင်းစိုင်းပြင်လမ်း၊ အမှတ် (တရ/၂၁၆)နေ မစုချေ(ခ) မသန်းနုဆွေ (၂၈)နှစ်၊ (ဘ) ဦးမောင်ကြီး (ခ)လှမောင်သိန်း၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ခင်ပွန်းဖြစ်သူ အောင်သန်းထွန်း (၃၀)နှစ်၊ (ဘ)ဦးရွှေသာထွန်း၊ ကျော်ဆန်းဝင်း (၂၃)နှစ်၊ (ဘ)ဦးသာထွန်းဦး၊ ကြက်ဈေးရပ်ကွက်၊ မြောက်ဦးမြို့ စိုးစိုးကျော် (၂၃)နှစ်၊ (ဘ) ဦးရွှေကျော်၊ အောင်တပ်ရပ်ကွက်၊ မြောက်ဦးမြို့နေသူတို့(၄)ဦးအား နေအိမ်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၄)ဦးအား မမစ(မြောက်ဦး) မယ(ပ) ၄/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၇ | တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ ကျောက်နီမော်ကျေးရွာနေ ဦးအောင်မြင့်သိန်းသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၄-၈-၂၀၁၈ ရက်နေ့တွင် လောင်းလုံမြို့နယ်၊ ကျောက်နီမော်ကျေးရွာရှိ အောင်မြင့်သိန်း (၃၀)နှစ်၊ (ဘ)ဦးသိန်းတင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်အတွင်းမှ WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိပြီး မမစ(လောင်းလုံ) မယ(ပ)၈/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က)/၂၀(က)/၂၁ ဖြင့် လည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ထားဝယ်မြို့ ဗျောတောဝရပ်ကွက်၊ သစ်တောရုံးလမ်းအနီးတွင် အောင်ဇော်အေး (၄၁)နှစ်၊ (ဘ) ဦးဇော်ဝင်းအား ၆ဝယ/၆၀၈၃၇ နံပါတ်ပါ Wave-125 (လိုင်စင်စိစစ်ဆဲ)ဆိုင်ကယ်ဖြင့် မောင်းနှင်လာစဉ် ရပ်တန့်ရှာဖွေစိစစ်ခဲ့ရာ ၎င်းနှင့်အတူပါသည့် အထုပ်(၁)ထုပ် အတွင်းမှ WY စာတမ်းပါ ပန်းရောင်စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ထားဝယ်) မယ(ပ) ၆၂/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၁၈ | ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာအုပ်စု၊ နန့်မော်ကျေးရွာရှိ ဦးစိုးပိုင်နှင့် ဇနီးဒေါ်ညွန့်စန်း၊ ကိုအိုက်ဦး၊ ကိုကျော်ဇင်မိုး၊ ကိုအောင်အောင်၊ ရပ်ကွက် (၆)တွင် နေထိုင်သူ ဦးသိန်းဇော်တို့သည် ဘိန်းဖြူနှင့် WY ဆေးပြားများ ဖြန့်ဖြူးရောင်းချနေသူများဖြစ်ကြောင်း သတင်းပေးပို့ခြင်း။ | ၁၇-၈-၂၀၁၈ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ နန့်မော်ကျေးရွာ၊ ရပ်ကွက် (၆)၊ အမှတ်(၁၄၆)နေ ဦးသိန်းဇော် (၄၁)နှစ်၊ (ဘ) ဦးမြမောင်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ဝင်းညွန့် (၄၈)နှစ်၊ (ဘ) ဦးရာသိန်း၊ ဇော်ထွန်း (၃၈)နှစ်၊ (ဘ) ဦးတီးလတ်နှင့် ရဲကိုကို(၂၆) နှစ်၊ (ဘ) ဦးဝင်းနိုင်တို့(၄)ဦးအား ဘိန်းဖြူမှုန့်များ၊ ဘိန်းစိမ်းတို့နှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ(ဖားကန့်)မယ(ပ) ၁၆၀/၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၆(ဂ)/၂၀(က)/၂၁ ဖြင့် လည်းကောင်း၊ ၁၈-၈-၂၀၁၈ ရက်နေ့တွင် ဖားကန့်မြို့နယ်၊ နန့်မော်ကျေးရွာ အပေါ်ဘက်၊ မြေစာပုံအနီး ရွက်ဖျင်တဲများနေ ကိုအိုက်ဦး၊ ကိုအောင်အောင်၊ ကိုကျော်ဇင်မိုးတို့အား သွားရောက် ရှာဖွေရာ ၎င်းတို့(၃)ဦးမှာ ထွက်ပြေးတိမ်းရှောင်နေပြီး တဲဘေးတွင် တွေ့ရှိသူ မောင်နိုင် (၃၃)နှစ်၊ (ဘ) ဦးမျိုးဝင်းအား ဘိန်းဖြူမှုန့်များနှင့်အတူ ဖမ်းဆီးရမိ၍ အဆိုပါ မူးယစ်ဆေးများကို ထွက်ပြေးနေသူ(၃)ဦးထံမှ ဝယ်ယူခဲ့သော ပစ္စည်းများဖြစ်ကြောင်း စိစစ်သိရှိရသဖြင့် ၎င်းတို့(၄)ဦးအား မမစ (ဖားကန့်)မယ(ပ)၁၆၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၆(ဂ)/၂၁ ဖြင့် လည်းကောင်း၊ ဆက်လက်၍ နန့်မော်ကျေးရွာအပေါ်ဘက် မြေစာပုံအနီးနေ ဦးစိုးပိုင်နှင့်ဇနီး ဒေါ်ညွန့်စန်းတို့၏ ယာယီရွက်ဖျင်တဲအား ဝင်ရောက်ရှာဖွေရာ ၎င်းတို့ (၂) ဦးမှာ ထွက်ပြေးတိမ်းရှောင်နေပြီး ၎င်းတဲနှင့် ကပ်လျက်ရှိ တဲအတွင်း ဆက်လက်ရှာဖွေရာ ထိန်လင်း (၅၀)နှစ်၊ (ဘ)ဦးကံမြင့်အား ဘိန်းဖြူမှုန့်တို့နှင့်အတူ ဖမ်းဆီးရမိပြီး ၎င်းမူးယစ်ဆေးများမှာ ဦးစိုးပိုင်နှင့် ဇနီး ဒေါ်ညွန့်စန်းတို့ထံမှ ဝယ်ယူထားသော ပစ္စည်းများဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့(၃)ဦးအား မမစ (ဖားကန့်) မယ(ပ)၁၆၄/၂၀၁၈၊ မူး/စိတ် ၁၉(က)/၂၁ ဖြင့် လည်းကောင်း အမှုဖွင့်အရေးယူထားရှိပါသည်။ |
| ၁၉ | ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်၊ ကုံးမုန်ကျေးရွာ အကျော်လမ်းဘေး ဝဲ/ယာ တောစပ်ထဲတွင် နေ့ရောညပါ မူးယစ်ဆေးဝါး သုံးစွဲဖြန့်ဖြူးရောင်းချသူများဖြင့် စည်ကားလျက်ရှိကြောင်း၊ လားရှိုးမြို့နယ်၊ လားရှိုး - မူဆယ် ကားလမ်း (၁၀)မိုင်ကုန်းတွင်လည်း မူးယစ်ဆေးဝါး သုံးစွဲဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၁၉-၈-၂၀၁၈ ရက်နေ့တွင် လားရှိုးမြို့နယ်၊ ဟိုပိတ်ကျေးရွာအုပ်စု၊ ပန်ဟတ်ကျေးရွာအလွန် လားရှိုး-မူဆယ်ကားလမ်း ယာဘက်ဘေး (၁၀)မိုင်ကုန်းရှိ ပြောင်းခင်းအနီးတဲအတွင်း ဝင်ရောက်ရှာဖွေခဲ့ရာ စန်းနိုင်ဦး (၄၃)နှစ်၊ (ဘ) ဦးသန်းလွင်၊ ရပ်ကွက်(၉)၊ လားရှိုးမြို့ ဟိန်းစိုး (၃၅)နှစ်၊ (ဘ)ဦးမြအေး၊ ရှမ်းကုန်းကျေးရွာ၊ လားရှိုးမြို့နယ်၊ ရဲလင်းထွန်း (၅၀)နှစ်၊ (ဘ)ဦးငွေထွန်း၊ ရပ်ကွက်(၉)၊ လားရှိုးမြို့နှင့် မင်းမင်းဦး(၃၉)နှစ်၊(ဘ)ဦးညီမိန်း၊ ကုန်းညို့ကျေးရွာ၊ လားရှိုးမြို့နယ်တို့ (၄)ဦးအား ကွပ်ပျစ်ပေါ်ရှိ ပြောက်ကျား လွယ်အိတ်အတွင်းမှ ဘိန်းဖြူမှုန့်များ၊ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ(လားရှိုး)မယ(ပ)၅၉/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ ဆက်လက်၍ (၁၀)မိုင်ကုန်းရှိ ယာယီတဲများအား ဝင်ရောက်ရှာဖွေရာ ကျော်ကျော်အောင် (၂၉)နှစ်၊ (ဘ) ဦးသန်းအောင်၊ ရပ်ကွက်(၁၂)၊ လားရှိုးမြို့နှင့် လှဝင်း (၃၅)နှစ်၊ (ဘ) ဦးအောင်လှ၊ ရပ်ကွက်(၉)၊ လားရှိုးမြို့နေသူတို့(၂)ဦးအား ဘိန်းဖြူမှုန့်များ၊ 88/1 စာတန်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် နမစ (လားရှိုး) မယ(ပ)၆၀/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် လည်းကောင်း၊ ၂၅-၈-၂၀၁၈ ရက်နေ့တွင် သီပေါမြို့နယ်၊ ကွတ်ခိုင်ကျေးရွာအုပ်စု၊ ကုံးမုံးကျေးရွာအနီး လမ်းဘေးရှိ စိုက်ခင်းများတွင် ဝင်ရောက်ရှင်းလင်းခဲ့ရာ New Star Lon Shan-125 (လိုင်စင်စိစစ်ဆဲ) ဆိုင်ကယ်နှင့်အတူ စိုင်းသောင်းဟန်(ခ)အိုက်ကုန်း (၁၉)နှစ်၊ (ဘ) ဦးကာလီဟွမ်၊ နားလိုင်းကျေးရွာနေသူအား ဘိန်းဖြူများ၊ WY စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် မမစ (သီပေါ)မယ(ပ) ၂၄။၂၀၁၈၊ မူး/စိတ် ပုဒ်မ ၁၉(က) ဖြင့် လည်းကောင်း အမှုဖွင့် အရေးယူထားရှိပါသည်။ |
| ၂၀ | စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ အလ္လကပ္ပရွာနေ မောင်သက်နှင့် ၎င်း၏ တပည့်ဖြစ်သူ ခင်မောင်ညွန့်တို့သည် မူးယစ်ဆေးဝါးများ အကြီးအကျယ် ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းပေးပို့ခြင်း။ | ၂၅-၈-၂၀၁၈ ရက်နေ့တွင် မြင်းမူမြို့နယ်၊ အလ္လကပ္ပကျေးရွာအရှေ့ဘက်ရှိ ကိုသက်(ခ) မောင်သက် (ခ)သက်နိုင်ဦး (၄၀)နှစ်၊ (ဘ) ဦးမြင့်အောင်၏ ယာတဲအား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရွာတည်းနေ မောင်ဆန်း (၃၄)နှစ်၊ (ဘ)ဦးနီပွန်၊ ခင်မောင်ညွန့် (၅၈) နှစ်၊(ဘ)ဦးမြတ်အောင်တို့အား 88/1 စာတမ်းပါ စိတ်ကြွဆေးပြားများနှင့်အတူ ဖမ်းဆီးရမိသဖြင့် ၎င်းတို့(၃)ဦးအား မမစ(မြင်းမူ) မယ(ပ) ၃/၂၀၁၈၊ မူး/စိတ်ပုဒ်မ ၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားရှိပါသည်။ |

၃။ တိုင်ကြားလာသော သတင်းများအနက် ပြည်ထဲရေးဝန်ကြီးဌာနက ဩဂုတ်လ ၂၅ ရက်နေ့အထိ အမှုပေါင်း (၁၈၅)မှု ဖွင့်လှစ်အရေးယူခဲ့ပြီး တရားခံကျား (၂၄၄) ဦး၊ မ (၄၉) ဦး၊ ပေါင်း (၂၉၃) ဦး ဖမ်းဆီးရမိခဲ့၍ ဘိန်းဖြူ(၁၉၀၃.၇၉)ဂရမ်၊ ICE (၁.၃၅)ဂရမ်၊ ဘိန်းမဲ (၃၁၁.၆၅)ဂရမ်၊ ဘိန်းစိမ်း(၃၁၄၃၆.၅၀)ဂရမ်၊ အဆင့်နိမ့် ဘိန်း(၅၀.၅၀) ဂရမ်၊ ဘိန်းချေးခဲ (၂၇.၅၀ )ဂရမ်၊ ဘိန်းစာမှုန့် (၁၅၀၂)ဂရမ်၊ ဘိန်းစာရွက် (၃၂၆၆) ဂရမ်၊ စိတ်ကြွဆေးပြား (၉၂၀၁၇) ပြား၊ ဆေးခြောက် (၁၇၆၆.၀၈) ဂရမ်၊ ဘိန်းရည် (၀.၁၀)လီတာ၊ ဘိန်းဆီခဲ (၂၁၃.၄၀)ဂရမ်၊ ဘိန်းစေ့ (၆၀) ဂရမ်၊ စိတ်ကြွဆေးပြားအကြေမှုန့် (၁.၆၀)ဂရမ်၊ လက်နက်မျိုးစုံ(၃)လက်တို့အား သိမ်းဆည်းရမိခဲ့ကြောင်းနှင့် မူးယစ်ဆေးဝါးသတင်းများနှင့်ပတ်သက်၍ ဖော်ထုတ်ဖမ်းဆီးအရေးယူမှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ထပ်မံဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်မှု အခြေအနေအား ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

၄။ မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနသို့ တိုင်ကြားပေးပို့သောသတင်းများကို စိစစ်ဖော်ထုတ် အရေးယူခဲ့သည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ သီးခြားရရှိသော မူးယစ်ဆေးဝါးသတင်းများအပေါ် စိစစ်ဖော်ထုတ်ခြင်း၊ နယ်စပ်ပူးပေါင်းစစ်ဆေးဂိတ်များတွင် ပိတ်ဆို့ရှာဖွေစစ်ဆေးခြင်း၊ နယ်မြေရှင်းလင်းခြင်း၊ သတင်းအရ မော်တော်ယာဉ်/ ဆိုင်ကယ်များကို ရှာဖွေစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ ယခုတစ်ပတ်အတွင်း နေပြည်တော်၌ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းချသူ တရားခံထွန်းထွန်းဦး (ခ) စည်သူ(ခ) ပြောင်ကြီးအား ဖမ်းဆီးရမိပြီး ၎င်းတည်းခိုသော ဟိုတယ်ဇုန်(၂)ရှိ ဟိုတယ်ရွှေဂုံတိုင်၊ အခန်း(၂၂၁)အတွင်းမှ စိတ်ကြွဆေးပြား (၁၂၆)ပြား၊ ICE (၇၀.၂) ဂရမ်ဖြင့် လည်းကောင်း၊ နယ်စပ်ဒေသများဖြစ်သော ရှမ်းပြည်နယ်အတွင်း မဘိမ်းမြို့နယ်၊ လဝါကျေးရွာအုပ်စု၊ ဒေသအခေါ်(ကျောက်လုံးကြီး)ရှိ တောတွင်း၌ မသင်္ကာဖွယ်ရာ တဲများအား ရှင်းလင်းရာ တရားခံအမျိုးသား(၃)ဦးထံမှ ဘိန်းဖြူ(၃၀)ဂရမ်၊ စိတ်ကြွဆေးပြား(၄၀၂၀၀)ပြား၊ တူမီးသေနတ် (၂)လက်၊ ပင်ကြိမ်ကျေးရွာမှ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား(၂၁၀)ပြား၊ ဘိန်းဖြူ(၁)ဂရမ်၊ တူမီးသေနတ်(၁) လက်၊ မိုးမိတ်မြို့ လက်ခုတ်တန်းရပ်ကွက်၌ တရားခံအမျိုးသား(၁)ဦးထံမှ စိတ်ကြွဆေးပြား (၁၇၀၀၀)ပြား၊ နမ့်ခမ်းမြို့ အမှတ်(၁၄)ရပ်ကွက်၌ တရားခံအမျိုးသမီး(၁)ဦးထံမှ ဘိန်းဖြူ(၃၈၆၄)ဂရမ်၊ စိတ်ကြွဆေးပြား(၇၉၂၃၀)ပြားတို့ဖြင့် လည်းကောင်း၊ ကွတ်ခိုင်မြို့နယ်၊ ကောင်းခါးကျေးရွာအရှေ့ဘက် မီတာ(၅၀၀၀)ခန့်အကွာ၌ နယ်မြေရှင်းလင်းစဉ် လူမနေသည့်တဲ(၅)လုံးအား တွေ့ရှိသဖြင့်ရှင်းလင်းရာ မူးယစ်ဆေးဝါး ချက်လုပ်ရာတွင် အသုံးပြုသည့် အက်စစ်ပါပလတ်စတစ်ပုံးများ၊ ဂက်စ်အိုးများ၊ လျှပ်စစ်မီးဖိုများ၊ မီးသတ်ဆေးဘူးများ၊ ပိုက်ကြိုးခွေများ၊ မိုးကာစများနှင့် ဆက်စပ်ပစ္စည်းများအား လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်း ဘူးသီးတောင်မြို့၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၁၄၅၂၇၅၀)ပြား၊ တောင်ကုတ်မြို့၌ တရားခံ အမျိုးသား(၁)ဦးနှင့် အမျိုးသမီး(၁)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၁၉၈၀)ပြား၊ ကျောက်တော်မြို့နယ်၊ သရက်တပင်ကျေးရွာတွင် တရားခံအမျိုးသမီး(၁)ဦးထံမှ စိတ်ကြွဆေးပြား(၁၂)ပြား၊ မြောက်ဦးမြို့ ထမ္မရာဇ်ရပ်ကွက်၌ တရားခံအမျိုးသား(၂)ဦးထံမှ စိတ်ကြွဆေးပြား(၅၁၀)ပြားအား လည်းကောင်း၊ နိုင်ငံခြားသားများ ပါဝင်သော ဖမ်းဆီးရမိမှု ဖြစ်စဉ်(၂)ခုရှိခဲ့ပြီး ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၌ တရားမဝင် ဝင်ရောက်နေထိုင်သည့် ထိုင်းနိုင်ငံသား(၄)ဦးအား စိတ်ကြွဆေးပြား(၈၀)ပြား၊ ICE(၅၃.၅)ဂရမ်၊ ပစ္စတိုသေနတ် (၂)လက်၊ ၎င်းကျည် (၃၂)တောင့်၊ ကျည်အိမ်(၃)ခု၊

စာမျက်နှာ ၁၃ သို့

# တပ်မတော်နှင့် ပတ်သက်သည့် ဖေ့စ်ဘုတ်အကောင့်နှင့် ဖေ့စ်ဘုတ်စာမျက်နှာများ ဖယ်ရှားခံရမှုနှင့်ပတ်သက်၍ ဖေ့စ်ဘုတ်အဖွဲ့သို့ မေးမြန်းထားကြောင်း နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေး ပြောကြား

နေပြည်တော် ဩဂုတ် ၂၇

**တပ်မတော်နှင့်ပတ်သက်သည့် အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များ၏ လူမှုကွန်ရက်စာမျက်နှာများကို အမေရိကန်အခြေစိုက် လူမှုကွန်ရက်ကုမ္ပဏီမှ ဖယ်ရှားပစ်လိုက်ကြောင်း ယနေ့ထုတ်ပြန်သည်။**

ထုတ်ပြန်ချက်တွင် တပ်မတော်နှင့် ပတ်သက်သည့် Facebook Account ၁၈ ခု၊ Facebook Pages ၅၂ ခု ကို ဖယ်ရှားလိုက်ကြောင်း ပါဝင်သည်။

**အစိုးရပိုင်းက ကြိုတင်သိရှိထားတာမရှိ**

အဆိုပါထုတ်ပြန်ချက်နှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "နံပါတ်တစ်အချက်ကတော့ ဒီတစ်နေ့လုံး စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံပွဲမှာရောက်နေတယ်။ ရောက်နေတော့ အစီအစဉ်တွေပြီးတဲ့အချိန်မှ အဲဒီသတင်းတွေတွေ့တယ်။ တွေ့တဲ့အချိန် Facebook Team ကနေ Statement ထုတ်ထားတယ်။ ထုတ်ထားတဲ့ဟာမှာ Account ၁၈ ခု၊ Pages ပေါင်း ၅၂ ခု ကို သူတို့ Community Standard နဲ့မညီတဲ့အတွက် ဖြုတ်ချလိုက်တယ်ဆိုတဲ့ဟာ ပြောထားတယ်။ ပြောထားတဲ့အပိုင်းမှာ ကျွန်တော်တို့က Community Standard အပိုင်းမှာ ကြည့်လိုက်တော့ သူတို့ Screenshot တွေလည်း တွေ့တယ်။ ပြောရရင်တော့ ဒီကိစ္စနဲ့ပတ်သက်လို့ကတော့ အစိုးရပိုင်းက ကြိုတင်ပြီး သိရှိထားတာမရှိဘူး။

"နံပါတ်နှစ်အချက်ကတော့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Page အပါအဝင် ဒါတွေဖြုတ်ချတာနဲ့ပတ်သက်လို့ ကျွန်တော်တို့ဘက်မှာတော့ မေးခွန်းတွေအများကြီး ရှိတယ်။ ကျွန်တော်တို့က Community Standard နဲ့မညီဘူးဆိုပြီး ဘာကြောင့်ဖြုတ်ရသလဲ။ ဖြုတ်ရခြင်းအကြောင်းအရင်းကို မေးထားတယ်။ ဒါတွေကို ဖြုတ်ချလိုက်တဲ့အပေါ်မှာ သက်ဆိုင်ရာ ကာယကံရှင်နစ်နာသူတွေကနေ Account တွေ ၊ Pages တွေရအောင် ဘယ်လိုပြန်ပြီး လုပ်နိုင်မလဲ ဒါကိုမေးထားတယ်။

"နံပါတ်သုံးအချက်ကတော့ Long Term မှာ Community Standard နဲ့ ညီခြင်း မညီခြင်း၊ ချိုးဖောက်ခြင်း မချိုးဖောက်ခြင်းအပေါ်မှာ ဘယ်လိုမျိုး ဘယ်သူက အတည်ပြုသလဲ။ အဲဒီအပေါ်မှာလည်း ကျွန်တော်တို့က စဉ်းစားစရာဖြစ်တယ်။ အထူးသဖြင့် မြဝတီသတင်း Pages တွေလည်း ပါသွားတယ်လို့ တပ်မတော်ကလည်း ဖုန်းဆက်တယ်။ ဖုန်းဆက်တဲ့အချိန်မှာ ကျွန်တော်တို့ အစည်းအဝေးထဲရောက်နေလို့ မသိဘူး။ နောက်မှ ဖုန်းကိုင်တော့ အဲဒီအကြောင်းတွေသိရတယ်။ ပြောချင်တာက အစိုးရအနေနဲ့ သော်လည်းကောင်း၊ ကျွန်တော်တို့ အစိုးရအဖွဲ့ကလည်း Social Media Monitoring Team နဲ့ သော်လည်းကောင်း ဒီကိစ္စတွေနဲ့ တစ်စုံတစ်ရာပတ်သက်ခြင်း မရှိဘူးလို့ ပြောချင်တယ်။ အဲဒီအပေါ်မှာလည်း ကျွန်တော်တို့ Facebook နဲ့ တချို့က နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအတုတွေ လုပ်တာတွေရှိတယ်။ အဲဒါလုပ်တာနဲ့ ပတ်သက်လို့ ကျွန်တော်တို့ Pages တွေက ဖြုတ်ချသွားတယ်။ ဖျောက်သွားတယ်။ ဖျောက်သွားတဲ့အပေါ်မှာ Information တွေလိုတဲ့အချိန်မှာ ကျွန်တော်တို့သမ္မတရုံးအနေနဲ့ တောင်းခံတယ်။ တောင်းခံတဲ့အပိုင်းမှာလည်း ဟိုဘက်က Information တွေ ပြန်ပြီးတော့ပေးတဲ့အပိုင်းမှာလည်း တော်တော်အဆင်မပြေမှုတွေရှိတယ်။ ရှိတော့ မကြာသေးခင်က Facebook က Vice President လာသွားတယ်။ လာသွားတဲ့ အချိန်မှာ ကျွန်တော်တို့ အဲဒါတွေဆွေးနွေးတယ်။

**Facebook နဲ့ထပ်ပြီးဆွေးနွေး**

"အထူးသဖြင့် အစိုးရနဲ့ Facebook ကြားမှာ ဘယ်လိုမျိုးသဘောတူညီချက် နဲ့ Information တွေဘယ်လိုလုပ်မလဲဆိုတဲ့အပိုင်းမှာ ကျွန်တော်တို့ ဆွေးနွေး ခဲ့တယ်။ ဒါပေမယ့် အဲဒါတွေ မပြီးပြတ်သေးဘူး။ နောက်တစ်ကြိမ် Facebook Team လာဖို့ရှိတယ်။ လာတဲ့အခါမှာလည်း ဒါတွေကိုထပ်ပြီးဆွေးနွေးသွားမယ်။

"လူ့အခွင့်အရေး ချိုးဖောက်မှုရှိခြင်းမရှိခြင်းကတော့ ကျွန်တော်တို့အစိုးရ အနေနဲ့ပြောထားပြီးပြီ။ နံပါတ်တစ် အစိုးရရဲ့ပေါ်လစီက ရှင်းတယ်။ အခုလက်ရှိအစိုးရ သည် လူ့အခွင့်အရေး ချိုးဖောက်မှုနဲ့ပတ်သက်လို့ လုံးဝသည်းခံမှာမဟုတ်ဘူး။



နိုင်ငံတော်သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး

ခွင့်လွှတ်မှာ မဟုတ်ဘူး။ နံပါတ်နှစ်အချက်ကတော့ ရခိုင်ပြည်နယ်ကိစ္စတွေ ကိုင်တွယ်တဲ့အခါမှာ အစောကြီးကတည်းက အစိုးရက ပြောထားတယ်။ သုံးချက် ရှိတယ်။ နံပါတ်တစ် ဒါတွေကိုင်တွယ်ဖြေရှင်းတဲ့အခါမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ မဖြစ်ပွားဖို့၊ သတိကြီးကြီးထားဖို့၊ ဥပဒေနဲ့အညီဆောင်ရွက်ဖို့ ဒါကို တပ်မတော်ဘက်ရော၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဘက်ကိုရော ပြောထားတယ်။ အဲဒါကိုလည်း အဆင့်ဆင့် ပြောထားပြီးသားဖြစ်တယ်။ အကယ်၍ လူ့အခွင့်အရေး ချိုးဖောက်မှုတွေရှိခဲ့တယ် ဆိုရင် ချိုးဖောက်မှုတွေရှိကြောင်း ခိုင်မာတဲ့၊ ခိုင်လုံတဲ့ အထောက်အထားတွေ၊ မှတ်တမ်းတွေ၊ အချက်အလက်တွေ ကျွန်တော်တို့ကိုပေးပါ။ ပေးရင် ကျွန်တော်တို့က စုံစမ်းစစ်ဆေးမယ်။ မှန်တယ်ဆိုရင် တည်ဆဲဥပဒေနဲ့ အရေးယူမယ်။ ဒါက အခုချိန်ထိ မပြောင်းလဲဘူး။ သို့သော်အဲဒီအပေါ်မှာ ကျွန်တော်တို့ နိုင်ငံတကာက အစိုးရရဲ့အရေးယူဆောင်ရွက်ချက်အပေါ် ဝေဖန်မှုတွေရှိတယ်။ ရှိတဲ့အတွက် လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင်တွေ ဖွဲ့ထားပြီးသားပါ။ ဒီကော်မရှင်က သူတို့အလုပ်တွေ ဆက်ပြီးတော့လုပ်နေပါပြီ။ လုပ်နေတဲ့အပိုင်းမှာလည်း အကယ်၍ ရှိတယ်ဆိုရင် အဲဒီမှာ ပေါ်ပေါက်လာပါလိမ့်မယ်။

"နောက်အချက်က Fact- Finding Mission (FFM) ရဲ့ Report တင်ရမယ့်ရက်က ဒီရက်မဟုတ်ဘူး။ အဲဒါကို ရှင်းရှင်းလင်းလင်းသိစေချင်တယ်။ နောက်လ ၁၈ ရက်နေ့မှ သူက Report တင်ရမယ်။ သို့သော် မနက်ဖြန်ကျရင် လုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ARSA အကြမ်းဖက်တိုက်ခိုက်မှု ဒီဩဂုတ်လ ၂၅ ရက်နေ့ တစ်နှစ်ပြည့်အချိန်ကာလအနေနဲ့ ဆွေးနွေးပွဲလုပ်မယ်။ ဆွေးနွေးပွဲအမီကို Fact- Finding Mission Report ထွက်မယ်လို့ ကျွန်တော်တို့က မြင်တယ်။ ဒါဟာ နံပါတ်တစ် အချက်ပါ။ သူက အချိန်ကိုက် လုပ်တယ်။ မူလက သူတို့ Report တင်ရမယ့်ကာလ မတိုင်ခင်မှာ စောလုပ်တဲ့ သဘောပါ။ နံပါတ်နှစ်အချက်ကတော့ Fact-Finding Mission က လူ့အခွင့်အရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အရ ဖွဲ့စည်းတာဖြစ်တယ်။ အဲဒီကာလကတည်းက မြန်မာနိုင်ငံအစိုးရ အနေနဲ့ ပွင့်ပွင့်လင်းလင်းပြောထားပြီးဖြစ်တယ်။

"လူ့အခွင့်အရေးကောင်စီရဲ့ Resolution ကို ကျွန်တော်တို့က Dissociate လုပ်တယ်။ Dissociate လုပ်တယ်ဆိုတာ ဒီဆုံးဖြတ်ချက်မှာ မြန်မာနိုင်ငံက ပါဝင်ခြင်း မရှိဘူး။ သဘောတူလက်ခံခြင်းမရှိဘူး။ မရှိတဲ့အတွက် ဒီ Resolution ကို အကောင်အထည်ဖော်တဲ့ Fact - Finding Mission ဖွဲ့စည်းဖို့ကို မြန်မာနိုင်ငံ

> ❍ ဒီလုပ်ရပ်ကဘာလဲဆိုတော့ ကျွန်တော်တို့အစိုးရ၊ လက်ရှိ အစိုးရသွားနေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုလည်း တစ်နည်းတစ်ဖုံအားဖြင့်တော့ ထိခိုက်မှုတွေရှိလာနိုင်တယ်
>
> ❍ နံပါတ်တစ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Page အပါအဝင် ကျွန်တဲ့ Page တွေ ဖြုတ်ချခံရခြင်းကိစ္စနဲ့ပတ်သက်လို့ ထုတ်ပြန်ထားတဲ့အတိုင်း ဖြစ်ပါတယ်။ နံပါတ်နှစ်က အစိုးရရဲ့ Input လုံးဝတစ်စုံတစ်ရာ မပါဝင်ပါဘူး။ နံပါတ်သုံးက အစိုးရက ဖွဲ့စည်းထားတဲ့ SMMT လည်းမပါဘူး။ ဒါကိုတော့ အတိအလင်းပြောချင်ပါတယ်။

> **ကျွန်တော်တို့နိုင်ငံမှာ Facebook ရုံးခွဲမရှိဘူး။ မရှိတော့ world wide web-www အပေါ်မှာ ကျွန်တော်တို့မြန်မာနိုင်ငံက User အဖြစ် သုံးတယ်။ သုံးတဲ့အပေါ်မှာ Facebook က တစ်ခုခုဖြစ်လာရင် မြန်မာနိုင်ငံအစိုးရရဲ့ပြည်တွင်း ဥပဒေတွေ၊ တည်ဆဲဥပဒေတွေက သူ့အပေါ်မှာ By name မဖြစ်ဘူး။ မြန်မာနိုင်ငံရဲ့ တည်ဆဲ ဥပဒေတွေ၊ ဥပဒေတွေ လိုက်နာစရာမလိုဘူးဆိုတဲ့ အနေအထားဖြစ်တယ်။**

အစိုးရက လက်ခံထားခြင်းမရှိဘူး။ လက်ခံမထားတာမို့ Fact -Finding Mission မြန်မာနိုင်ငံကို လာရောက်ခွင့်ပြုဖို့ လုပ်တဲ့အချိန်မှာ ကျွန်တော်တို့ ငြင်းဆန်တယ်။ ဘာကြောင့်လဲဆိုတော့ လူ့အခွင့်အရေးကောင်စီရဲ့ဆုံးဖြတ်ချက်တွေနဲ့ ပတ်သက်လို့ ကျွန်တော်တို့ သဘောမတူဘူး။ လက်မခံဘူး။ Resolution ကို အကောင်အထည်ဖော်တဲ့ Fact -Finding Mission ဖွဲ့စည်းဆောင်ရွက်တဲ့အပေါ်မှာ လက်မခံဘူး။ ပူးပေါင်းဆောင်ရွက်မှာလည်း မဟုတ်ဘူးဆိုတာ ပြောထားပြီးသားဖြစ်တယ်။

"ပြောထားတဲ့အပေါ်မှာ Fact-Finding Mission က သူ့ရဲ့ Report ကို Launch လုပ်တယ်။ Launch လုပ်ပြီးမကြာခင်မှာပဲ Facebook ကလည်း Shut down တွေလုပ်တယ်။ ဒါတွေကတော့ တစ်ခုနဲ့တစ်ခု ချိတ်ဆက်နေတယ်ဆိုတာကို အထင်အရှားမြင်ရတယ်။ သို့သော် ကျွန်တော်တို့က Fact-Finding Mission Report နဲ့ပတ်သက်လို့ ရှင်းတယ်။ မြန်မာနိုင်ငံအနေနဲ့ လူ့အခွင့်အရေးကောင်စီ Resolution ကိုလက်မခံဘူး။ အဲဒီ resolution ကို အကောင်အထည်ဖော်တဲ့ Fact-Finding Mission ဆောင်ရွက်ချက်တွေကို ကျွန်တော်တို့က လက်မခံဘူး။ ဒါကို ပြတ်ပြတ်သားသား ကျွန်တော်ပြောချင်တယ်။

"နောက်နံပါတ်နှစ်အချက်က မြန်မာနိုင်ငံအနေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ ပတ်သက်တဲ့ Accountability ဖြစ်တဲ့ တာဝန်ယူမှု ၊ တာဝန်ခံမှုနဲ့ ပတ်သက်လို့ ကတော့ ကျွန်တော်တို့က ရှင်းတယ်။ မူလကလည်း ပြောထားပြီးသား။ နံပါတ်တစ် မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ ပတ်သက်လို့ Zero Tolerance ဖြစ်တယ်။လုံးဝသည်းခံမှာမဟုတ်ဘူး။ ခွင့်လွှတ်မှာမဟုတ်ဘူး။ ခြွင်းချက်ပေးမှာ မဟုတ်ဘူး။

**စုံစမ်းစစ်ဆေးရေးကော်မရှင်တွေ့ရှိချက် ဆက်လက်ဆောင်ရွက်သွားမယ်**

"နံပါတ်နှစ်အချက်က လူ့အခွင့်အရေးချိုးဖောက်မှုတွေရှိတယ်ဆိုရင် ခိုင်လုံတဲ့ အထောက်အထားတွေပေး၊ စုံစမ်းစစ်ဆေးမယ်။ မှန်ကန်တယ်ဆိုရင် ဥပဒေနဲ့အညီ အရေးယူမယ်။ နံပါတ်သုံးအချက်က ဒီလိုမျိုးပြောထားတဲ့အပေါ်မှာလည်း ကျွန်တော်တို့ အချက်အလက်တွေမရဘူး။ ဒါက ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ နိုင်ငံတကာအသိုင်းအဝိုင်းကို ကျွန်တော်တို့ ပြောထားပြီးသား။ အဲဒီအပေါ်မှာ ဝေဖန်မှုတွေရှိတဲ့အတွက် လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့ထားပြီးပြီ။ ဖွဲ့ထားတဲ့အပေါ်မှာ ဆက်လက်ဆောင်ရွက်သွားဖို့ရှိတယ်။ ဒီစုံစမ်းစစ်ဆေးရေးကော်မရှင်ရဲ့ တွေ့ရှိချက်၊ ဖော်ထုတ်ချက်တွေအပေါ်မှာ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်တယ်။ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ မြန်မာနိုင်ငံ အစိုးရက ကတိကဝတ်ပြုပြီးသား။ အဲဒါရှိတယ်။

"ကျွန်တော်တို့က ဒီနေ့တစ်နေကုန် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲမှာ ရောက်နေတယ်။ မသိလိုက်ဘူး။ သိလိုက်တဲ့အချိန်မှာလည်း အကုန်လုံးက Down သွားပြီ။ Down သွားတော့ ကျွန်တော်တို့က UN Fact-Finding Mission ရဲ့ Report Launch လုပ်တယ်။ ၂ နာရီလောက်မှာ လုပ်တယ်။ မရှေးမနှောင်းမှာပဲ Facebook ကနေပြီးတော့ ဒီ Account တွေကို Shut down လုပ်ပစ်လိုက်တယ်။ လုပ်ပစ်လိုက်တဲ့အပေါ်မှာတော့ သူတို့ Statement ထုတ်ထားတယ်။ Community Standard နဲ့မညီလို့ဆိုတဲ့ Reason ကျွန်တော်တို့ တွေ့ရတယ်။ တွေ့ရတော့ တပ်မတော်ကလည်း Facebook နဲ့ အဓိကကိုင်တွယ်နေတဲ့ အရာရှိကြီးတွေရှိပါတယ်။ သူတို့ကို ကျွန်တော်တို့ ဆက်သွယ်ပါတယ်။ ဒုတိယဗိုလ်ချုပ်ကြီး အဆင့်ရှိတဲ့ပုဂ္ဂိုလ်တွေ ကျွန်တော်တို့ဆီကို ဆက်သွယ်တယ်။ ဘယ်လိုဖြစ်တာလဲဆိုတာ မေးတယ်။ မေးတဲ့အပေါ်မှာတော့ ကျွန်တော်တို့ Facebook ကိုတော့ စောစောက ဖုန်းဆက်ပြီး ပြောထားတယ်။ မေးထားတယ်။ ဒါဘယ်လိုကြောင့် ဖြစ်ရတာလဲ။ Community Standard ဆိုတဲ့ အပေါ်မှာလည်း ပြောစရာတွေ၊ ဝေဖန်စရာတွေ ရှိတယ်ဆိုတဲ့အပိုင်းကို ကျွန်တော်တို့ ပြောတယ်။ ဒီလုပ်ရပ်ကဘာလဲဆိုတော့ ကျွန်တော်တို့ အစိုးရ၊ လက်ရှိအစိုးရသွားနေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး ကိုလည်း တစ်နည်းတစ်ဖုံအားဖြင့်တော့ ထိခိုက်မှုတွေ ရှိလာနိုင်တယ်ဆိုတာ ကျွန်တော်တို့ စိုးရိမ်တယ်။

*စာမျက်နှာ ၁၃ သို့*

*စာမျက်နှာ ၁၁ မှ*

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့၌ တရားခံ အမျိုးသား(၄)ဦး(ထိုင်း ၁ ဦး၊ မြန်မာ ၃ ဦး)နှင့် အမျိုးသမီး(၁)ဦးတို့ထံမှ စိတ်ကြွဆေးပြား(၅၂၅၂)ပြား၊ ICE(၁၃၃၀.၅၂)ဂရမ်၊ ပစ္စတိုသေနတ်(၁)လက်၊ ၎င်းကျည်(၁၆)တောင့်၊ ကျည်အိမ်(၁)ခုအား လည်းကောင်း၊ လက်နက်နှင့်အတူဖမ်းဆီးရမိမှုဖြစ်စဉ် (၃)ခုရှိခဲ့ပြီး တရားခံအမျိုးသား (၆)ဦးထံမှ ဘိန်းဖြူ(၆၉.၃)ဂရမ်၊ ဘိန်းစိမ်း(၈၅)ဂရမ်၊ စိတ်ကြွ ဆေးပြား(၁၀၉၀)ပြား၊ လက်နက်မျိုးစုံ (၅)လက်၊ ကျည်မျိုးစုံ(၃၅၇)တောင့်၊ ကျည်အိမ်(၁)ခုတို့အားလည်းကောင်း၊ ပြန်လည်ခုခံသဖြင့် ပစ်ခတ်ဖမ်းဆီးရမိမှုဖြစ်စဉ် (၁)ခုရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ သောင်းကြီးကျေးရွာတွင် သတင်းအရ ဖော်ထုတ်ဖမ်းဆီးစဉ် တရားခံ အမျိုးသား(၂) ဦးမှ ရဲဒင်းဖြင့်ခုတ်ခုခံခြင်း၊ ၎င်းတို့ထံမှ တူမီးသေနတ်ဖြင့် ပစ်ခတ်ရန်ပြုလုပ်ခြင်းတို့ကြောင့် ကာကွယ်ပစ်ခတ်ဖမ်းဆီးရာ မစိုးရိမ်ရ ဒဏ်ရာရရှိပြီး အမျိုးသား(၂)ဦးထံမှ ဘိန်းဖြူ(၂.၄)ဂရမ်၊ တူမီးသေနတ် (၂)လက်၊ ရဲဒင်း(၁)ခုတို့ သိမ်းဆည်းရမိခဲ့ကြောင်းနှင့် သီးခြားဖော်ထုတ်ဖမ်းဆီးမှု စုစုပေါင်းအနေဖြင့် ယခုသီတင်းပတ်(၁၉-၈-၂၀၁၈ ရက်နေ့မှ ၂၅-၈-၂၀၁၈ ရက်နေ့အထိ)အတွင်း မူးယစ်အမှုပေါင်း (၃၃၅)မှု တွင် တရားခံကျား (၄၂၈) ဦး၊ မ(၄၈)ဦး၊ ပေါင်း(၄၇၆)ဦး ကို ဘိန်းဖြူ(၄၉၇၆.၁၉)ဂရမ်၊ ICE (၃၅၆၆.၃၃) ဂရမ်၊ ဘိန်းစိမ်း(၂၂၀၈၇.၄၉) ဂရမ်၊ အဆင့်နိမ့်ဘိန်း(၄၅)ဂရမ်၊ ဘိန်းစာမှုန့်(၁၅၈၀)ဂရမ်၊ စိတ်ကြွဆေးပြား (၁၆၉၂၁၇၇)ပြား၊ ဆေးခြောက်(၁၂၇.၀၄)ဂရမ်၊ ဘိန်းဆီခဲ (၇၃၀၁.၅)ဂရမ်၊ ဘိန်းရည်(၀.၀၅)လီတာ၊ အက်စ်တက်စီဆေးပြား(၁၆၉)ပြား၊ ဒိုင်ယာဇီပင်ဆေးပြား(၁၃)ပြား၊ ဓာတုဆေးရည်များ၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ သေနတ်မျိုးစုံ(၁၃)လက်၊ ကျည်မျိုးစုံ (၄၀၅)တောင့်၊ ကျည်အိမ်(၅)ခုတို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့ပါသည်။

၅။ မူးယစ်ဆေးဝါးများ ပိုမိုဖမ်းဆီးရမိနိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ တိုင်ကြားနိုင်သည့်အပြင် ထူးခြားသည့်ကိစ္စရပ်များနှင့် ကြီးမားသည့် မူးယစ်ဆေးဝါးရောင်း/ဝယ်မှုကိစ္စရပ်များကို နိုင်ငံတော်သမ္မတရုံး၏ **"မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာန"** အောက်ဖော်ပြပါ တယ်လီဖုန်း/ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့သို့ ရုံးချိန်အတွင်း လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်-

| | | |
|---|---|---|
| **ဆက်သွယ်ရန်** | - | |
| **အော်တိုတယ်လီဖုန်းနံပါတ်** | - | ၀၆၇-၅၉၀ ၂၀၀ |
| **ဖက်စ်ဖုန်းနံပါတ်** | - | ၀၆၇-၅၉၀ ၂၃၃ |
| **အီးမေးလ်လိပ်စာ** | - | **antinarcotics@presidentoffice.gov.mm** |

# တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ တံခွန်စိုက်ဆုဖလား ရှမ်းပြည်နယ်အမျိုးသားအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသမီးအသင်းတို့ ဆွတ်ခူး




**နေပြည်တော် ဩဂုတ် ၂၇**

တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားရုံ (B)၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမျိုးသားလွှတ်တော်၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအဖွဲ့ဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အမျိုးသမီးဗိုလ်လုပွဲယှဉ်ပြိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို ၇၂ မှတ် ၅၃ မှတ်၊ အမျိုးသားဗိုလ်လုပွဲယှဉ်ပြိုင်ရာ ရှမ်းပြည်နယ်အသင်းမှ မန္တလေးတိုင်းဒေသကြီးအသင်းကို ၇၅ မှတ် ၆၉ မှတ်ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်နှင့် တာဝန်ရှိသူများက ဆုများ အသီးသီးချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

အဲဒီလိုပဲ စီးပွားရေးလုပ်ငန်းရှင်နှစ်ယောက်ကို မေးရင် အဖြေကသုံးခု ရလာတယ်။ အဲဒီတော့ တူညီတဲ့အဖြေ မရနိုင်ဘူး။ ဘာကြောင့်လဲဆိုရင် ကြည့်တဲ့ပုံစံမတူဘဲကို။

အခုလူတွေအားလုံး စိတ်ဝင်စားနေတဲ့ ဒေါ်လာဈေးကြီးနေတယ်။ ဒေါ်လာဈေးကြီးတဲ့အတွက် ဘယ်သူနစ်နာလဲလို့ပြောရင် သွင်းကုန်သမားတွေနစ်နာတယ်။ အပြင်က သွင်းတဲ့သွင်းကုန်တွေရဲ့ တန်ဖိုးကကြီးတော့ အခက်အခဲရှိတယ်။ အဲဒီလိုသွင်းကုန်သမားတွေ နစ်နာသလို ပို့ကုန်သမားကျတော့ အားသာချက်ရှိတယ်။ သွင်းကုန်သမားတွေ အခက်အခဲရှိတာ။ စိန်ခေါ်မှုရှိတာကို နားလည်ပါတယ်။ တစ်ဖက်ကလည်း ဒါအရေးကြီးတာပဲ။ ဒါပေမယ့်လည်းပို့ကုန်သမားအတွက် အကျိုးရှိတာကိုလည်း မီးမောင်းထိုးဖို့တော့ လိုလိမ့်မယ်။ စီးပွားရေးဆိုတာ တက်တာရှိတယ်။ ကျတာရှိတယ်။ နောက်တစ်ခုက စီးပွားရေးရဲ့ ကိန်းဂဏန်းပေါ့။ စီးပွားရေးလုပ်တဲ့အခါမှာ အချက်အလက်တွေ၊ ကိန်းဂဏန်းတွေ ဘယ်ကရလဲဆိုတာ ပေါ်တာကို။

အဲဒီတော့ နိုင်ငံတော်က ထုတ်ထားတဲ့ ကိန်းဂဏန်းတွေရော ပြည်သူတွေ၊ အရပ်ဘက်လူ့အဖွဲ့ အစည်းတွေ စုစည်းထားတဲ့ ကိန်းဂဏန်းတွေရော ဒါနဲ့စားရမှာပဲ။ ဆရာထင်တယ် အဖြေတစ်ခုတည်းမရှိပါဘူး။ ဆရာထင်တာမျှမျှတတရှိဖို့လိုတယ်။ အရေးကြီးတာ ဒါတွေစဉ်းစားတာထက် တိုင်းပြည်တိုးတက်အောင်စဉ်းစားစေချင်တယ်။ စီးပွားရေးတက်အောင်ဘယ်လိုလုပ်ကြမလဲ၊ ဒီနေ့ပွဲကတော့ အဲဒါပဲထင်တယ်။ စီးပွားရေးတက်အောင်ဘာတွေလုပ်ကြမလဲ၊ ဒီနေ့တက်ရောက်လာတဲ့ သူတွေအင်အားတွေ စုစည်းပြီးတော့ လုပ်ရင်ရမယ်လို့ မြင်ပါတယ်။

**ဦးခင်မောင်အေး**
**CB ဘဏ်ဥက္ကဋ္ဌ**

ဒီနေ့စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အစိုးရနဲ့ တွေ့ဆုံတာကတော့ အလွန်ကောင်းပါတယ်။ ဒါကြိုဆိုရမယ့်ပွဲပါ။ ကျွန်တော့်အနေနဲ့ကတော့ ကျွန်တော်တို့ စီးပွားရေး၊ ဘဏ္ဍာရေးနဲ့ပတ်သက်တဲ့ကိစ္စတွေ ဆွေးနွေးဖို့ရှိမှာပါ။ အဓိကခြုံပြီးတော့ ပြောရမယ်ဆိုရင် နိုင်ငံတိုးတက်ဖို့ အများကြီးလုပ်ရဦးမှာပါ။ ဒါတော့ လုပ်ငန်းရှင်တွေရယ်၊ အစိုးရရယ် ပြည်သူလူထု ပူးပေါင်းဆောင်ရွက်တဲ့ အနေအထားရမှပဲ ကိုယ်လိုချင်တဲ့ပန်းတိုင် ရောက်မှာပါ။ ဝိုင်းပြီးလုပ်မှ ဖြစ်မယ်ဆိုတဲ့ အနေအထားပါ။

**ဦးညိုမြင့်၊ Senior Managing Director**
**KBZ Group of Companies**

ကျွန်တော်တို့ ကမ္ဘောဇအုပ်စုကတော့ အများသိပြီးဖြစ်ပါတယ်။ လုပ်ငန်းတွေကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ အခွန်အများဆုံး ခြောက်နှစ်ဆက်တိုက်လည်း ဆောင်ခဲ့ပြီးပါပြီ။ ခုနစ်နှစ်အထိလည်း ကျွန်တော်တို့ရမယ်လို့ မျှော်လင့်ပါတယ်။ ဆက်လက်ပြီးတော့ စီးပွားရေးကို ဘောင်ထဲကနေ အကောင်းဆုံးလုပ်သွားပါမယ်။ ၂၀၀၇ ခုနှစ် Brighter Future Myanmar Foundation ဖွဲ့ပြီးနောက်ပိုင်း တရားဝင်လှူခဲ့တာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ၁၄၄ ဘီလီယံကျော်သွားပါပြီ။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ တိုင်းပြည်မှာ သဘာဝဘေးကျရောက်တဲ့အခါ အားလုံးလှူခဲ့တာ ဖြစ်ပါတယ်။

**ဒေါ်ဝင်းဝင်းတင်၊ CEO**
**City Mart Holding Co,Ltd.**

ကျွန်မအနေနဲ့ကတော့ ဒီနေ့ပွဲမှာ အမေစုပြောသွားတဲ့စကားတွေအပေါ် အလွန်ပဲ ဝမ်းသာအားရဖြစ်မိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် စီးပွားရေးလုပ်ငန်းတွေ အရေးကြီးတယ်ဆိုတာကို အမေစုကလက်ခံပြီးတော့ စီးပွားရေးဖွံ့ဖြိုးမှုအတွက်ကိုလည်း လုပ်နေတဲ့အစီအစဉ်တွေရှိတယ်ဆိုတဲ့အကြောင်း ထုတ်ဖော်ပြောကြားပေးတဲ့အတွက်ကြောင့် စီးပွားရေးအသိုင်းအဝိုင်းအတွက်ဆိုရင် အလွန်အင်အားကြီးတဲ့ Message ဖြစ်ပါတယ်။ အမေစုအနေနဲ့ ဒီလို အင်အားကြီးတဲ့ Message ကိုပေးနိုင်တဲ့အတွက် စီးပွားရေးအဝန်းအဝိုင်းလည်း အခုထက်စာရင်ပိုကောင်းလာမယ်လို့ မျှော်လင့်ပါတယ်။

*စာမျက်နှာ ၉ မှ*

ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးမှာ စိန်ခေါ်မှုအချို့ ရှိပါတယ်။ ဥပမာအားဖြင့် စက်မှုဇုန်မြေတွေ ဈေးကြီးလာတယ်။ အောင်မြင်လာတဲ့ လှိုင်သာယာစက်မှုဇုန်ဆိုရင်၊ ရွှေပြည်သာစက်မှုဇုန်တွေဆိုရင် ငှားရမ်းခတွေ ဈေးမြင့်တယ်။ အချို့လုပ်ငန်းအသေးတွေက အဲဒီတွေမှာ မငှားနိုင်တော့ဘဲ ဈေးသက်သာတဲ့ သန်လျင်၊ မှော်ဘီ၊ သာကေတ၊ ဒဂုံမြို့သစ်တောင်ပိုင်း စတဲ့ဘက်တွေကို ရွှေ့သွားကြတယ်။ သူတို့က အလုပ်မကောင်းလို့ မဟုတ်ဘူး။ ငှားရမ်းခတွေ ဈေးကြီးတဲ့အတွက် ဈေးသက်သာတဲ့ နေရာတွေကို ပြောင်းသွားကြတာ။

အခုပဲကျွန်တော် ရန်ကုန်တိုင်းဒေသကြီးရဲ့ လျှပ်စစ်ဘုတ်အဖွဲ့ကို မေးမြန်းထားပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဟာ လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားကို အပြည့်အဝပေးနိုင်တယ်လို့ သိရပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ မေလက မဂ္ဂါဝပ်ပေါင်း ၁၅၄၉ အထိ ပေးအပ်နိုင်ခဲ့ပါတယ်။ လျှပ်စစ်ဓာတ်အားမှာ တစ်နိုင်ငံလုံးရဲ့ တစ်ဝက်ကျော်က ရန်ကုန်တိုင်းဒေသကြီးမှာ သုံးစွဲနေတာဖြစ်ပါတယ်။ အဲဒီထဲမှာ စက်မှုဇုန်တွေက သုံးစွဲမှုများတာပါ။ အချို့စက်မှုဇုန်တွေဆိုရင် Two Shift လုပ်တယ်။ ထုတ်လုပ်မှု အားကောင်းတယ်ဆိုရင် ဒီလိုလုပ်တာတောင် ထုတ်အားနဲ့ သုံးအားမမျှတာမျိုးဖြစ်တယ်။ အဲဒါကလည်း လျှပ်စစ်မီး အပြည့်အဝရတာကြောင့် ဖြစ်ပါတယ်။ အခုလည်း မိုးရာသီဖြစ်တာကြောင့် ဆည်တွေမှာ ရေအပြည့်ရှိပါတယ်။ ဒါကြောင့် လာမယ့်နှစ်တွေမှာလည်း လျှပ်စစ်မီးကို အပြည့်အဝပေးသွားနိုင်မှာ ဖြစ်ပါတယ်။ မီးပြတ်တယ်ဆိုတာကလည်း ရာသီဥတုကြောင့် အများကြီး ဖြစ်ရတာပါ။ လေတိုက်အားမြင့်ရင် သစ်ပင်တွေ ပြိုလဲတာ၊ ဓာတ်ကြိုးတွေ ထိခိုက်တာမျိုးတွေကြောင့် မီးပြတ်တောက်တာ ဖြစ်ရပါတယ်။

**အစီအစဉ်မှူး။** ။ ဝန်ကြီးဌာနအနေနဲ့ ပြည်တွင်း ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ဘယ်လိုတွေ ဆောင်ရွက်ပေးနေတယ်ဆိုတာကိုလည်း ဆွေးနွေးပြောကြားပေးပါဦး။

**ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်။** ။ ရန်ကုန်တိုင်းဒေသကြီးမှာ အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါများတဲ့အခါကျတော့ ဌာနကအလုပ်လိုချင်တဲ့ အလုပ်သမားတွေနဲ့ အလုပ်သမားရှာနေတဲ့ အလုပ်ရှင်တွေကို ချိတ်ဆက်ပေးပါတယ်။ အလုပ်ရှင်တွေဘက်ကနေ လိုအပ်တဲ့ အလုပ်သမားစာရင်းကို ကျွန်တော်တို့ဆီ ပို့ပေးဖို့လိုပါတယ်။ အလုပ်ခန့်ထားရင် အလုပ်ခန့်ထားမှု ကတ်ပြားထုတ်ယူဖို့ လိုပါတယ်။ အဓိက ဆွေးနွေးလိုတာကတော့ ပြည်ပထွက်ခွာ အလုပ်သမားကိစ္စနဲ့ ပတ်သက်ပြီး PJ Passport ထုတ်ပေးပါတယ်။ ပြည်ပအလုပ်သမား မှတ်ပုံတင်ကတ်ပြား ဆောင်ရွက်ပေးနေပါတယ်။ အလုပ်သမားရုံးမရှိတဲ့ မြို့နယ်တွေမှာ Mobile Team နဲ့ ကွင်းဆင်းလုပ်ဆောင်ပေးနေပြီ။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းမှာ အစိုးရဝန်ထမ်းအပါအဝင် ၁၉၀၀၀၀ ကျော်နဲ့ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်မှာ ၂၁၀၀၀၀ ကျော် အလုပ်အကိုင်တွေ ရှာဖွေပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက် www.myanmarjob.gov.mm ကို တည်ထောင်ထားပြီး အလုပ်အကိုင်တွေ ချိတ်ဆက်ပေးနေပါတယ်။ အလုပ်အကိုင်ရရှိမှုအနေနဲ့ အထွေထွေလုပ်သားနဲ့ အထည်ချုပ်လုပ်သားတွေ အများဆုံးပါဝင်ပါတယ်။

**ခင်ရတနာ**

*(ဆက်လက်ဖော်ပြပါမည်)*

*စာမျက်နှာ ၁၂ မှ*

"ရှိလာမယ် အလားအလာတွေရှိလာနိုင်မယ်။ ဥပမာအားဖြင့် Social Media Monitoring Team(SMMT) လုပ်တဲ့အပေါ်မှာ အထင်လွဲမှုတွေ ဖြစ်လာနိုင်တယ်။ နံပါတ်တစ်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Page အပါအဝင် ကျန်တဲ့ Page တွေ ဖြုတ်ချခံရခြင်းကိစ္စနဲ့ ပတ်သက်လို့ ထုတ်ပြန်ထားတဲ့အတိုင်း ဖြစ်ပါတယ်။ နံပါတ်နှစ်က အစိုးရရဲ့ Input လုံးဝတစ်စုံတစ်ရာ မပါဝင်ပါဘူး။ နံပါတ်သုံးက အစိုးရက ဖွဲ့စည်းထားတဲ့ SMMT လည်း မပါဘူး။ ဒါကိုတော့ အတိအလင်း ပြောချင်ပါတယ်။ အခုဖြစ်သွားတဲ့နောက်ပိုင်းမှာ Facebook ကိုတော့ ပြန်မေးထားတယ်။ ဒါတွေဖြစ်ရတဲ့အကြောင်းရင်း Community Standard တော့ ဟုတ်ပြီ၊ တန်းတူညီမျှတော့ ဖြစ်ရမယ်။

**ပြည်တွင်းဥပဒေလိုက်နာရမယ် သဘောတူညီချက်နဲ့သွားရ**

"Page တွေအများကြီးဖြစ်သွားတဲ့အပေါ်မှာလည်း ဝေဖန်မှုတွေက အများကြီး မြင့်တက်နေတယ်။ မြင့်တက်နေတဲ့အပေါ်မှာလည်း အစိုးရအနေနဲ့ သေသေချာချာ သိချင်တယ်။ သူတို့ Page တွေပြန်ရအောင် ဘယ်လိုလုပ်မလဲ၊ သူတို့ Page တွေ အသစ်ဖွင့်ရင်ဆက်ပြီး ဒီအတိုင်းပဲ ဖြုတ်ချမှာလား၊ ဒါကို ကျွန်တော်တို့က Facebook နဲ့ ဆက်ပြီးဆွေးနွေးနေတယ်။ အခု ကျွန်တော်တို့ လုပ်နေတာက Legal ပိုင်းက လုပ်တာ။ ဥပမာ Facebook ကနေပြီးတော့ ဗီယက်နမ်၊ တရုတ်၊ စင်ကာပူ ဖြစ်စေ အဲဒီမှာရုံးခွဲတွေရှိတယ်။ သူတို့ ရုံးခွဲထောင်တဲ့အချိန်ကျရင် သူ့ရဲ့ပြည်တွင်းဥပဒေကို လိုက်နာရမယ်ဆိုတဲ့ သဘောတူညီချက်နဲ့ သွားရတာပါ။ သက်ဆိုင်တဲ့နိုင်ငံဥပဒေအတိုင်း သွားတာပါ။

"ကျွန်တော်တို့နိုင်ငံမှာ Facebook ရုံးခွဲ မရှိဘူး။ မရှိတော့ world wide web-www အပေါ်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံက User အဖြစ်သုံးတယ်။ သုံးတဲ့အပေါ်မှာ Facebook က တစ်ခုခုဖြစ်လာရင် မြန်မာနိုင်ငံအစိုးရရဲ့ပြည်တွင်းဥပဒေတွေ၊ တည်ဆဲဥပဒေတွေက သူ့အပေါ်မှာ By name မဖြစ်ဘူး။ မြန်မာနိုင်ငံရဲ့ တည်ဆဲ ဥပဒေတွေ၊ ဥပဒေတွေ လိုက်နာစရာမလိုဘူးဆိုတဲ့ အနေအထားဖြစ်တယ်။ တရုတ် မှာဆိုရင် Facebook ကို ပိတ်တယ်။ သူရဲ့ ပြည်တွင်းဖြစ် Social Media တွေ သာ သုံးတယ်။ Facebook ကိုသုံးတဲ့အချိန်မှာ Agreement လုပ်တဲ့သဘောရှိတယ်။

"အလားတူပဲ European Council ဥရောပမှာလည်း Facebook နဲ့ MoU ထိုးတာတွေရှိတယ်။ အဲဒီမှာလည်း ကျွန်တော်တို့အစိုးရအနေနဲ့ Facebook နဲ့ MoU ထိုးဖို့ထိ ညှိနှိုင်းခဲ့တယ်။ ညှိနှိုင်းခဲ့သော်လည်း Individual နိုင်ငံအနေနဲ့ ပတ်သက်လို့ ထိုးတဲ့အလေ့အထ သူတို့မှာမရှိဘူးဆိုတဲ့အတွက် G to G အစိုးရနဲ့ သက်ဆိုင်ရာ အစိုးရ၊ အစိုးရနဲ့ Facebook Team နဲ့ ဘယ်လိုသဘောတူညီချက်တွေ လုပ်နိုင်မလဲဆိုတာ ဆက်ဆွေးနွေးဖို့ ရှိပါတယ်။

"နောက်တစ်ချက်က Social Media မှာ အထူးသဖြင့် မြန်မာနိုင်ငံမှာ Facebook ကို အဓိကမှီခိုအားထားနေလို့ Facebook အခန်းကဏ္ဍက Main Stream Media လို ဖြစ်လာတယ်။ တစ်ဖက်ကလည်း ကောင်းကျိုးတွေရှိသလို တစ်ဖက်ကလည်း ဆိုးကျိုးတွေရှိတယ်။ ဒီအပေါ်မှာ မြန်မာပြည်သူလူထု User တွေ ၊ မြန်မာ Community က အထူးသဖြင့် ဆက်လက်ဆွေးနွေးဖို့ ရှိလိမ့်မယ်။ ဆိုလိုတာက Facebook ပေါ်မှာ Like လုပ်တာများလာတယ်။ ကျွန်တော်တို့ ပြည်သူလူထုတွေရဲ့ Data အချက်အလက်တွေ အကုန်လုံးက Facebook ပေါ်မှာ ရှိပါတယ်။

**Online နဲ့ ပတ်သက်တဲ့ တိကျတဲ့ ဥပဒေစည်းမျဉ်း စည်းကမ်းရှိဖို့လို**

"နောက်တစ်ဆင့် ဘာတွေဆက်ဖြစ်မလဲ၊ ဒါတွေကလည်း ကျယ်ကျယ်ပြန့်ပြန့် တွေးကြဖို့လိုတယ်။ အစိုးရပိုင်းကတော့ ဘာလိုသလဲဆိုရင် ကျွန်တော်တို့က Long Term သွားနေတာ အခုအချိန်ထိ Cyber Law မရှိဘူး။ ဆက်သွယ်ရေးဥပဒေက ကွန်ရက်အသုံးပြုတာတွေနဲ့ တကယ် Cyber မှာ အဓိကဖြစ်နေတဲ့ ချိုးဖောက်မှုတွေနဲ့ ပတ်သက်တဲ့အရေးယူနိုင်တဲ့ ဥပဒေဆိုတာ မရှိသေးဘူး။ နိုင်ငံတကာမှာရှိတယ်။ Cyber Law ရှိသလို Cyber Police ရှိတယ်။ Cyber မှာ ဖြစ်သမျှကိစ္စတွေနဲ့ ပတ်သက်လို့ ဥပဒေကြောင်းအရ ရှင်းလို့ရတယ်။ အခုလက်ရှိ မြန်မာနိုင်ငံမှာ ဖြေရှင်းဖို့ခက်တယ်။ ဥပဒေမရှိတော့ ဆက်သွယ်ရေးဥပဒေကို ကိုးကားရတယ်။ Online နဲ့ ပတ်သက်တဲ့ သုံးစွဲမှုတွေမှာ တိကျတဲ့ ဥပဒေစည်းမျဉ်း စည်းကမ်းတွေ ရှိဖို့လိုတယ်။ ဒါက Long Term မြန်မြန်လေးတွန်းဖို့တော့ လိုလိမ့်မယ် "ဟု ပြောကြားသည်။

**ကျော်သူထက် ၊ မွှေးကြူငင်**

# တောင်ငူခရိုင်အတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကျော်နှင့် မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ



**တောင်ငူ ဩဂုတ် ၂၇**

တောင်ငူခရိုင် ထန်းတပင်မြို့နယ် နတ်ရွာကျေးရွာ ထန်းတပင်-ဇရပ်ကြီး ကားလမ်းဘေးရှိ စားသောက်ဆိုင်အနီး မူးယစ်ဆေးဝါးများ ရောင်းဝယ်ဖြန့်ဖြူးနေကြောင်း သတင်းအရ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ မူးယစ်အထူးအဖွဲ့ငယ်မှ ရဲအုပ်စိုင်းသီဟန်လင်း၊ တိုင်းဒေသကြီး မှုခင်းအကူဌာနစုမှ ရဲတပ်ကြပ် ရာဇာအောင်၊ တောင်ငူခရိုင် ရဲတပ်ဖွဲ့မှူးရုံး၊ ထန်းတပင်မြို့မရဲစခန်းမှူး ဒုရဲမှူး အောင်ဝင်းထွေးနှင့် ပူးပေါင်းအဖွဲ့များသည် ဩဂုတ် ၂၇ ရက် ညနေ ၃ နာရီခွဲခန့်တွင် စောင့်ဆိုင်းနေစဉ် ဇရပ်ကြီးမှ ထန်းတပင်ဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးခဲ့ရာ ခွန်စိုးနောင် (၄၅ နှစ်) မိုးကောင်းကျေးရွာအုပ်စု ထန်းတပင်မြို့နယ်နေသူထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၆၁ ပြားနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသဖြင့် ထန်းတပင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။

ခွန်စိုးနောင် နေထိုင်သည့် ထန်းတပင်မြို့နယ် မိုးကောင်းကျေးရွာအုပ်စု နှစ်တန်ကူးကျေးရွာရှိ နေအိမ်အား ဆက်လက်ရှာဖွေခဲ့ရာ TOYOTA AD VAN KYH- FF/---- နံပါတ်တပ်ယာဉ်တစ်စီးနှင့်အတူ မင်းမင်းထွန်း၊ ခွန်မောင်ရဲ၊ ခွန်မောင်ထွန်းတို့ သုံးဦးကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆၇ ပြား ကာလတန်ဖိုး ငွေကျပ် ၁၀၃၃၅၀၀ နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသဖြင့် ဇရပ်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**သူရ (တောင်ငူ)**

## တပ်ကုန်းမြို့ ရန်ကုန် - မန္တလေး ကားလမ်းဘေး၌ ခင်ပွန်းဟောင်းကသတ်၍ အမျိုးသမီးတစ်ဦးသေဆုံးမှုဖြစ်

**တပ်ကုန်း ဩဂုတ် ၂၇**

နေပြည်တော် တပ်ကုန်းမြို့တောင်ဘက် ရန်ကုန်-မန္တလေး ကားလမ်းမဘေးတွင် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက အမျိုးသမီးတစ်ဦးအား ခင်ပွန်းဟောင်းဖြစ်သူက လည်လှီးသတ်မှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက တပ်ကုန်းမြို့နယ် ကံလုအုပ်စု ဝက်စု (ရွှေစု)ကျေးရွာနေ မစုရည်ဖြိုး(၂၈နှစ်)(ရှေ့နေ)သည် ဖခင်ဖြစ်သူ ဦးအောင်မောင်းနှင့်အတူ ဆိုင်ကယ်စီး၍ နေအိမ်မှ မြို့နယ်တရားရုံးသို့ သွားရောက်ရာ ရန်ကုန်-မန္တလေးလမ်းပေါ် မိုင်တိုင်အမှတ်(၂၇၃/၁) နွယ်ရစ်ကျေးရွာအနီးတွင် မစုရည်ဖြိုးနှင့် လွန်ခဲ့သောတစ်နှစ်ခန့်က နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးပေါင်းသင်းနေထိုင်ရာမှ စိတ်သဘောထားမတိုက်ဆိုင်သဖြင့် လွန်ခဲ့သော တစ်လခန့်က တရားရုံးတွင် တရားဝင် ကွာရှင်းပြတ်စဲထားသော ခင်ပွန်းဟောင်း အောင်စိုး(ခ)မောင်စိုး (၄၅ နှစ်)ဆည်ထိပ်ကျေးရွာ (ရွှေးစုအုပ်စု)နှင့် မျက်နှာချင်းဆိုင် ရုတ်တရက်တွေ့လိုက်သဖြင့် ကားလမ်းဘေးသို့ ရပ်တန့်တိမ်းရှောင်ပေးလိုက်သည်။

ယင်းနောက် အောင်စိုးက ဆိုင်ကယ်ဖြင့် အနီးသို့ရောက်လာပြီး မစုရည်ဖြိုးအား လုံချည်ကာ လွယ်အိတ်ထဲမှ ဓားမြှောင်ဖြင့် လည်ပင်းလှီးခဲ့ရာ နေရာတွင် သေဆုံးသွားခဲ့သည်။ ပြစ်မှုကျူးလွန်သူ အောင်စိုးမှာ ဆိုင်ကယ်ဖြင့် ထွက်ပြေးသွား၍ တပ်ကုန်းမြို့မရဲစခန်းက လိုက်လံစုံစမ်းရှာဖွေလျက်ရှိပြီး ၎င်းအားတွေ့ရှိပါက နီးစပ်ရာ ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးနိုင်ရန် နှိုးဆော်ထားကြောင်း သိရသည်။

**တင်ထွန်းတာ(တပ်ကုန်း)**

## မြန်မာ့ရုပ်မြင်သံကြား

၂၈-၈-၂၀၁၈ (အင်္ဂါနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - "မြန်မာ့သမိုင်းအဖွဲ့နှင့် သုတေသနဌာန ဖြစ်တည်လာမှုနှင့် ဖြတ်သန်းလာခဲ့သော ကာလမှ အနာဂတ်ဆီသို့"
- ၈း၃၅ - **"စီးပွားရေးစကားဝိုင်း" (အလုပ်အကိုင် အခွင့်အလမ်းနှင့် ကုန်ထုတ်စွမ်းအား တိုးတက်မှု) (ပထမပိုင်း)**
- ၁၁း၀၀ - ပြည်သူ့နီတိ "ထမင်းဝိုင်း" (ပထမပိုင်း)
- ၁၃း၁၀ - Yes or No Talk Show
- ၁၃း၄၅ - **နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်နှင့် ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများ၏ ရသစာပေစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ)**

**ညပိုင်း**

- ၁၇း၃၅ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၀ - Football Magazine
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **"စီးပွားရေးစကားဝိုင်း" (အလုပ်အကိုင်အခွင့်အလမ်းနှင့် ကုန်ထုတ်စွမ်းအား တိုးတက်မှု) (ဒုတိယပိုင်း)**

## ရွှေဘိုမြို့မှ ဆိုင်ကယ်ခိုးယူသူအား GPS အကူအညီဖြင့် မိတ္ထီလာမြို့၌ ဖမ်းဆီးရမိ

**ရွှေဘို ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် GPS တပ်ဆင်ထားသော ဆိုင်ကယ်ခိုးယူသူအား အခင်းဖြစ်ပွားပြီး ၁၀ နာရီအတွင်း ဖမ်းဆီးရမိခဲ့ကြောင်း ရွှေဘိုမြို့မရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ်နေယုမောင်ထံမှ သိရသည်။

ဖြစ်စဉ်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် ဩဂုတ် ၂၃ ရက် နံနက် ၈ နာရီက မဇင်ဝါလင်း အလုပ်နှင်းမြေ အမျိုးသမီးဘော်ဒါဆောင် အမှတ် (၁၀)ရပ်ကွက် ရွှေဘိုမြို့နေသူသည် ၎င်းနေထိုင်သည့် အဆောင်အနောက်ဘက်ရှိ ဆိုင်ကယ်ထားသည့်နေရာတွင် ဇက်သော့ခတ်ရပ်တန့်ထားခဲ့သော ၆၁ယ/၅၇--- နံပါတ်ပါ Honda Click အမျိုးအစား(အနက်/အညို) ရောင် ဆိုင်ကယ်မှာ မရှိတော့ဘဲ ပျောက်ဆုံးနေကြောင်း သိရှိရသဖြင့် ခိုးယူသွားသူအား စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် ရွှေဘိုမြို့မရဲစခန်းသို့ လာရောက်တိုင်တန်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ခိုးယူခံရသော ဆိုင်ကယ်တွင် တည်နေရာပြ GPS စနစ်တပ်ဆင်ထားကြောင်း သိရသဖြင့် GPS အကူအညီဖြင့် စုံစမ်းခဲ့ရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့တွင် ရောက်ရှိနေကြောင်း သိရသဖြင့် ရွှေဘိုမြို့မရဲစခန်းမှူး ဒုရဲမှူး မြင့်မောင်၏ ညွှန်ကြားမှုဖြင့် ဒုစခန်းမှူး ရဲအုပ်နေယုမောင်က မိတ္ထီလာမြို့မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ဇော်လတ်မျိုး ဦးဆောင်သော နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ချိတ်ဆက်၍ အကူအညီတောင်းခံခဲ့ရာ ခိုးယူခံရသော ဆိုင်ကယ်အား ဆိုင်ကယ်ခိုးယူသူ အဏ္ဏဝါချစ် (၃၂ နှစ်) အောင်ဆန်းစက်ဝန်းရပ်ကွက် မိတ္ထီလာမြို့နေသူနှင့်အတူ ဩဂုတ် ၂၃ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် မိတ္ထီလာမြို့ရှိ ဂန္ဓမာဟောဈေးအနီး၌ ဖမ်းဆီးရမိခဲ့ရာ ရွှေဘိုမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မြတ်ဖုန်းပိုင်နှင့် နယ်ထိန်းတပ်ဖွဲ့ဝင်များက မိတ္ထီလာမြို့သို့ သွားရောက်၍ ၎င်းအား ခေါ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါအမှုမှ ဆိုင်ကယ်ခိုးယူသူ အဏ္ဏဝါချစ် (၃၂ နှစ်)အား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်ဇော(ရွှေဘို)**

## ငါးပိုက်တန်းသွားရင်း ချောင်းကမ်းပါးပြို၍ ကလေးငယ်တစ်ဦး ရေနစ်သေဆုံး

**ရွှေကူ ဩဂုတ် ၂၇**

ရွှေကူမြို့နယ် စီသော်ကျေးရွာ မိုးစစ်ချောင်း ပျဉ်တံတားဆိပ်ကမ်း၌ ဦးမောင်ညွှန့်ဦး၏သား ဆီရှိုင်းအောင် (၁၂ နှစ်)၊ ပိုးလေး (၈ နှစ်)၊ ဦးကျော်ထူး၏ သား ပြည့်စုံကျော် (၇နှစ်)တို့သည် ငါးပိုက်တန်းမျှောရန် ရေနားဆိပ်ကမ်းသို့ ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက သွားခဲ့သည်။

ကမ်းပါးခြေတွင် ချောင်းရေပြည့်နေသောကြောင့် မြေအိနေချိန် ချောင်းကမ်းပါး မြေပြိုကျပြီး ပိုးလေးနှင့် ပြည့်စုံကျော်တို့မှာ ချောင်းထဲကျသွားခဲ့သည်။ အစ်ကိုဖြစ်သူ ဆီရှိုင်းအောင်က ရေထဲခုန်ဆင်းပြီး ကလေးနှစ်ယောက်အား ကယ်တင်ရန် ကြိုးစားပေးခဲ့သော်လည်း ၎င်းကိုယ်တိုင်မှာ ချောင်းရေနှင့် မျောပါသွားကြောင်း သိရသည်။

ရေနစ်မှုသတင်း ကြားသိရသည်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများက လှေများဖြင့် ရှာဖွေသော်လည်း မတွေ့ရှိရကြောင်း၊ အခင်းဖြစ်ချိန်တွင် မိုးများရွာသွန်းနေပြီး တောင်ကျချောင်းရေလည်း တစ်ဟုန်ထိုး စီးဆင်းနေကြောင်း၊ ဩဂုတ် ၂၅ ရက် နံနက် ၅ နာရီခန့်တွင် နောင်မပေါက်ချောင်းရေဆိပ်၌ တံငါသည်တစ်ဦးက ဆီရှိုင်းအောင်၏ သေဆုံးနေသော အလောင်းကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာသို့ ဆက်သွယ် အကြောင်းကြားခဲ့ကြောင်း သိရသည်။

**လဘန်အောင်**

## ပင်လည်ဘူးမြို့နယ်အတွင်းမှ ဘိန်းမည်း ၂၁၂၂ ဒသမ ၉ ဂရမ် ဖမ်းမိ

**ပင်လည်ဘူး ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် တောင်းစိမ်းကျေးရွာအနီးမှ ဘိန်းမည်း ငွေကျပ် ၆၃ သိန်းကျော်ဖိုး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၅ နာရီခွဲခန့်တွင် ပင်လည်ဘူးမြို့မရဲစခန်းမှ နယ်ထိန်း ဒုရဲအုပ် ဖြိုးဝေလင်းဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ပင်လည်ဘူးမြို့နယ် တောင်းစိမ်းကျေးရွာအနီးတွင် မူးယစ်ဆေးဝါးသတင်းအရ စောင့်ဆိုင်းနေစဉ် မြင့်ဝေဆိုသူ မောင်းနှင်လာသော ဆိုင်ကယ်အား မသင်္ကာ၍ရပ်တန့်စစ်ဆေးရာ မြင့်ဝေမှာ ဆိုင်ကယ်ကို ရပ်တန့်ခြင်းမပြုဘဲ အထုပ်အားပစ်ချကာ နောက်ပြန်မောင်းပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ ဖမ်းဆီးရမိခြင်းမရှိသဖြင့် ၎င်းပစ်ချသော အထုပ်အား စစ်ဆေးရာ ဘိန်းမည်း ၁ပိဿာ ၃၀ ကျပ်သား (၂၁၂၂ ဒသမ ၉)ဂရမ် ကာလတန်ဖိုးငွေကျပ် ၆၃၆၈၇၀၀ အား စစ်ဆေးတွေ့ရှိရသဖြင့် ဘိန်းမည်းသယ်ဆောင်သူ ပင်လည်ဘူးမြို့နယ် ဝါးရုံကုန်းကျေးရွာနေ မြင့်ဝေဆိုသူအား ဖမ်းမိရေးအတွက် ဆောင်ရွက်ထားပြီး ထိုအမှုအား ပင်လည်ဘူးမြို့မရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

## ပင်လည်ဘူးမြို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ပင်လည်ဘူး ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ပင်းမောင်အုပ်စု တောင်ဘို့လုကျေးရွာအနီးတွင် ဩဂုတ် ၂၆ ရက် ည ၁၀ နာရီက မူးယစ်ဆေးဝါးနှင့်အတူ မူးယစ်ဆေးဝါးရောင်းရငွေများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒုရဲအုပ်ဖြိုးဝေလင်းနှင့်အဖွဲ့သည် ဩဂုတ် ၂၆ ရက် ည ၁၀နာရီခန့်တွင် မူးယစ်ဆေးဝါး သတင်းအရ ပင်းမောင်အုပ်စု တောင်ဘို့လုကျေးရွာနေ စင်းမောင်၏ လယ်တောတဲသို့ ရှာဖွေစဉ် စင်းမောင် တောင်ဘို့လုကျေးရွာ ပင်လည်ဘူးမြို့နယ်၊ သန်းဘို နားဟီးအုပ်စု ဖယ်ခုံမြို့နယ် ရှမ်းပြည်နယ်၊ သိန်းဇော် လွယ်ဆောင်ကျေးရွာ ဖယ်ခုံမြို့နယ်နှင့် လှမိုး လွယ်စေတီကျေးရွာ ဖယ်ခုံမြို့နယ်တို့အား တွေ့ရှိရသည်။ ၎င်းတို့နှင့်အတူ မူးယစ်ဆေးဝါးရောင်းရငွေ ငွေကျပ် ၁၀၂ သိန်းနှင့် စိတ်ကြွရူးသွပ်ဆေးပြား လေးပြား၊ ဘိန်းမည်း ၁၆ ဒသမ ၃၃ ဂရမ်ခန့်ပါ အထုပ်တစ်ထုပ်နှင့် ဆက်စပ်ပစ္စည်းတို့အား ရှာဖွေသိမ်းဆည်းရမိပြီး ၎င်းတို့အား ပင်လည်ဘူးမြို့မရဲစခန်းမှ ဥပဒေအရ စစ်ဆေးအရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**မျိုးလွင်(ပင်လည်ဘူး)**



## ဖမ်းဆီးခံ ရိုက်တာသတင်းထောက်နှစ်ဦးအား အပြီးသတ်အမိန့်ချမှတ်ရန် ပြန်လည်ချိန်းဆိုထား

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက်နှစ်ဦး မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရမှုနှင့် ပတ်သက်၍ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်၏ တရားခွင်(၆)တွင် ယနေ့နံနက် ၁၀ နာရီက ၃၇ ချိန်းမြောက် ရုံးထုတ်ခဲ့ပြီး အပြီးသတ်အမိန့်ချမှတ်ရန် ချိန်းဆိုထားသော်လည်း ရုံးထိုင်တရားသူကြီး ခွင့်ယူထားသဖြင့် နောက်တစ်ပတ်သို့ ပြန်လည်ချိန်းကြောင်း သိရသည်။

မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက် ကိုသက်ဦးမောင်(ခ)ဝလုံးနှင့် ကိုကျော်စိုးဦး(ခ)မိုးအောင်တို့နှစ်ဦးအား ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် ၄ တရားလို ဒုတိယရဲမှူးကြီး ယုနိုင် ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံး ပါ-၂ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ) အရ စွဲဆိုမှုကနေ တရားလိုပြသက်သေ ၂၅ ဦး တင်ပြထားရာမှာ သုံးဦးကိုပယ်လိုက်သဖြင့် ကျန်လိုပြသက်သေ ၂၂ ဦး ကုန်စင်အောင်စစ်ဆေးပြီးရာမှ ဇူလိုင် ၂ ရက် ရုံးချိန်းတွင် စွဲချက်တင်ရန် သင့်မသင့် နှစ်ဖက်ရှေ့နေများ၏ လျှောက်လဲချက်ကို ကြားနာခဲ့ကြောင်း ကျယ်ကျယ်ပြန့်ပြန့် ကြားနာခဲ့ပြီးကာမှ ယခင်အစကနဦး စွဲဆိုထားသည့် ဥပဒေပုဒ်မ ၃(၁)(ဂ) နှင့်ပင် ဇူလိုင် ၉ ရက် ရုံးချိန်း၌ စွဲချက်တင် အမိန့်ချမှတ်ခဲ့သည်။

ဩဂုတ် ၂၀ ရက်က နှစ်ဖက်ရှေ့နေများ လျှောက်လဲချက်ကို ကျယ်ကျယ်ပြန့်ပြန့် အပြီးသတ်ကြားနာပြီး ဩဂုတ် ၂၇ ရက်တွင် အပြီးသတ်အမိန့်ချရန် ချိန်းဆိုထားခြင်းဖြစ်သည်။ ရန်ကုန်မြောက်ပိုင်းခရိုင် သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီးဒေါ်စုစန္ဒာဝင်းက "ကျွန်မတို့ မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် ၄ တရားလို ဒုတိယရဲမှူးကြီး ယုနိုင် ပြစ်မှုကျူးလွန်သူ သက်ဦးမောင်(ခ)ဝလုံး ပါ-၂ မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ) အရစွဲဆိုမှုကနေ ဩဂုတ် ၂၀ ရက်က နှစ်ဖက်ရှေ့နေများရဲ့အပြီးသတ်လျှောက်လဲချက်ကို ကျယ်ကျယ်ပြန့်ပြန့် ကြားနာခဲ့တာဖြစ်ပြီး ဒီကနေ့ရုံးချိန်းမှာ အပြီးသတ်အမိန့်ချမှတ်သွားဖို့ ရှိပေမယ့် ရုံးထိုင်တရားသူကြီးက ရှောင်တခင် ခွင့်ယူထားတဲ့အတွက် ခရိုင်တရားသူကြီး ဦးခင်မောင်မောင်ကိုယ်တိုင်က စက်တင်ဘာ ၃ ရက်တနင်္လာနေ့ကို ပြန်ချိန်းပေးလိုက်ပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် နံပါတ်(၁)ဂိတ်အနီး၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**တမူး ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် နံပါတ်(၁)ဂိတ်အနီးရှိ သစ်ပင်ချုံနွယ်များအတွင်းတွင် တွေ့ရှိရသူအား မူးယစ်ဆေးဝါးများနှင့်အတူ ဩဂုတ် ၂၆ ရက် က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တမူးမြို့ မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ ရဲအုပ်သိန်းတင်ဦး ဦးစီးသည့်တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ ဩဂုတ် ၂၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က တမူးမြို့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် အမှတ်(၁)ဂိတ်အနီးရှိ သစ်ပင်ချုံနွယ်များအတွင်းတွင် တွေ့ရှိရသူ ကလေးမြို့နယ်လှိုင်သာယာရပ်ကွက်နေ ကျော်ကျော်နှင့် အင်ဒိုင်းကြီးကျေးရွာနေ ရန်နိုင်ထွန်းတို့အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅ ပြား၊ Buprenorphine ဆေးပြား ၁၀ ပြားနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ၍ တမူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**

# ပါလက်စတိုင်းသို့ ဂျပန်မှ အကူအညီများ ပေးအပ်မည်

**တိုကျို ဩဂုတ် ၂၇**

ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ၌ အမေရိကန်က ဘဏ္ဍာငွေများ ဖြတ်တောက်ခဲ့သည့်အတွက် ဘဏ္ဍာရေးအကျပ်အတည်းများနှင့် ရင်ဆိုင်နေရရာ ဂျပန်နိုင်ငံက အရေးပေါ်အကူအညီများ တိုးချဲ့ပေးသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယခုသီတင်းပတ် နှောင်းပိုင်းတွင် ဂျပန်အစိုးရမှအကူအညီများပေးအပ်သွားမည်ဟု သတင်းအရင်းအမြစ်များက ပြောသည်။ ပါလက်စတိုင်းဒုက္ခသည်များအတွက် ကုလသမဂ္ဂ သက်သာချောင်ချိရေးနှင့် အလုပ်သမားအေဂျင်စီ ( UNRWA) သို့ ဂျပန်နိုင်ငံမှ ဒေါ်လာ ၅ ဒသမ ၄ သန်း တိုး၍ပေးအပ်သွားမည်ဟု သတင်းအရင်းအမြစ်များက ပြောသည်။

အဆိုပါ ရန်ပုံငွေသည် ဂါဇာကမ်းမြောင်ဒေသရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများနှင့်ရင်ဆိုင်နေရသော ပါလက်စတိုင်းပြည်သူ တစ်သန်းခန့်ကို အစားအစာများ ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

အကယ်၍ UNRWA သည် လာမည့်လအတွင်း ဒေါ်လာသန်း ၂၀၀ ခန့် လက်ခံရရှိခြင်း မရှိပါက လက်ရှိလုပ်ဆောင်နေသော လုပ်ငန်းစဉ်များကို ရပ်ဆိုင်းသွားရဖွယ်ရှိသည်။

အမေရိကန်ပြည်ထောင်စုမှ အကူအညီများ မရပ်ဆိုင်းမီ ပါလက်စတိုင်းဒုက္ခသည် ၅ ဒသမ ၃ သန်းကို အစားအစာ၊ ဆေးဝါးနှင့် ပညာရေးများတွင် အသုံးချနိုင်ရန် ကုလသမဂ္ဂအေဂျင်စီသို့ အမေရိကန်မှ ၃၀ ရာခိုင်နှုန်းခန့် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အမေရိကန်ဘက်မှလည်း ကြားဖြတ်ရွေးကောက်ပွဲမတိုင်မီ အစ္စရေးလိုလားသူများထံမှ မဲရရှိရေးအတွက် ပါလက်စတိုင်းခေါင်းဆောင်ပိုင်းအပေါ် ယခုကဲ့သို့တင်းကျပ်မှုမျိုး ပြုလုပ်ရခြင်းဖြစ်ကြောင်း ဝေဖန်ကြသည်။

ကုလသမဂ္ဂကလည်း UNRWA ကို အရေးပေါ်အကူအညီများပေးကြရန် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းထံ အကူအညီတောင်းခံလျက်ရှိကြောင်း သိရသည်။




**အင်န်အိတ်ချ်ကေ**

# အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်၌ ပစ်ခတ်မှုဖြစ်ပွားရာ သုံးဦး သေဆုံး

**ဖလော်ရီဒါ ဩဂုတ် ၂၇**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ဂျက်ဆန်ဗီလီမြို့ရှိ ဂိမ်းအရက်ဘားတစ်ခု၌ ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ လူသုံးဦး သေဆုံးသွားခဲ့ကြောင်း၊ သေဆုံးသူများထဲတွင် သေနတ်သမားလည်း ပါဝင်ကြောင်း ဒေသခံရဲတပ်ဖွဲ့က မကြာသေးမီက ပြောခဲ့သည်။

ပစ်ခတ်မှုဖြစ်စဉ်ကြောင့် အခြားလူ ၁၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အားလုံး ပုံမှန်အခြေအနေတွင်ရှိကြောင်း ဂျက်ဆန်ဗီလီမြို့ တာဝန်ရှိသူတစ်ဦးက ပြောခဲ့သည်။

ပစ်ခတ်မှုအတွင်း ထိခိုက်ဒဏ်ရာရရှိသူများကို မီးသတ်နှင့် ကယ်ဆယ်ရေးဌာနက နီးစပ်ရာ ဆေးရုံများသို့ ပို့ပေးထားကြောင်း ၎င်းက ဆက်လက်ပြောခဲ့သည်။

ပစ်ခတ်မှုသည် မြို့လယ်ရှိ ဈေးဝယ်နေရာတစ်ခုတွင် ဩဂုတ် ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

သေနတ်သမားသည် ဂိမ်းဆိုင်နှင့် တွဲဖွင့်ထားသည့် အရက်ဘားတစ်ခုအတွင်း ပစ်ခတ်မှုပြုလုပ်ခဲ့ခြင်းဖြစ်ပြီး သေနတ်ပစ်ခတ်မှုဖြစ်ပွားချိန်တွင် ဂိမ်းပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်နေသည့် အချိန်ဖြစ်ကြောင်း သိရသည်။

သေနတ်သမားအဖြစ် သံသယရှိသူ အမျိုးသားမှာ အသက် ၂၄ နှစ်အရွယ် ဒေးဗစ်ကာ့ဇ်ဖြစ်ပြီး ၎င်းသည် ဂိမ်းပြိုင်ပွဲဝင်ရန် မေရီလန်းပြည်နယ် ဘာလ်တီမိုမြို့မှ လာရောက်ခဲ့သူဖြစ်ကြောင်း သိရသည်။

ကာ့ဇ်သည် မိမိကိုယ်ကို အဆုံးမစီရင်မီ အော်တိုမက်တစ် ရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်မှု ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ ကာ့ဇ်သည် အီးအေဂိမ်းပြိုင်ပွဲတွင် ၂၀၁၇ ခုနှစ် ချန်ပီယံဆုရရှိထားသူဖြစ်သည်။




အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သေနတ်ပစ်ခတ်မှုဖြစ်စဉ်နှင့် ပတ်သက်၍ စုံစမ်းသိရှိမှုတင်ပြရန် ညွှန်ကြားထားကြောင်း သမ္မတအိမ်ဖြူတော် ပြန်ကြားရေးတာဝန်ခံ ဆာရာဟက်ကာဘီးဆန်ဒါး၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ဆင်ဟွာ**

# အမေရိကန်နိုင်ငံ ချီကာဂိုမြို့ လူနေတိုက်ခန်းတွင် မီးလောင်မှုကြောင့် ရှစ်ဦးသေဆုံး

**ချီကာဂို ဩဂုတ် ၂၇**

အမေရိကန်နိုင်ငံ ချီကာဂိုမြို့အနောက်တောင်ပိုင်းရှိ လူနေတိုက်ခန်းတစ်ခုတွင် ဩဂုတ် ၂၆ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ကလေးငယ်ခြောက်ဦးနှင့် လူကြီးနှစ်ဦး သေဆုံးခဲ့ကြောင်း၊ မီးညွန့်များမှာ မွန်းလွဲပိုင်းအထိ ကျန်နေကြောင်း သတင်းများတွင် ဖော်ပြသည်။


ချီကာဂိုမြို့ မီးသတ်တပ်ဖွဲ့အကြီးအကဲ ဂျိုစ့်ဆန်တီယာဂိုက သတင်းစာရှင်းလင်းပွဲတွင် ယခုလို မီးလောင်မှုမျိုး မဖြစ်သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်ကြောင်း၊ ယခုဖြစ်ပွားခဲ့သည့်မီးလောင်မှုသည် တစ်နေရာတည်းတွင် ဖြစ်ပွားခဲ့သည့် လူသေဆုံးမှုနှင့် ဒဏ်ရာရရှိမှု အများဆုံးဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်ကြောင်း ပြောကြားခဲ့သည်။

မီးလောင်မှုကြောင့် အခြေအနေဆိုးရွားသော ကလေးငယ်နှစ်ဦးထက်မနည်း ဒေသတွင်းဆေးရုံတစ်ခုသို့ ပို့ဆောင်ပေးထားကြောင်း ချီကာဂိုရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်ကို အမျိုးသမီးတစ်ဦးက သတိပြုမိပြီး ၉၁၁ သို့ ဖုန်းခေါ်ဆို အသိပေးခဲ့ကြောင်းနှင့် ယင်းနောက် အိမ်နီးချင်းများကို တံခါးခေါက်ကာ လိုက်လံ နှိုးဆော်ခဲ့ကြောင်း ချီကာဂိုမြို့ မီးသတ်တပ်ဖွဲ့အကြီးအကဲ ဂျိုစ့်ဆန်တီယာဂိုက ပြောခဲ့သည်။

ထိုသို့ လုပ်ဆောင်ခဲ့သောကြောင့် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မီးငြိမ်းသတ်နေစဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော မီးသတ်သမားတစ်ဦးကို နီးစပ်ရာဆေးရုံသို့လည်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။





အဆိုပါမီးသတ်သမား၏ အခြေအနေမှာ ကောင်းမွန်ကြောင်းနှင့် မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရှိသေးကြောင်း ဆန်တီယာဂိုက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# တောင် - မြောက်ကွဲကွာနေသော ကိုရီးယားမိသားစုတွေ့ဆုံပွဲ ပြီးဆုံး

**ပြုံယမ်း ဩဂုတ် ၂၇**

မြောက်ကိုရီးယားနိုင်ငံ ကွန်ဂန်တောင်၌ ဩဂုတ် ၂၀ ရက်က စတင်ကျင်းပခဲ့သည့် တောင်-မြောက်ကိုရီးယား နှစ်နိုင်ငံကွဲကွာနေသော မိသားစုဝင်များ တွေ့ဆုံပွဲကို နှစ်ကြိမ်ခွဲကျင်းပခဲ့ရာ ဩဂုတ် ၂၆ ရက်တွင် ပြီးဆုံးသွားပြီဖြစ်ကြောင်း မြောက်ကိုရီးယားသတင်းဌာနဖြစ်သည့် ကေစီအင်န်အေ၏ သတင်းတွင် ဖော်ပြခဲ့သည်။

ယခုကျင်းပခဲ့သည့်တွေ့ဆုံပွဲသည် သမိုင်းဝင် ပန်မွန်ဂျုံကြေညာချက်ကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ဩဂုတ် ၂၄ ရက်တွင် ပြန်လည် စတင်ခဲ့သည့် ဒုတိယပွဲစဉ်တွင် နှစ်ပေါင်းများစွာ ကွဲကွာနေသော မိသားစုဆွေမျိုးများ တွေ့ဆုံခွင့်ရရှိခဲ့ကြောင်း သိရသည်။

(၂၁)ကြိမ်မြောက် တောင်-မြောက်ကိုရီးယား ကွဲကွာနေသောမိသားစုဝင်များတွေ့ဆုံပွဲ ပထမပွဲစဉ်ကို ဩဂုတ် ၂၀ ရက်မှ ၂၂ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

ထိုသို့ တွေ့ဆုံပွဲကျင်းပနိုင်ခဲ့ခြင်းမှာ ဧပြီ ၂၇ ရက်က တောင်-မြောက်နှစ်နိုင်ငံခေါင်းဆောင်များ ပန်မွန်ဂျုံ၌ ရေးထိုးခဲ့သည့် ပန်မွန်ဂျုံကြေညာချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အရေးပါသော ခြေလှမ်းတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်၌ မဟာမိတ်တပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် အိုင်အက်စ် ထိပ်တန်းခေါင်းဆောင် အသတ်ခံရ

**ဂျလာဘာဘတ် ဩဂုတ် ၂၇**

အမေရိကန်ဦးဆောင်သော နေတိုးမဟာမိတ်များ၏ တာဝေးပစ်ဒုံးကျည်ဖြင့် တိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်ရှိ အိုင်အက်စ်အဖွဲ့မှ ထိပ်တန်းခေါင်းဆောင်တစ်ဦးသေဆုံးခဲ့ကြောင်းသိရသည်။

အိုင်အက်စ်တို့ ပုန်းခိုရာဒေသဖြစ်သော နန်ဂါဟာပြည်နယ်တွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း တနင်္လာနေ့က ထုတ်ပြန်သောထုတ်ပြန်ချက်အရ သိရသည်။

အိုင်အက်စ်စစ်သွေးကြွ ၁၄ ဦးအပါအဝင် အဘူဆတ်အာဟာဘီတို့ တနင်္ဂနွေနေ့က တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ကြောင်း ဆီလက်အခြေစိုက် စစ်စခန်းရှိ အာဖဂန်တပ်ဖွဲ့မှ သတင်းထုတ်ပြန်ထားသည်။

တောင်တန်းများထူထပ်ရာအရပ်တွင် တိုက်ပွဲဖြစ်ပွားပြီးနောက် အဆိုပါအုပ်စုမှ စစ်သွေးကြွ ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ခေါင်းဆောင် အာဟာဘီသည် အာဖဂန်နိုင်ငံအရှေ့ပိုင်း၌ ၂၀၁၇ ခုနှစ်အတွင်း အသတ်ခံရသည့် စတုတ္ထမြောက် အိုင်အက်စ်ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း သိရသည်။

ယင်းဒေသသည် အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အိုင်အက်စ်အဖွဲ့တို့အကြား တိုက်ပွဲများ မကြာခဏဖြစ်ပွားရာဒေသလည်း ဖြစ်သည်။

တိုက်ပွဲများပြင်းထန်မှုကြောင့် ခိုဂျာနီကျေးရွာမှ ကျေးရွာသားထောင်ပေါင်းများစွာတို့ ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။ နန်ဂါဟာဒေသတွင် အိုင်အက်စ်အဖွဲ့မှာ ၂၀၁၅ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့ခြင်း ဖြစ်သည်။ **ဆင်ဟွာ**

# တိုင်းရင်းစာပေသင်ကြားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ် တက်ရောက်

**ဟားခါး ဩဂုတ် ၂၇**

ပညာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းဆောင်ရွက်သော တိုင်းရင်းစာပေသင်ကြားရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၄ ရက်က ဟားခါးမြို့ပြည်နယ်ပညာရေးမှူးရုံး တောင်ဇလပ်ခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ်သည် မျိုးနွယ်စုပေါင်းများစွာဖြင့် ဖွဲ့စည်းထားပြီး မျိုးနွယ်စုများ၏ ဘာသာစကား၊ ဓလေ့ထုံးတမ်းအစဉ်အလာများလည်း ကွဲပြားသော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ချင်းပြည်နယ်အစိုးရအနေဖြင့် တိုင်းရင်းစာပေသင်ကြားခြင်းနှင့်ပတ်သက်၍ နိုင်ငံတကာစံနှုန်းများနှင့် ဒေသတွင်းအခြေအနေကို လွှမ်းခြုံနိုင်မည့် တိကျသေချာသော မူဘောင်သတ်မှတ်ချက်များကို ချမှတ်အကောင်အထည်ဖော်နိုင်ရန် ကြိုးစားဆောင်ရွက်နေကြောင်း၊ ချင်းတိုင်းရင်းသားမျိုးနွယ်စုများအနေဖြင့် မိမိမျိုးနွယ်စု၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်း အစဉ်အလာများကို မှန်ကန်မွန်မြတ်ပြီး အပြုသဘောဆောင်သော နည်းလမ်းများဖြင့် ဂုဏ်ယူဖွယ် ထိန်းသိမ်းကြရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဇိုဘွဲနှင့် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင်ထန်တို့က တိုင်းရင်းစာပေသင်ကြားရေးဆိုင်ရာ အမှာစကားပြောကြားကြပြီး World Bank , Covenant Consult ကိုယ်စားလှယ် Dv.Ashley South နှင့် Ms.Nicola Edwards တို့က ဦးဆောင်၍ တက်ရောက်လာသူများက တိုင်းရင်းစာပေသင်ကြားနေမှုအခြေအနေ၊ အခက်အခဲ၊ တိုးတက်လာမှု၊ စိန်ခေါ်မှုနှင့် အခွင့်အလမ်းဆိုင်ရာများ၊ တိုင်းရင်းစာပေသင်ကြားခြင်း၏ အကျိုးကျေးဇူးများနှင့် ရှေ့လုပ်ငန်းစဉ်ဆိုင်ရာများကို အုပ်စုလိုက်ဆွေးနွေးကြပြီး တိုင်းရင်းစာပေသင်ကြားရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**






# မြစ်ကမ်းပါးပြိုကျမှု ကာကွယ်နိုင်ရေးနည်းပညာများ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းထံ လာရောက်ရှင်းလင်း တင်ပြ

**ပဲခူး ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဝန်ကြီးချုပ်ညွှန့်ခန်းမ၌ ဩဂုတ် ၂၇ ရက် မွန်းလွဲ ၁ နာရီက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းထံသို့ မြစ်ကမ်းပါးပြိုကျမှုများ ကာကွယ်နိုင်ရေးအတွက် နည်းပညာများအား Creation Communications Int'l Construction Co., Ltd. ဒါရိုက်တာ ဒေါ်လဲ့လဲ့ဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ရှင်းလင်းတင်ပြသည်။

ရှေးဦးစွာ ဒါရိုက်တာဒေါ်လဲ့လဲ့ဝင်းက လက်ရှိမြန်မာနိုင်ငံအတွင်းရှိ တံတားတူးမြောင်း ကမ်းပါးပြိုကျမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ရခိုင်ပြည်နယ်အတွင်း မြေထိန်းနံရံများ ဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ ပိုလန်နိုင်ငံ အခြေစိုက် Pietrucha Group , Mr. Robert Kuarshi က အဆင့်မြင့်နည်းပညာဖြင့် ပြုလုပ်ထားသော ထုတ်လုပ်သည့် Plastic Sheet Pile နှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြစ်ရေကြီး ရေလျှံမှုသည် နှစ်အပိုင်းအခြားအလိုက်သာဖြစ်ပြီး လက်ရှိစစ်တောင်း မြစ်ဝကမ်းပါးပြိုကျမှုသည် နေ့စဉ်ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယင်းအခြေအနေကို ကျော်လွှားနိုင်ရန်ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း ပြည်ပပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အစိုးရပိုင်းကလည်း လုပ်နိုင်သည့် အပိုင်းများကို ရရှိသည့် ဘတ်ဂျက်ငွေအပေါ် မူတည်ဆောင်ရွက်နေရကြောင်း၊ စစ်တောင်းမြစ်ဝသည် ပင်လယ်ဒီရေတက်သည့်အချိန်တွင် ရေလှိုင်းအလွန်ကြီးမားမြန်ဆန်ကြောင်း၊ ထို့ကြောင့် ရေလမ်းကြောင်းလွှဲနိုင်သည့်နည်းလမ်းဖြင့် Pilot Project ဖြင့် ဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိကြောင်း၊ ယခုလိုနိုင်ငံတကာအဆင့်မီ ကမ်းပြိုကာကွယ်ရေးနည်းပညာနှင့် ဆက်စပ်ပစ္စည်းများအား လာရောက်ရှင်းလင်းတင်ပြမှုအပေါ် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

တွေ့ဆုံပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး၊ အစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ Creation Communications Int'l Construction Co., Ltd. ဒါရိုက်တာနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟိန်းထက်(ပြန်/ဆက်)**

# ပေါင်မြို့နယ်လုံးဆိုင်ရာ ချည်ဖြူဖွဲ့မင်္ဂလာပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ တက်ရောက်



**ပေါင် ဩဂုတ် ၂၇**

ကရင်သက္ကရာဇ် ၂၇၅၇ ခုနှစ် မြို့နယ်လုံးဆိုင်ရာ ကရင်အမျိုးသား ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို ယမန်နေ့က သထုံခရိုင် ပေါင်မြို့နယ် ကျုံကကျေးရွာရှိ ကျုံကတိုက်ကျောင်း၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ တက်ရောက်ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ကျုံကတိုက်ကျောင်း ဆရာတော်ဒေါက်တာအရိယာဝံသ ဩဝါဒစကားမိန့်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က "အခုပြုလုပ်တဲ့ ကရင်ရိုးရာ လက်ချည်ပွဲက စာပေလူမျိုးယဉ်ကျေးမှုကို ထိန်းသိမ်းပြီးတော့ မိမိတို့လူမျိုးရဲ့ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းခဲ့တဲ့ လက်ချည်ပွဲ အခမ်းအနားကို နေရာဒေသအသီးသီးမှာ ပျော်ပျော်ပါးပါးနဲ့ ဆောင်ရွက်ကြတဲ့ အတွက်ကြောင့် တိုင်းရင်းသားတို့ရဲ့ ရိုးရာယဉ်ကျေးမှုနဲ့ အစဉ်အလာကို အစဉ်အမြဲ ထိန်းသိမ်းခြင်းဆိုတဲ့ ပြည်ထောင်စုရဲ့မူလည်းဖြစ်ပါကြောင်း၊ ဒါတွေအားလုံးက တစ်ချိန်ကျရင် ပေါ်ပေါက်လာတော့မယ့် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတော်ကြီးမှာ မိမိတို့ရဲ့ ကံကြမ္မာကို မိမိတို့ဖန်တီးဖို့အတွက် တိုင်းရင်းသားအားလုံး ပူးပေါင်းဆောင်ရွက်ပြီး နောင်လာမယ့် ဖက်ဒရယ်ဒီမိုကရေစီ နိုင်ငံတော်ကြီးကို ဝိုင်းဝန်းတည်ဆောက်ကြပါစို့" ဟု အမှာစကားတွင် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်ပအိုဝ်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင်၊ မွန်ပြည်နယ်တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးထွန်းမင်းအောင်၊ မြို့နယ်ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ ဦးစောသိန်းမြင့်တို့က အမှာစကားပြောကြားခဲ့ကြသည်။ ယင်းနောက် ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ ဖြစ်ပေါ်လာပုံအကြောင်းကို ကရင်တိုင်းရင်းသူတို့က ပိုးကရင်ဘာသာစကားနှင့် မြန်မာဘာသာစကားဖြင့် ဖတ်ကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ကရင် စာပေနှင့် ယဉ်ကျေးမှု ကော်မတီဝင်များ၊ မြို့နယ်အတွင်းရှိ ကရင်တိုင်းရင်းသား/ တိုင်းရင်းသူများက ကရင်အမျိုးသား တေးသီချင်းကို သီဆိုကာ ကရင်အမျိုးသားဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာပွဲကို ပျော်ရွှင်စွာ စုပေါင်းဆင်နွှဲခဲ့ကြသည်။

အဆိုပါ ကရင်အမျိုးသားချည်ဖြူဖွဲ့မင်္ဂလာပွဲကို ပေါင်မြို့နယ် အတွင်း ၁၈ နေရာ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်အဆင့်ပွဲကို ငွေကျပ် ၁၅ သိန်းနှင့် ကျေးရွာအဆင့်ပွဲကို တစ်ရွာလျှင် ငွေကျပ် ၃ သိန်းခွဲ စုစုပေါင်းငွေကျပ် ၇၄ သိန်း ၅ သောင်းကို ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**ကိုဟိန်း(ပေါင်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို ဖားဆောင်းမြို့နယ် သံလွင်မြစ်ရေ မြင့်တက်မှုကြောင့် ရေဝင်အိမ်ထောင်စုများကို ထောက်ပံ့

**ဖားဆောင်း ဩဂုတ် ၂၇**

ကယားပြည်နယ် ဘော်လခဲခရိုင် ဖားဆောင်းမြို့နယ် သံလွင်မြစ်ရေ မြင့်တက်မှုကြောင့် ရေဝင်အိမ်ထောင်စုများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဩဂုတ် ၂၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ရာသီဥတုပြောင်းလဲသွားပြီဖြစ်၍ သဘာဝဘေးအန္တရာယ် အချိန်မရွေးကျရောက်နိုင်သဖြင့် မိုးလေဝသအခြေအနေ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိရန်လိုအပ်ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဖားဆောင်းမြို့နယ်တွင် မိုးလေဝသနှင့်ဇလဗေဒရုံး ဖွင့်လှစ်နိုင်ရေး၊ စိုးရိမ်ရေမှတ်သတ်မှတ်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ထံ တင်ပြဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း၊ ဆုံးရှုံးနစ်နာခဲ့သည့် ပြည်သူများအနေနှင့် ဆုံးရှုံးမှုများကို တင်ပြနိုင်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြတ်မိုးက သံလွင်မြစ်ရေမြင့်တက်မှုကြောင့် ရေဝင်အိမ်ထောင်စုများနှင့် စိုက်ပျိုးသီးနှံရေလွှမ်းမိုးမှုအခြေအနေကို ရှင်းလင်းတင်ပြခဲ့သည်။ ယင်းနောက် ရေဝင်အိမ်ထောင်စု ၁၂ စုကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သံလွင်တံတား(ဖားဆောင်း)မှ ရေဝင်ရောက်ခဲ့သည့် လူနေအိမ်နှင့် စိုက်ခင်းများကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဖားဆောင်းမြို့နယ်မှပြန်လည်ထွက်ခွာခဲ့ပြီး ဘော်လခဲ မြို့နယ်အတွင်း ရှိချီကွဲ့ကျေးရွာ၌ ကျင်းပသည့် မျိုးဆက်သစ်လူငယ်အားကစားသမားများအတွက် ဒုတိယအကြိမ်မြောက် မျိုးဆက်သစ်လူငယ်ဖလားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကာ ဆုရရှိသောဘောလုံးအသင်းနှင့် ကစားသမားများကို ထောက်ပံ့ငွေနှင့်ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ခုတင် ၁၅၀ ဆံ့ မျက်စိအထူးကုဆေးရုံကြီးတွင် မျက်ကြည်လွှာအစားထိုးကုသမှု ယခုလနောက်ဆုံးပတ်မှစ၍ အခမဲ့ဝန်ဆောင်မှုလျှော့နည်းမည်

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်လမ်းရှိ ခုတင် ၁၅၀ ဆံ့ မျက်စိဆေးရုံကြီးတွင် ရောဂါခြောက်မျိုးကို ကုသပေးလျက်ရှိပြီး မျက်ကြည်လွှာအစားထိုး ကုသရန် လူနာ ၅၀၀ ကျော် စာရင်းပေးထားကာ တစ်နေ့လျှင် လူနာ ၁၀၀ ကို လက်ခံလျက်ရှိ၍ မျက်ကြည်လွှာ အစားထိုးကုသရာတွင် ယခုလ နောက်ဆုံး ပတ်မှစ၍ အခမဲ့ဝန်ဆောင်မှုလျှော့နည်းသွားမည် ဖြစ်ကြောင်း သိရသည်။

မျက်စိအထူးကုဆေးရုံကြီးတွင် ပြင်ပလူနာ၊ အတွင်းလူနာအဖြစ် လာရောက်ကုသလျက်ရှိကာ မျက်ကြည်လွှာ(ကော်နီယာ)၊ အမြင်လွှာ(ရွက်တီနာ)၊ ရေတိမ်(ဂလော်ကိုးမား)၊ မျက်ခွံမျက်ရိုးမျက်ရည်လမ်းကြောင်းဆိုင်ရာ (အော်ဂီလိုပလပ်စတိတ်)၊ ကလေးမျက်စိရောဂါနှင့် အမြင်အာရုံကြောရောင်သောရောဂါ (ယူဘီအိုက်စ်တက်) တို့ကို ကုသပေးလျက်ရှိပြီး ကုထုံးသစ်ဖြစ်သော မျက်ကြည်လွှာအစားထိုးကုသမှုကိုလည်း ကုသပေးလျက်ရှိကြောင်း သိရသည်။

ယခင်က မျက်ကြည်လွှာတစ်ခုကို တစ်ဦးနှုန်းဖြင့် ကုသပေးလျက်ရှိပြီး ယခုအခါ မျက်ကြည်လွှာတစ်ခုလျှင် နှစ်ဦးမှသုံးဦးရရှိအောင် ဆောင်ရွက်ပေးလျက်ရှိရာ မျက်ကြည်လွှာအစားထိုးရန် ရရှိမှုထက် ကုသရန်စောင့်ဆိုင်းသူကများနေချိန်တွင် ထိုသို့ သုံးဦးအထိ မျက်ကြည်လွှာ အစားထိုးဆောင်ရွက်နိုင်ခြင်းသည် ရောဂါခံစားနေရသော ဝေဒနာရှင်တို့အတွက် အားရ ကျေနပ်ဖွယ်ဖြစ်ကြောင်းနှင့် ၂၀၁၅ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည့် လေဆာဖြင့် မျက်မှန်ပါဝါလျှော့ခြင်း ကုထုံးကိုလည်း ယနေ့တွင် တွင်ကျယ်စွာ ကုသပေးလျက်ရှိကြောင်း သိရသည်။




"ကုသမှုအပိုင်းက အခမဲ့ဝန်ဆောင်မှုပေးတာပါ။ ဒါပေမယ့် ကုန်ကျစရိတ်များတဲ့အတွက် အထက်ဌာနကို တင်ပြထားပါတယ်။ တစ်လကို ငါးဦး၊ ခြောက်ဦးခွဲစိတ်ပေးရတဲ့အတွက် ဆေးပဒေသာပင်က ဝယ်ပြီးကုသပေးခဲ့တာပါ။ အခုလေဆာနဲ့ စမ်းသပ်မယ့်လူနာက ၂၀၀ နီးပါး ရှိနေတယ်ဆိုတော့ အခက်အခဲကို တင်ပြတဲ့အခါမှာ လူနာကဝယ်ရမှာဖြစ်တဲ့အတွက် ခွဲနည်းကျူပင်အတွက် ငွေကျပ် ငါးသိန်းနီးပါး ကုန်ကျမှာပါ။ တစ်ပတ် လေးယောက်ကုသသွားမယ်ဆိုရင် ဂက်စ်ကို တစ်နှစ်အသုံးပြုလို့ရသေးတာကြောင့် အဲ့ဒီအတွက် ကုန်ကျမှုမရှိနိုင်သေးပါဘူး။အပြင်မှာ ဝယ်မယ်ဆိုရင် ဂက်စ်တစ်အိုးကို ဒေါ်လာ ကိုးထောင်ရှိတယ်။ အခုလာမယ့် အပတ်ကစပြီး မျက်ကြည်လွှာကုသမယ့်လူနာတွေ ကုန်ကျမှုရှိမှာပါ" ဟု ရန်ကုန်မျက်စိအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာသက်သက်စိန်က ပြောသည်။

ယခင်ထက် အတတ်ပညာပိုင်းဆိုင်ရာအရ မျက်ကြည်လွှာအစားထိုးခြင်းနှင့် အခြားရောဂါများကို ထိရောက်စွာကုသပေးနိုင်ခဲ့ပြီး အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ ဩစတြေးလျ၊ စင်ကာပူ၊ အစ္စရေးစသည့် နိုင်ငံတို့မှ ဆရာဝန်များလာရောက်မှုကြောင့် ဆေးရုံမှဆရာဝန်များ လေ့ကျင့်မှု ပို၍ရရှိကြောင်း၊ ဆေးရုံတွင် စက်ပစ္စည်းများ လုံလောက်စွာရှိကာ ခုတင် ၁၅၀ တွင် သူနာပြုများလိုအပ်နေကြောင်း၊ ခွဲစိတ်ခန်း ငါးခန်းသာရှိပြီး တစ်နေ့လျှင် လူနာ ၁၀၀ ထက်ပို၍ လက်ခံမရကြောင်းနှင့် လူနာဆောင်နှင့် ခွဲစိတ်ဆောင် တိုးချဲ့ပြီးပါက ကုသမှုအပိုင်းကိုပို၍ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ်တွင် အကြီးစားခွဲစိတ်မှု ၁၁၆၄၄ ဦးနှင့် အသေးစားခွဲစိတ်မှု ၅၇၇၇ ဦးကို ခွဲစိတ်နိုင်ခဲ့ပြီး မြန်မာပြည်တွင် မျက်စိဝေဒနာရှင် အများဆုံးမှာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှဖြစ်၍ မျက်စိရောဂါ ခြောက်မျိုးကို ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ ကုသပေးလျက်ရှိကြောင်း သိရသည်။

**သတင်း-သန်းထိုက်၊ဓာတ်ပုံ-သန်းစိုး**

# မွေးရာပါ နားမကြား၊ စကားမပြောသော ကလေးငယ်နှစ်ဦးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ ကျန်းမာရေး အထောက်အကူပြုဖောင်ဒေးရှင်း၏ စီမံချက်တစ်ခုဖြစ်သော သောတပြည့်စုံ စီမံချက်အစီအစဉ်အရ မွေးရာပါ နားမကြား၊ စကားမပြောသော ကလေးငယ် နှစ်ဦးကို ဩဂုတ် ၂၅ ရက်က အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

သောတပြည့်စုံစီမံချက်၏ ၈၇ ယောက်မြောက် ကလေးငယ်ဖြစ်သော ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ဦးမျိုးဆက် - ဒေါ်မြမြထွေးတို့၏ သမီးဖြစ်သူ မအိအိမွန် ငါးနှစ် ရှစ်လအား ရန်ကုန်မြို့ ဝိသာခါဖောင်ဒေးရှင်းမှ အတွင်းနားအာရုံကြောနှီးဆွစက် လှူဒါန်းမှု အရလည်းကောင်း၊ ၈၈ ယောက်မြောက် ကလေးငယ်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်မှ ဦးအောင်ကိုကို - ဒေါ်ရင်ရင်ချိုတို့၏ သမီးဖြစ်သူ မထက်အိန္ဒရာလင်း ငါးနှစ် ကိုးလအား မိဘဂုဏ်ရည်ကုမ္ပဏီ၊ ဦးအောင်မြတ်တို့ကလည်းကောင်း လှူဒါန်းခဲ့ကြသဖြင့် ကလေးငယ်နှစ်ဦးအား ဝိတိုရိယဆေးရုံကြီးတွင်ခွဲစိတ်၍ အတွင်းနားအာရုံကြောနှီးဆွစက်တပ်ဆင်ပေးခဲ့ရာ အကြားအာရုံ ပြန်လည်ရရှိကြောင်း ကွန်ပျူတာစမ်းသပ်ချက်များအရ သိရသည်။

သောတပြည့်စုံ စီမံချက်ကို ပါမောက္ခ ဆရာဝန်ကြီး ဦးစိုးတင်က ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူတည်ထောင်ခဲ့ပြီး အသက်ခြောက်နှစ်အောက် မွေးရာပါ လုံးဝစကားမပြော၊ နားမကြားသော ကလေးငယ်များအား အတွင်းနားအကြား အာရုံကြောနှီးဆွစက်များကို အခမဲ့တပ်ဆင်ပေးခဲ့ရာ ယခုအခါ ကလေးငယ် ၈၈ ဦးကို အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ခွဲစိတ်ပြီးစီးခဲ့သော ကလေးငယ် ၈၈ ဦးမှာ နားများ ပြန်လည်ကောင်းမွန်လာပြီး ၄၀ ခန့်သည် စကားကောင်းမွန်စွာ ပြန်လည်ပြောကြားလာ၍ မူလတန်းကျောင်းများ တက်ရောက်နေပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ဆောင်ရွက်ရာတွင် အတွင်းနားအာရုံကြောနှီးဆွစက် တန်ဖိုးငွေ အမေရိကန်ဒေါ်လာ တစ်သောင်းခန့်ကို စေတနာရှင်၊ အလှူရှင်များက လှူဒါန်းခဲ့ကြပြီး ကျန်ရှိသော ရောဂါစမ်းသပ်မှု၊ ခွဲစိတ်ကုသမှု၊ ဆေးရုံတွင် ထားရှိပြုစုမှု၊ ခွဲစိတ်ပြီးကလေးငယ်များ စကားပြန်လည်ပြောဆို၍ ကျောင်းတက်နိုင်စေရန်နှင့် စကားပြောသင်ကြားမှုတို့ကို ဝိတိုရိယဆေးရုံကြီးရှိ သောတပြည့်စုံစီမံချက်မှ အလုံးစုံ အခမဲ့ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အသံမဲ့ကမ္ဘာ (Silent World) ၏ လူဖြစ်ကျိုးဆုံးရှုံးမှုဘဝမှ လူတန်းစေ့ ပညာတတ်မြောက်နိုင်သော နိုင်ငံသားကောင်းများဘဝသို့ ကယ်တင်ပို့ဆောင်ခြင်းဖြစ်ပြီး တိုင်းပြည်အတွက် အလွန်အရေးကြီးသောလိုအပ်ချက်၊ စီမံချက်ဖြစ်ကြောင်း သိရသည်။ ယခုအခါ ခွဲစိတ်ကုသမှုခံယူရန် ကလေးငယ် ၄၀ ခန့်မှာ စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းမှုကို စောင့်မျှော်ကြလျက်ရှိကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# သနပ်ပင်၌ ဒီရေမြင့်တက်မှု ဒဏ်ခံခဲ့ကြရသူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

**သနပ်ပင် ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်း ထူးကဲဒီရေမြင့်တက်၍ ဒီရေပြန်လည်ကျဆင်းချိန်တွင် လူနေအိမ်များ မျောပါဆုံးရှုံးခဲ့ရသည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ်လစတုတ္ထပတ်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ဒီရေပြန်လည်ကျဆင်းသည့် ဩဂုတ် ၁၆ ရက်တွင် ကုက္ကိုကျေးရွာ၊ ရွှေအိုးကျေးရွာများမှ လူနေအိမ် ခုနစ်လုံး မျောပါသွားခဲ့ခြင်းဖြစ်ပြီး ထိုသို့ သဘာဝဘေးဒဏ်ခံစားကြရသည့် အိမ်ထောင်စုဝင်များအား တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ငြိမ်းငြိမ်းသူနှင့် တာဝန်ရှိသူများက နေအိမ်ပြန်လည်ဆောက်လုပ်ရန် ထောက်ပံ့ငွေကျပ် ခုနစ်သိန်း၊ လူဦးရေ ၃၁ ဦးအတွက် ခုနစ်ရက်စာ ထောက်ပံ့ငွေကျပ် ၆၅၁၀၀၊ အိမ်ထောင်စုတစ်စုလျှင် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးကို အိမ်ထောင်စု ခုနစ်စုအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ယနေ့ ဈေးကွက်ပေါက်ဈေးများ

၂၇-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၆၆၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၉၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၄၀/၉၈၀ ကျပ် | ၁၀၀၀/၁၀၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၅၀/၉၉၀ ကျပ် | ၁၀၁၀/၁၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၁၀/၉၅၀ ကျပ် | ၁၀၀၀/၁၀၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၆၀/၁၀၀၀ကျပ် | ၁၀၅၀/၁၀၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၉၉ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၄၄ · ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၈ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၂၇ · ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၄၇ · ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၉၉ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ · ၂၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ · ၄၂၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၄ · ၄၈ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၆ · ၂၄ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၅ · ၉၂၅ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ **Help Line** တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | |
|---|---|
| **စာတည်းမှူးချုပ်** | - အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - ဝင်းကျော် |
| **စာတည်းမှူး** | - မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ၂၀၁၈- ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*(ယမန်နေ့မှ အဆက်)*

| စဉ် | ကုန်စည်အမျိုးအမည် |
|---|---|
| ၁၇ | ပိုးစာရွက်။ |
| ၁၈ | ပရဆေးများ။ |
| ၁၉ | ဖာလာ၊ သနပ်ခါးနှင့် အခြားနေရာတွင် သီးခြားဖော်ပြထားခြင်း မရှိသည့် လယ်ယာကိုင်းကျွန်း ဥယျာဉ်ထွက်ကုန်များ။ |
| ၂၀ | ထင်း၊ ဝါး။ |
| ၂၁ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကုန်းနေသတ္တဝါများ၊ ရေနေသတ္တဝါများ၊ ကုန်းတစ်ပိုင်းရေတစ်ပိုင်းနေ သတ္တဝါများ၊ ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်များ၊ မျိုးစိတ်များ၊ ရေတွင်ပေါက်ဖွားသည့် အပင်များနှင့် မျိုးစေ့များ၊ အပင်ပေါက်များ၊ ရေညှိ ၊ ရေမှော်များ။ |
| ၂၂ | ပိုးအိမ်။ |
| ၂၃ | ကြိမ်အကြမ်း၊ အချော။ |
| ၂၄ | ပျားရည်၊ ပျားဖယောင်း။ |
| ၂၅ | ချိပ်များ။ |
| ၂၆ | မြေပဲဖတ်၊ နှမ်းဖတ်၊ ဝါစေ့ဆီဖတ်၊ ဖွဲနုဆီဖတ်စသည့် ဆီကြိတ်ပြီးအဖတ်များ။ |
| ၂၇ | အရောင်ချွတ်ဖတ် (အရောင်ချွတ်ရာတွင် အသုံးပြုသည့် Hypochlo-rite များသာ)။ |
| ၂၈ | အုန်းဆံချည်ခင်။ |
| ၂၉ | လက်ဖက်စို၊ လက်ဖက်ခြောက်၊ လက်ဖက်အချိုခြောက်၊ ပြုပြင်ထုပ်ပိုးထားသည့် လက်ဖက်ခြောက်အမျိုးမျိုး။ |
| ၃၀ | တံဆိပ်ခေါင်းအမျိုးမျိုး (အခွန်အမှတ်တံဆိပ်အပါအဝင်)။ |
| ၃၁ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ။ |
| ၃၂ | ငံပြာရည်အမျိုးမျိုး။ |
| ၃၃ | ပဲဆီ၊ နှမ်းဆီ။ |
| ၃၄ | ငါးစို၊ ပုစွန်စို၊ အသားစို။ |
| ၃၅ | ငါးခြောက်၊ ပုစွန်ခြောက် အမျိုးမျိုး။ |
| ၃၆ | ငါးချဉ်၊ ပုစွန်ချဉ် အမျိုးမျိုး။ |
| ၃၇ | ပုစွန်ဖွဲ၊ ငါးပေါင်းမုန့်။ |
| ၃၈ | နို့၊ နို့ဆီ၊ နို့စိမ်း၊ နို့မှုန့် အမျိုးမျိုး။ |
| ၃၉ | ပဲနို့။ |
| ၄၀ | ငရုတ်သီး၊ ငရုတ်သီးမှုန့်။ |
| ၄၁ | နနွင်း၊ နနွင်းမှုန့်။ |
| ၄၂ | ချင်း။ |
| ၄၃ | ငါးပိအမျိုးမျိုး။ |
| ၄၄ | မန်ကျည်းမှည့်။ |
| ၄၅ | နိုင်ငံတော်အလံ။ |
| ၄၆ | စိပ်ပုတီးအမျိုးမျိုး (အဖိုးတန်ကျောက်မျက်ရတနာဖြင့် ပြုလုပ်သည့် စိပ်ပုတီးများမပါဝင်။) |
| ၄၇ | ပေတံအမျိုးမျိုး၊ ခဲဖျက်အမျိုးမျိုး၊ ချွန်စက်အမျိုးမျိုး။ |
| ၄၈ | ထင်းအစားထိုး လောင်စာတောင့်။ |
| ၄၉ | အုန်းဆီ(စားအုန်းဆီမဟုတ်)။ |
| ၅၀ | ကြက်ဥ၊ ဘဲဥစသည့် ဥအမျိုးမျိုး။ |
| ၅၁ | ဖရုံစေ့၊ ဖရဲစေ့၊ သီဟိုဠ်စေ့။ |
| ၅၂ | ဘာသာရေးဆိုင်ရာ အဝတ်အထည် (သင်္ကန်းစသည်တို့)။ |
| ၅၃ | ရေနံချေး။ |
| ၅၄ | ဆားအမျိုးမျိုး။ |
| ၅၅ | ကြက်ပေါင်စေး။ |
| ၅၆ | ကွမ်းသီး၊ ကွမ်းသီးခွံ။ |
| ၅၇ | စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်များကြီးထွားသန်မာပြီး သီးပွင့်မှုအားကောင်းစေရန် အသုံးပြုသောမြေဆီ၊ ဓာတ်မြေသြဇာအပါအဝင် မြေသြဇာအမျိုးမျိုး။ |
| ၅၈ | လယ်ယာစိုက်ပျိုးရေးသုံး ပိုးသတ်ဆေးအမျိုးမျိုး၊ ပေါင်းသတ်ဆေးအမျိုးမျိုး၊ မှို၊ ဗက်တီးရီးယား၊ နီမတုတ်များနှင့်အခြားရောဂါကျရောက်မှု မရှိစေရေး စိုက်ပျိုးရေးသုံးရောဂါကာကွယ်ဆေးနှင့် ရောဂါသတ်ဆေးအမျိုးမျိုး၊ မွေးမြူရေးသုံး ခြံဖျန်းဆေးအမျိုးမျိုး(အိမ်သုံးခြင်ဆေး၊ စပရေး၊ ကြွက်သတ်ဆေးများမပါဝင်)။ |
| ၅၉ | လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးကိရိယာများ၊ လယ်ယာနှင့် မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ၊ ထွန်စက်များ၊ မြေပြုပြင်ထွန်ယက်သည်မှ သီးနှံရိတ်သိမ်းခြွေလှေ့ အခြောက်ခံသည်အထိ လူသို့မဟုတ် တိရစ္ဆာန်၏ လုပ်အားနှင့်တွဲဖက်၍သော်လည်းကောင်း၊ စက်စွမ်းအား သီးသန့်သော်လည်းကောင်း ဆောင်ရွက်နိုင်သောကိရိယာ၊ စက်နှင့် စက်အပိုပစ္စည်းအမျိုးမျိုး (မော်တော်ယာဉ်ဥပဒေအရ မှတ်ပုံတင်ရန် လိုအပ်သော ယာဉ်ယန္တရားများမှအပ)၊ မွေးမြူရေးလုပ်ငန်းသုံး ကိရိယာများ၊ မွေးမြူရေးလုပ်ငန်းသုံးစက်နှင့် စက်အပိုပစ္စည်းများ။ |
| ၆၀ | တိရစ္ဆာန်၊ ငါး၊ ပုစွန်၊ အစာထုတ်လုပ်ရန် ကုန်ကြမ်းကုန်ချောပစ္စည်းများ (အိမ်မွေးတိရစ္ဆာန်များအတွက် အသုံးပြုသော တိရစ္ဆာန်အစားအစာများ မပါဝင်)။ |
| ၆၁ | တိရစ္ဆာန်၊ငါး၊ပုစွန်သုံးဆေးဝါးများနှင့်ကာကွယ်ဆေးများ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်မှတ်ရရှိပြီး ဆေးဝါးနှင့် ကာကွယ်ဆေးများအပါအဝင်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်ပေးသည့် ထောက်ခံချက်ရရှိထားသော ဆေးဝါးများအပါအဝင်)။ |
| ၆၂ | မျိုးမြှင့်သားစပ်ရာတွင် အသုံးပြုရန် မျိုးရည်၊ မျိုးချောင်း၊ မျိုးဥ (အေးခဲမျိုးရည်အပါအဝင်)၊ သန္ဓေသားလောင်းနှင့် မေထုန်မဲ့သားစပ်လုပ်ငန်းသုံး ကိရိယာများ။ |
| ၆၃ | ဆိုလာပန်နယ်လ်၊ ဆိုလာချာဂျာ ကွန်ထရိုလာနှင့် ဆိုလာအင်ဗာတာ (Solar Panel, Solar Charger Controller and Solar Inverter)။ |
| ၆၄ | ဓာတ်မှန် ဖလင်ကော်ပြား၊ ဓာတ်မှန်ရိုက် ပစ္စည်းကိရိယာတန်ဆာပလာများနှင့် ကျန်းမာရေး ဦးစီးဌာနက သတ်မှတ်သည့် ဆေးဘက်ဆိုင်ရာသုံးပစ္စည်းကိရိယာ တန်ဆာပလာများ။ |
| ၆၅ | ဆေးဂွမ်း၊ ဆေးဝတ်၊ ဆေးပတ်တီး၊ ဆေးထည့်ရန် ဆေးရုံသုံးပစ္စည်းများ၊ ဆေးရုံသုံးတစ်ခါသုံး နှာခေါင်းစည်း၊ ခေါင်းစည်း၊ လက်အိတ်(Surgical Glove)၊ တုပ်ကွေးရောဂါ ကူးစက်ခြင်းအား ကာကွယ်ရန် တပ်ဆင်သည့် နှာခေါင်းစည်း။ |
| ၆၆ | အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုးနှင့် တိုင်းရင်းဆေးဝါး အမျိုးမျိုး (ဥပဒေ၊ နည်းဥပဒေများဖြင့်ကန့်သတ်ထားသော ဆေးဝါးများမှအပ FDA မှတ်ပုံတင်လက်မှတ်ရရှိပြီး ဆေးဝါးများ)။ |
| ၆၇ | တိုင်းရင်းဆေးဝါး ကုန်ကြမ်းများအပါအဝင် ဆေးဝါးကုန်ကြမ်းများ။ |
| ၆၈ | ကျောင်းသုံးစာအုပ်အမျိုးမျိုး၊ တက္ကသိုလ်၊ ကောလိပ်အသီးသီးတွင် အသုံးပြုနိုင်သည့် ပညာအခြေပြု၊ အတတ်ပညာအခြေပြု စာအုပ်အမျိုးမျိုး၊ ဗလာစာအုပ်၊ ပုံဆွဲစာအုပ်အမျိုးမျိုး၊ သုတရသစာအုပ်၊ မဂ္ဂဇင်း၊ စာစောင်နှင့် သတင်းစာအမျိုးမျိုး ယင်းစာအုပ်စာပေများ ထုတ်လုပ်ရန် စက္ကူများ (40 Gsm မှ 80 Gsm အတွင်းသာ)၊ ခဲတံအမျိုးမျိုး။ |
| ၆၉ | ခဲတံလုပ်ရန်ခဲဆံ။ |
| ၇၀ | ကွန်ဒုံး(Condom)။ |
| ၇၁ | နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ နိုင်ငံတော် အဖွဲ့အစည်းများသုံး လက်နက်ကိရိယာများ၊ ယာဉ်၊ ယန္တရားများ၊ ပစ္စည်းနှင့်ကိရိယာများ၊ ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၇၂ | နယ်ဖက်ဌာနသုံးယမ်းမှုန့်အမျိုးမျိုး၊ ယမ်းဘီလူးအမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ(ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ခွင့်ပြုချက်ဖြင့် တင်သွင်းသော ပစ္စည်းအမျိုးအမည်များသာ)။ |
| ၇၃ | သီးနှံများ၏ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့၊ မျိုးပင်များ။ |
| ၇၄ | မီးသတ်ယာဉ်များ၊ နာရေးယာဉ်များ။ |
| ၇၅ | ပြည်ပသို့ထွက်ခွာမည့် ခရီးသည်များကို သီးခြားသတ်မှတ်ထားသည့်နေရာတွင် ရောင်းချသည့် ပစ္စည်းများ။ |
| ၇၆ | ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှအဆိုပြု၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန်အခွင့်အရေးမှုကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများအသုံးပြုမည့် အပြန်အလှန် အခွင့်အရေးမှုနှင့် အကျုံးဝင်သည့် ကုန်စည်များ။ |
| ၇၇ | ကာကွယ်ရေးဝန်ကြီးဌာနအတွက် ခွဲဝေလျာထားပေးသည့် ရသုံးခန့်မှန်းခြေငွေစာရင်းပါအသုံးစရိတ်မှကျခံ၍ တပ်မတော်တွင် အသုံးပြုရန်နှင့် တပ်မတော်သားများစားသုံးရန် ဝယ်ယူသည့် ကုန်စည်များ။ |
| ၇၈ | လက်ခစားအပ်ကုန်စနစ်ဖြင့် ကုန်ချောကုန်စည် ထုတ်လုပ်ပေးခြင်းအတွက် အသုံးပြုရန် ပြည်ပနေလုပ်ငန်းအပ်နှံသူမှပေးပို့သည့် ကုန်ကြမ်း သို့မဟုတ် အစိတ်အပိုင်းအဖြစ် တိုက်ရိုက် အသုံးပြုရသည့် ကုန်စည်များ၊ ထွက်ရှိလာမည့် ကုန်ချောကို ထုပ်ပိုးရာတွင် အသုံးပြုသည့် ကုန်စည်များ၊ လက်ခစားအပ်ကုန် စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများက လုပ်ငန်းလိုအပ်ချက်အရ ပြန်လည်ရောင်းချရန် မဟုတ်သည့် တင်သွင်းလာသော စက်ပစ္စည်းများ၊ စက် ကိရိယာများ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့် အပိုပစ္စည်းများ။ |
| ၇၉ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနက နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီများ။ |
| ၈၀ | ပြည်တွင်းပြည်ပအဖွဲ့အစည်းများက နိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့် ဝယ်ယူသောကုန်စည်များ။ |
| ၈၁ | ပြည်တွင်းပြည်ပပျံသန်းသည့်ခရီးစဉ်တွင် အသုံးပြုရန် ရောင်းချသည့် ဂျက်လေယာဉ်ဆီ။ |
| ၈၂ | လေယာဉ်သုံး သို့မဟုတ် ရဟတ်ယာဉ်သုံး စက်၊ စက်ကိရိယာ၊ ပစ္စည်းကိရိယာနှင့် ယင်းတို့၏ အရန်နှင့်အပိုပစ္စည်း။ |
| ၈၃ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ကုန်စည်များ။ |
| ၈၄ | အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ယာယီတင်သွင်းခြင်း (Temporary Admission) သို့မဟုတ် ပြန်လျော့အကောက်ခွန် (Draw Back) စနစ်ဖြင့် တင်သွင်းလာသော ကုန်စည်များ။ |
| ၈၅ | အစိုးရက ကြီးမှူးကျင်းပသော မြန်မာ့ကျောက်မျက်ရတနာ ပြည်တွင်းပြပွဲများတွင် ရောင်းချသော ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ကျောက်မျက်ရတနာ အရိုင်းထည်၊ အချောထည်များ။ |
| ၈၆ | ရွှေစင်ရွှေတုံးများ(စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)။ |
| ၈၇ | ဆပ်ပြာမှုန့်ပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာပြုလုပ်မည့် ကုန်ကြမ်း၊ ဆပ်ပြာကြမ်း။ |

(ခ) ပုဒ်မခွဲ(က) တွင်ဖော်ပြပါရှိသည့်ကုန်စည်များမှတစ်ပါး အခြားကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ရောင်းရငွေအပေါ်တွင် လည်းကောင်း၊ ပြည်ပမှ တင်သွင်းခြင်းဖြစ်ပါက ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင်လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။ ဤဥပဒေ၏ ပုဒ်မ ၁၁ ပါ အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက အထူးကုန်စည်ခွန်အပါအဝင်ဖြစ်သော ရောင်းရငွေပေါ်တွင် လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းဖြစ်ပါက အထူးကုန်စည်ခွန် အပါအဝင်ဖြစ်သော ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်စေရမည်။

(ဂ) မည်သူမဆို ဤဥပဒေနှင့်အညီ ကင်းလွတ်ခွင့်ပြုထားသော ကုန်စည်နှင့် ကုန်သွယ်မှုဆောင်ရွက်ခြင်းမှတစ်ပါး ပုဒ်မ ၁၁ ပါ အထူးကုန်စည်များ အပါအဝင် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် ရောင်းရငွေအပေါ် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ရမည် -

(၁) ကုန်စည်တင်သွင်း၍ ပြည်တွင်း၌ ပြန်လည်ရောင်းချခြင်း၊

(၂) ကုန်သွယ်မှုဆောင်ရွက်ခြင်း။

(ဃ) အောက်ဖော်ပြပါဝန်ဆောင်မှုလုပ်ငန်းများအား ကုန်သွယ်လုပ်ငန်းခွန် မကျသင့်စေရ -

| စဉ် | ဝန်ဆောင်မှုအမျိုးအစား |
|---|---|
| ၁ | ယာဉ်များရပ်နားရန်နေရာငှားရမ်းခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂ | အသက်အာမခံ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၃ | အသေးစားငွေချေးခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၄ | ခန္ဓာကိုယ်အလှပြုပြင်ခြင်းမှအပဖြစ်သည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၅ | ပညာရေးဝန်ဆောင်မှုလုပ်ငန်း။ |
| ၆ | ကုန်စည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း (ပိုက်လိုင်းဖြင့် သယ်ယူပို့ဆောင်ရေးမှအပ ဖြစ်သည့် ရထား၊ မော်တော်ယာဉ်၊ ရေယာဉ်၊ လေယာဉ်၊ ဝန်ချီစက်များဖြင့် သယ်ပို့ပေးခြင်း)။ |
| ၇ | အရင်းအနှီးဈေးကွက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၈ | ဘဏ်နှင့်ဗဟိုဘဏ်မှ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်နေသော ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၉ | အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၀ | ညှော်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်းဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၁ | ကုန်ကြမ်းပေး၊ ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၁၂ | နာရေးဝန်ဆောင်မှုလုပ်ငန်းများ။ |

*စာမျက်နှာ ၁၉ သို့*

စာမျက်နှာ ၁၈ မှ

| | |
|---|---|
| ၁၃ | ကလေးသူငယ်ပြုစုပျိုးထောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၄ | ရိုးရာအကြောပြင်ဝန်ဆောင်မှုလုပ်ငန်း/ မျက်မမြင်အကြောပြင် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၅ | နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၆ | လမ်းအသုံးပြုခကောက်ခံသည့် ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၇ | တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး ဝန်ဆောင်မှု လုပ်ငန်း။ |
| ၁၈ | အများသုံးသန့်စင်ခန်း အသုံးပြုခကောက်ခံခြင်း ဝန်ဆောင်မှုလုပ်ငန်း။ |
| ၁၉ | ပြည်တွင်းပြည်ပ လေကြောင်းခရီးသည်ပို့ဆောင်ရေး ဝန်ဆောင်မှု လုပ်ငန်း။ |
| ၂၀ | ယဉ်ကျေးမှုအနုပညာ ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၁ | အများပြည်သူခရီးသည် သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၂ | နိုင်ငံတော်အဖွဲ့အစည်းများသို့ ဆောင်ရွက်မှုတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ရရှိရန်အတွက် ပေးချေရသည့် လိုင်စင်ကြေးများ။ |
| ၂၃ | ကာကွယ်ရေးဝန်ကြီးဌာန၏ လုံခြုံရေးနှင့်ဆိုင်သော ပုံနှိပ်လုပ်ငန်းမှ ပုံနှိပ်ထုတ်ဝေမှု ဝန်ဆောင်မှုလုပ်ငန်း။ |
| ၂၄ | ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဆိုပြု၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ခွင့်ပြုထားသည့် နှစ်နိုင်ငံအကြား အပြန်အလှန် အခွင့်အရေးမူကျင့်သုံးသော နိုင်ငံခြားသံရုံးများ သို့မဟုတ် သံရုံးငယ်များ၊ ယင်းတို့၏အဖွဲ့ဝင်များနှင့် သံတမန်မဟုတ်သော သံရုံးဝန်ထမ်းများက ရယူသည့် အပြန်အလှန် အခွင့်အရေးမူနှင့် အကျုံးဝင်သည့် ဝန်ဆောင်မှု လုပ်ငန်း။ |
| ၂၅ | ပြည်တွင်းပြည်ပ အဖွဲ့အစည်းများကနိုင်ငံတော်သို့ လှူဒါန်းသည့်ငွေ သို့မဟုတ် နိုင်ငံတော်သို့ ထောက်ပံ့သည့်ငွေဖြင့်ရယူသည့် ဝန်ဆောင်မှု လုပ်ငန်း။ |
| ၂၆ | နိုင်ငံတော်၏ လိုအပ်ချက်အရ ပြည်ထောင်စုလွှတ်တော်က အခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၂၇ | နိုင်ငံတော်သမ္မတရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ပြည်ထောင်စု လွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အမျိုးသားလွှတ်တော်ရုံး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ လူမှုဖူလုံရေး အဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံး၊ ဦးစီးဌာနစသည့် အဖွဲ့အစည်းအချင်းချင်း ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ (နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများကို ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ပေးစေခြင်း၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများက ဝန်ဆောင်မှုရယူခြင်း မပါ)။ |
| ၂၈ | အောင်ဘာလေသိန်းထီလုပ်ငန်း။ |
| ၂၉ | စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများ။ |
| ၃၀ | စာအုပ်စာပေ၊ မဂ္ဂဇင်း၊ စာစောင်၊ သတင်းစာ ထုတ်ဝေရေး ဝန်ဆောင်မှု လုပ်ငန်းများ။ |

(င) ပုဒ်မခွဲ(ဃ)ပါ ဝန်ဆောင်မှုလုပ်ငန်းများမှတစ်ပါး ပြည်တွင်း၌ ဆောင်ရွက်သည့်အခြား ဝန်ဆောင်မှုလုပ်ငန်းများမှ ရငွေအပေါ်တွင် ငါးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(စ) နိုင်ငံတော်အတွင်း ဆောက်လုပ်ပြီးရောင်းချသည့် အဆောက်အအုံ ဆောက်လုပ်ရောင်းချခြင်းမှ ရောင်းရငွေ အပေါ်တွင် သုံးရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။အဆောက်အအုံ ဆောက်လုပ် ရောင်းချသူသည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေနှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများပါတာဝန်ကို လိုက်နာရမည် ဖြစ်ပြီး အခွင့်အရေးများအားလုံးကိုလည်း ခံစားခွင့်ရှိစေရမည်။

(ဆ) ရွှေထည်လက်ဝတ်ရတနာများရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင် လည်းကောင်း ၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း တစ်ရာခိုင်နှုန်းဖြင့် ကုန်သွယ် လုပ်ငန်းခွန်ကျသင့်စေရမည်။

၁၅။ (က) ပြည်တွင်းပြည်ပအဖွဲ့အစည်းများက လှူဒါန်းငွေ၊ ထောက်ပံ့ငွေ၊ ချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ကုန်သွယ်လုပ်ငန်းခွန်ကိစ္စအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် သို့မဟုတ် သက်သာခွင့်ပြု နိုင်သည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍ များအတွက် အောက်ဖော်ပြပါ ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရ ငွေထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ်ခြင်းမပြုရ-

(၁) ကုန်သွယ်လုပ်ငန်းခွန် ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် နှစ်တစ်နှစ် အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၂) ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၃) ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် နှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်း ကျပ်သိန်း ၅၀၀ တိတိ၊

(၄) အကောက်ခွန်လုပ်ထုံးလုပ်နည်း စံသတ်မှတ်ချက်များနှင့်အညီ အလျင်အမြန်ပေးပို့ထုတ်ယူလိုသည့် ကုန်စည်များအပေါ် အခွန်အခ များကင်းလွတ်ခွင့်ပြုနိုင်သည့် အကောက်ခွန်ဦးစီးဌာန၏ အနိမ့်ဆုံး တန်ဖိုးသတ်မှတ်ချက် (Deminimis Value Threshold)။

၁၆။ မည်သူမဆို ဤဥပဒေအရ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်တစ်မျိုးမျိုးကို ထုတ်လုပ်ရောင်းချခြင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းတို့မှ နိုင်ငံခြားငွေရရှိလျှင် အဆိုပါနိုင်ငံခြားငွေဖြင့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေအပေါ် ကုန်သွယ် လုပ်ငန်းခွန်ကို ဤဥပဒေပါ သက်ဆိုင်ရာ အခွန်နှုန်းများအတိုင်း တွက်ချက်၍ ကုန်သွယ် လုပ်ငန်းခွန်စည်းမျဉ်းများနှင့်အညီ ကျပ်ငွေဖြင့်ပေးဆောင်ရမည်။

၁၇။ (က) ပြည်ပသို့ တင်ပို့ရောင်းချသည့် လျှပ်စစ်ဓာတ်အားအပေါ် ရှစ်ရာခိုင်နှုန်း ဖြင့် လည်းကောင်း၊ ရေနံစိမ်းများအပေါ် ငါးရာခိုင်နှုန်းဖြင့်လည်းကောင်း ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ကုန်စည်များမှအပ ကျန်ကုန်စည်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းအတွက် ရောင်းရငွေအပေါ်တွင် သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမည်။ ပြည်ပသို့တင်ပို့ရောင်းချခြင်း အတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ကုန်စည်ကိုဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်က ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်ကို စည်းမျဉ်း များနှင့်အညီ ခုနှိမ်နိုင်သည်။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများတွင် မည်သို့ဆိုစေကာမူ ပြည်ပပို့ကုန်များနှင့်စပ်လျဉ်း၍ ပြည်ပသို့တင်ပို့ ရောင်းချခြင်းအတွက် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်သည် ကုန်စည်ကို ဝယ်ယူစဉ် သို့မဟုတ် ထုတ်လုပ်စဉ်ကပေးဆောင်ခဲ့သည့် ကုန်သွယ် လုပ်ငန်းခွန်အောက်လျော့နည်းနေပါက ပြန်အမ်းငွေ တောင်းခံနိုင်သည်။ သို့ရာတွင် ကိုယ်တိုင်သုံးစွဲရန်အလို့ငှာ ပြည်တွင်း၌ဝယ်ယူပြီး ပြည်ပသို့ ယူဆောင်သွားသည့် ကုန်စည်များနှင့် မသက်ဆိုင်စေရ။

(ဂ) ဤပုဒ်မပါပြဋ္ဌာန်းချက်များသည် မစည်းကြပ်ထိုက်သည့်ရောင်းရငွေ၊ ဝန်ဆောင်မှု ရငွေပမာဏသတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၈။ ဤဥပဒေ၏အခန်း (၆) တွင်ဖော်ပြပါရှိသောစကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက် သည် ဤဥပဒေ၏ ပုဒ်မ ၁၊ ပုဒ်မခွဲ (ဂ) ပါ စကားရပ်များမှအပ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ တွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

**အခန်း (၇)**

**ဝင်ငွေခွန်**

၁၉။ (က) လစာမှ နှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထိ ရရှိသူဖြစ်လျှင် မည်သူ့ကိုမျှ ဝင်ငွေခွန်စည်းကြပ်ခြင်းမပြုရ။ ထိုသို့ စည်းကြပ်ခြင်းမပြုသဖြင့် ကင်းလွတ်ခွင့်ရသည့် လစာဝင်ငွေဆိုင်ရာ သက်သေခံအထောက်အထားကို တောင်းခံလာပါက သတ်မှတ်ချက်များနှင့်အညီ ပြည်တွင်းအခွန်များ ဦးစီးဌာနက ထုတ်ပေးရမည်။

(ခ) သို့ရာတွင် လစာမှနှစ်တစ်နှစ်အတွင်း ဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် ရရှိသည့်လစာဝင်ငွေစုစုပေါင်းအပေါ်တွင် ဝင်ငွေခွန် ထမ်းဆောင်ရမည်။

(ဂ) လစာမှ နှစ်တစ်နှစ်အတွင်းဝင်ငွေကျပ် ၄၈ သိန်းအထက် ရရှိသူဖြစ်လျှင် သို့မဟုတ် အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အခြားရလမ်းများမှ ဝင်ငွေဖြစ်လျှင် မည်သူ့ကိုမဆို စုစုပေါင်းဝင်ငွေမှ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်ဝင်ငွေ အပေါ် ဝင်ငွေအလွှာအလိုက် စည်းကြပ်ရမည့် ဝင်ငွေခွန်နှုန်းထားများကို အောက်ပါအတိုင်းသတ်မှတ်သည် -

| အမှတ်စဉ် | ဝင်ငွေခွန်စည်းကြပ်ရန်ဝင်ငွေအလွှာ | | စည်းကြပ်ရန် ဝင်ငွေခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၂,၀၀၀,၀၀၀ | ၀ ရာခိုင်နှုန်း |
| ၂ | ၂,၀၀၀,၀၀၁ | ၅,၀၀၀ , ၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၅,၀၀၀,၀၀၁ | ၁၀,၀၀၀,၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၄ | ၁၀,၀၀၀,၀၀၁ | ၂၀,၀၀၀,၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၅ | ၂၀,၀၀၀,၀၀၁ | ၃၀,၀၀၀,၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၆ | ၃၀,၀၀၀,၀၀၁ နှင့် အထက် | | ၂၅ ရာခိုင်နှုန်း |

(ဃ) ဝင်ငွေခွန်ဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်းနှင့် အခန်းငှားရမ်းခြင်း တို့မှ ရရှိသော စုစုပေါင်းငှားရမ်းခ ရငွေအပေါ် ပုဒ်မ ၆ အရ သက်သာ ခွင့်များ နုတ်ပယ်ပြီး ကျန်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် သီးခြား စည်းကြပ်ရမည်။ အခြားဝင်ငွေများနှင့်ပူးပေါင်း၍ ထပ်မံ စည်းကြပ်ခြင်းမပြုရ။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများ ဖြစ်ပါက အခွန်ထမ်းအမျိုးအစားအလိုက် သီးခြား သတ်မှတ်ပေးထား သော ဝင်ငွေခွန်နှုန်းများအတိုင်း ထမ်းဆောင်ရမည်။

(င) အစုစပ်လုပ်ငန်းများဖြစ်ပါက ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့် နုတ်ပယ်ပြီးနောက် ပုဒ်မခွဲ (ဂ) ဇယားပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ထမ်းဆောင်ရမည်။

(စ) ဤပုဒ်မပါ ဝင်ငွေခွန်နှုန်းများသည် ဝင်ငွေရရှိသူတစ်ဦးဦး သို့မဟုတ် ဝင်ငွေ အမျိုးအစား တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သီးခြားဝင်ငွေ ခွန်နှုန်းသတ်မှတ်ထားသည့် အခွန်ထမ်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၂၀။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အခြေခံ သက်သာခွင့် ခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတစ်ခုစီ၏ ၂၀ ရာခိုင်နှုန်းနှင့် ညီမျှသောငွေ ဖြစ်ရမည်။ သို့ရာတွင် နှစ်တစ်နှစ်အတွက် အခြေခံသက်သာခွင့် ခွင့်ပြုငွေစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုစေရ။

၂၁။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ အောက်ပါ သက်သာခွင့် ခွင့်ပြုငွေကို ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) ပါတစ်ဦးချင်းပုဂ္ဂိုလ်၏ စုစုပေါင်း ဝင်ငွေမှနုတ်ပယ်၍ ကျန်ငွေအပေါ်တွင် ဝင်ငွေခွန် စည်းကြပ်ရမည် -

(က) အတူနေမိဘတစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ၊

(ခ) အိမ်ထောင်ဖက်တစ်ဦးအတွက်သာလျှင် ကျပ် ၁၀ သိန်း၊

(ဂ) သားသမီးတစ်ဦးလျှင် ကျပ် ၅ သိန်းစီ။

၂၂။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ မနုတ်မီ ပြည်ပ နေ နိုင်ငံသား၏ ကင်းလွတ်ခွင့်ရရှိသည့် ဝင်ငွေခေါင်းစဉ်မှတစ်ပါး နိုင်ငံခြားငွေဖြင့် ပြည်ပတွင်ရရှိသည့် စုစုပေါင်းဝင်ငွေအပေါ် တစ်ဆယ်ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၃။ (က) အောက်ဖော်ပြပါ အခွန်ထမ်းအမျိုးအစားများနှင့် ပတ်သက်၍ ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်ပယ်မီ စုစုပေါင်းအသားတင် အမြတ်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည် -

(၁) မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူး ကုမ္ပဏီ အက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ ဖွဲ့စည်းတည်ထောင်ထားသည့် ကုမ္ပဏီ၊

(၂) ပြည်ပနေနိုင်ငံခြားသား၏ လစာခေါင်းစဉ်မှတစ်ပါး အခြားဝင်ငွေ၊

(၃) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့် ခွင့်ပြု မိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်း၊

(၄) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ။

(ခ) အခြေခံသမဝါယမအသင်းမှအပဖြစ်သော သမဝါယမအသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့် များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ၂၅ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၄။ ပြည်ပနေနိုင်ငံခြားသားဖြစ်လျှင် ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များ နုတ်ပယ်ခြင်းမပြုရ။ ယင်း၏စုစုပေါင်းဝင်ငွေအပေါ် လစာခေါင်းစဉ် မှဝင်ငွေဖြစ်ပါက ဤ ဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ အခွန်နှုန်းများအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။

၂၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ နှင့် ၆-က တို့အရ သက်သာခွင့်များမနုတ်မီ စည်းကြပ်မှုမှ လွတ်ကင်းနေသောဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်းဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။ သို့ရာတွင် နိုင်ငံသား မည်သူမဆို အခြေပစ္စည်းတစ်ရပ်ရပ်ကို ဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းနှင့် လုပ်ငန်းအသစ်တည်ထောင်ခြင်း၊ လုပ်ငန်းထပ်မံ တိုးချဲ့ဆောင်ရွက်ခြင်းတို့အတွက် အသုံးပြုသည့်ဝင်ငွေမှ ဝင်ငွေရလမ်းတင်ပြနိုင်သည့် ဝင်ငွေရှိပါက ယင်းဝင်ငွေအား နုတ်ပယ်ပြီး ကျန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ်တွင်လည်းကောင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်းမရှိပါက အသုံးပြု သည့်ဝင်ငွေအပေါ်တွင်လည်းကောင်း အောက်ဖော်ပြပါအခွန်နှုန်းထားအတိုင်း ဝင်ငွေခွန် စည်းကြပ်ရမည်။ အသုံးပြုသည့် ဝင်ငွေအားလုံးအပေါ် ဝင်ငွေရလမ်း အတိအကျတင်ပြနိုင်ပါက ဝင်ငွေခွန် ထမ်းဆောင်ရန်မလိုပါ။ ဤပုဒ်မအရ အခွန်စည်း ကြပ်ခြင်းသည် တရားမဝင်ရရှိသည့်ပစ္စည်းများ ပိုင်ဆိုင်ခြင်း၊ ရောင်းဝယ်ခြင်းတို့ နှင့်လည်းကောင်း၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူသည့်ကိစ္စ ရပ်များနှင့်လည်းကောင်း သက်ဆိုင်ခြင်းမရှိစေရ-

| စဉ် | ဝင်ငွေ(ကျပ်) | ဝင်ငွေခွန်နှုန်း |
|---|---|---|
| (က) | ၁ - ၃၀,၀၀၀,၀၀၀ | ၁၅% |
| (ခ) | ၃၀,၀၀၀,၀၀၁ - ၁၀၀,၀၀၀,၀၀၀ | ၂၀% |
| (ဂ) | ၁၀၀,၀၀၀,၀၀၁နှင့်အထက် | ၃၀% |

၂၆။ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ဖွဲ့စည်းထားသည့် အခြေခံသမဝါယမ အသင်းများ၏ အသားတင်အမြတ်ဝင်ငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာ ခွင့်များနုတ်ပယ်ပြီး ကျန်ဝင်ငွေအပေါ် ဤဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) ပါ ဝင်ငွေခွန် နှုန်းများဖြင့် ဝင်ငွေခွန်စည်းကြပ်ရမည်။

၂၇။ အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမှ မြတ်စွန်းငွေရရှိလျှင် ထိုသို့ မြတ်စွန်းသည့် ငွေ သို့မဟုတ် နိုင်ငံခြားငွေအပေါ် ဝင်ငွေခွန် ဥပဒေ ပုဒ်မ ၆ နှင့် ပုဒ်မ ၆-က တို့အရ သက်သာခွင့်များမနုတ်မီ -

(က) မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ထုတ်လုပ်ခြင်း ကဏ္ဍတွင် ပါဝင်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက အောက်တွင်မြတ်စွန်းငွေ နှင့် ယှဉ်တွဲဖော်ပြထားသော အခွန်နှုန်းများအတိုင်း ရရှိသည့်ငွေကြေး အမျိုးအစားဖြင့် ဝင်ငွေခွန် စည်းကြပ်ရမည် -

*(ဆက်လက်ဖော်ပြပါမည်)*

# ဖလမ်းမြို့နှင့် ရိဒ် သဘာဝရေကန်

**မောင်သာ(ရှေးဟောင်းသုတေသန)**




မြန်မာနိုင်ငံ အနောက်မြောက်ပိုင်းတွင်တည်ရှိသည့် ချင်းပြည်နယ်သည် သာယာလှပသော သဘာဝပတ်ဝန်းကျင်နှင့် အေးမြသော ရာသီဥတုတို့ကြောင့် ပြည်တွင်း၌သာမက ပြည်ပ၌ပါ ထင်ရှားလျက်ရှိသည်။ ခရိုင်သုံးခရိုင်၊ မြို့နယ်ကိုးခုဖြင့် ဖွဲ့စည်းထားသည့် ချင်းပြည်နယ်အတွင်း ခရီးသွားများ စိတ်ဝင်စားကြသည့် နေရာဒေသများတွင် ကန်ပက်လက်မြို့နယ်ရှိ ဝိတိုရိယတောင်နှင့် ခေါ်နူးစုမ် အမျိုးသားဥယျာဉ်၊ မတူပီမြို့နယ်ရှိ ဘုံတလာရေတံခွန်၊ တီးတိန်မြို့နယ်ရှိ ရှာလ်လုမ်းခံတပ်နှင့် ဖလမ်းမြို့နယ်ရှိ ရိဒ်ရေကန်တို့သည် အထူးထင်ရှားကြသည်။

ချင်းပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့် လူအသွားအလာနည်းပါးသည့်တိုင် ချင်းရိုးရာယဉ်ကျေးမှုများ၊ ထူးခြားသော ဓလေ့ထုံးတမ်းများ၊ ပါးရဲထိုးထားသည့် အမျိုးသမီးများ၊ တောင်ဇလပ်ပန်းများ၊ အောက်ချင်းငှက်များ၊ နွားနောက်များသည် ပြည်နယ်၏ အမှတ်လက္ခဏာများအဖြစ် ခေတ်အဆက်ဆက် ကျော်ကြားခဲ့ပေသည်။

**ဖလမ်းမြို့**

ချင်းပြည်နယ်မြောက်ပိုင်းရှိ ဖလမ်းမြို့သည် လွတ်လပ်ရေးရရှိပြီးသည့်အချိန်က ချင်းဝိသေသတိုင်း၏ မြို့တော်ဖြစ်ခဲ့ပြီး ၁၉၆၇ ခုနှစ် မတ် ၂၇ ရက်တွင် ဟားခါးကို ပြည်နယ်မြို့တော်ဟု သတ်မှတ်ခဲ့ပြီးနောက် ခရိုင်မြို့တစ်မြို့အဖြစ် တည်ရှိနေကာ ဖလမ်းခရိုင်တွင် ဖလမ်း၊ တွန်းဇံနှင့် တီးတိန်မြို့နယ်တို့ ပါဝင်သည်။ ဖလမ်းမြို့နယ်ကို ၁၉၇၃ ခုနှစ် ဩဂုတ်လ ၃၁ ရက်တွင် မြို့တစ်ခု၊ ရပ်ကွက်ခြောက်ခု၊ ကျေးရွာအုပ်စု ၆၆ အုပ်စု၊ ကျေးရွာ ၁၇၉ ရွာဖြင့် ဖွဲ့စည်းခဲ့သည်။ ယခုအခါတွင် အိန္ဒိယနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းဖွင့်ထားသည့် ရိခေါဒါရ်ကို မြို့အဖြစ်သတ်မှတ်ခဲ့သဖြင့် ဖလမ်းမြို့နယ်တွင် မြို့နှစ်မြို့ ရှိလာခဲ့သည်။ ဖလမ်းမြို့သည် ၂ ဒသမ ၀၂ စတုရန်းမိုင် ကျယ်ဝန်း၍ ရိခေါဒါရ်မြို့သည် ၁ ဒသမ ၂၂ စတုရန်းမိုင် ကျယ်ဝန်းသည်။

ဖလမ်းမြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၅၂၀၀ မြင့်ကာ အရှေ့မှ အနောက်သို့ မိုင် ၄၀၊ တောင်မှမြောက်သို့ ၂၅ မိုင် ရှည်လျားလျက် ဧရိယာ ၉၈၈ ဒသမ ၉ စတုရန်းမိုင် ကျယ်ဝန်းသည်။ ဖလမ်းမြို့နယ်သည် ထန်တလန်မြို့နယ်နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်၏အရှေ့ဘက်၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၏ အနောက်ဘက်၊ တီးတိန်မြို့နယ်၏ တောင်ဘက်နှင့် ဟားခါးမြို့နယ်၏ မြောက်ဘက်တွင် တည်ရှိနေသည်။

မြို့နယ်၏ တည်နေရာအညွှန်းသည် မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ ၅၀ မိနစ်နှင့် ၂၃ ဒီဂရီ ၂၀ မိနစ်အကြားနှင့် အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၂၀ မိနစ်နှင့် ၉၄ ဒီဂရီ ၈၀ မိနစ်အကြားဖြစ်သည်။

ဖလမ်းမြို့သည် ဟားခါးမြို့မှ မြောက်ဘက်သို့ ၄၃ မိုင် ကွာဝေးပြီး ကားလမ်းမှာ ကောင်းမွန်သဖြင့် အချိန်တိုအတွင်း သွားရောက်နိုင်သည်။ မြို့နယ်အတွင်း ပေ ၃၀၀ မှ ပေ ၈၀၀၀ အထိမြင့်မားသည့် တောင်စွယ်တောင်တန်းများနှင့် အင်္ဂလိပ်အက္ခရာ V ပုံစံ မတ်စောက်သောချိုင့်ဝှမ်းများရှိနေကာ ဖလမ်းမြို့ကို တောင်ကမ်းပါးယံပေါ်တွင် တည်ထားသဖြင့် မြို့တွင်းလမ်းများသည် ကျဉ်းမြောင်းပြီး အကွေ့အကောက်များ များပြားသည်။

ဖလမ်းမြို့ကို ကျင်မွာလ်ရပ်ကွက် ရက်ကန်းကျောင်းအောက်ဘက်ရှိ တာရွှန်းရွာဟောင်းအနီး၌ စတင်တည်ထောင်ခဲ့သည်ဟု ဆိုကြသည်။ သို့သော် ဖလမ်းကို မူလတည်ခဲ့သည့် ယင်းနေရာသည် စစ်ရေးလုံခြုံမှုမရှိသဖြင့် ကျောက်ဆောင်ကမ်းပါးများရှိနေပြီး မဏိပူရမြစ်စီးဆင်းနေသည့် ယခုလက်ရှိနေရာသို့ ၁၈၈၉ ခုနှစ်တွင် ပြောင်းရွှေ့ခဲ့သည်။ မဏိပူရမြစ်သည် ဖလမ်းမြို့နယ်မြောက်ဖျားမှ စီးဆင်းလာကာ မြို့၏မြောက်ဘက်တွင် အရှေ့ဘက်သို့ကွေ့၍ မြစ်သာမြစ်အတွင်းသို့ စီးဝင်သွားသည်။ လက်ရှိ ဖလမ်းမြို့တည်နေရာသည် လုံခြုံရေးနှင့် ရေအရင်းအမြစ်ကောင်းမွန်သဖြင့် မူလနေရာမှပြောင်းရွှေ့လာကြသူများသည် တဲများထိုးကာ ရွာတည်ခဲ့ကြပြီး ဖလမ်း (Fa Hlam)ဟု အမည်ပေးခဲ့သည်။ ချင်းဘာသာစကားအရ Fa သည် သားသမီးများ၊ Hlam သည် ခိုလှုံရာတဲဟု အဓိပ္ပာယ်ရှိသဖြင့် မြန်မာဘာသာဖြင့် သားသမီးများ လုံခြုံစွာခိုလှုံသည့်တဲဟု ဆိုလိုသည်။

ဖလမ်းမြို့နယ်၏ ရာသီဥတုသည် သမပိုင်းဇုန်ရာသီဥတုဖြစ်သော်လည်း ဆောင်းရာသီတွင် အပူချိန်သည် ရေခဲမှတ်အနီးအထိ ကျဆင်းလေ့ရှိကာ မြို့နယ်၏ ပျမ်းမျှအပူချိန်သည် ၃၂ ဒီဂရီစင်တီဂရိတ်နှင့် ၂ ဒီဂရီစင်တီဂရိတ်အကြားဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် မိုးရွာရက် ၉၆ ရက်ရှိရာ မိုးရေချိန် ၆၄ ဒသမ ၇၂ လက်မ ရွာသွန်းခဲ့သည်။

မြို့နယ်အတွင်း ထင်းရှူး၊ တောင်ဇလပ်၊ ကညင်၊ အင်ကြင်းနှင့် ချယ်ရီပင်များ အများဆုံးပေါက်ရောက်ပြီး တောဝက်၊ တောင်ဆိတ်၊ ဆတ်၊ ဝက်ဝံစသည့် တောရိုင်းတိရစ္ဆာန်များ ကျက်စားနေထိုင်ကြသည်။ မြို့နယ်၏ ၁၉ ဒသမ ၁၁ ရာခိုင်နှုန်းကို သစ်တောများဖုံးလွှမ်းလျက်ရှိရာ ကြိုးဝိုင်းသစ်တော ၈၆၅၂ ဧကနှင့် ကြိုးပြင်သစ်တော ၂၉၄၈၅ ဧကဖြစ်သည်။

မြို့နယ်၏လူဦးရေ ၅၃၁၇၉ ဦးအနက် ချင်းလူမျိုးများက ၅၂၈၄၈ ဦးဖြစ်ကာ ခရစ်ယာန်ဘာသာကို အများဆုံးကိုးကွယ်ကြပြီး ဒေသခံပြည်သူများသည် စိုက်ပျိုးမွေးမြူရေးဖြင့် အဓိက အသက်မွေးကြသည်။

**ရိဒ် (RIH)**

ပြည်ပမှခရီးသွားများ အရောက်နည်းသေးသည့်တိုင် ချယ်ရီနှင့် တောင်ဇလပ်ပန်းများပွင့်လန်းရာ ချင်းပြည်နယ် တောင်ပေါ်ဒေသ၏ စိတ်ဝင်စားဖွယ်နေရာများတွင် တောင်ပေါ်ရေကန်ကြီးတစ်ခုဖြစ်သည့် ရိဒ်သည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရိဒ်ရေကန်ကြီးကို ချင်းတောင်တန်းဒေသ၏ အမှတ်လက္ခဏာတစ်ခုဟု တင်စားပြောဆိုကြပြီး နှစ်စဉ် လာရောက်လည်ပတ်သူများ တိုးတက်လျက်ရှိနေသည်။

ရိဒ်သည် ချင်းပြည်နယ်မြောက်ပိုင်း ဖလမ်းမြို့နယ် ရိခေါဒါရ်မြို့ မြန်မာ-အိန္ဒိယ နယ်စပ်တွင် တည်ရှိနေသည့် အသည်းနှလုံးပုံ သဘာဝရေကန်ဖြစ်ပြီး ရိဒ်ရေကန်သို့ ဖလမ်းမြို့မှ သွားနိုင်သကဲ့သို့ မိုင် ၃၀ ကွာဝေးသည့် တီးတိန်မြို့မှလည်း သွားရောက်နိုင်ကြသည်။ ၈၃၂ ဧကကျယ်ဝန်းသည့် ရိဒ်ရေကန်ကို အမြင့်မှကြည့်လျှင် အသည်းနှလုံးတစ်ခုကဲ့သို့ မြင်ကြရပြီး ရေကန်ပတ်လည်လမ်းသည် နှစ်မိုင်ခွဲရှည်လျားသည်။ ကန်ရေပြင်ပျမ်းမျှအနက်သည် ပေ ၅၀ ရှိ၍ အနက်ရှိုင်းဆုံးနေရာသည် ရေအောက်သို့ ပေ ၆၀ ဖြစ်သည်။

ဒေသခံ ချင်းတိုင်းရင်းသားများသည် ထူးခြားစွာ အသည်းနှလုံးပုံဖြစ်နေသည့် ရိဒ်ရေကန်တွင် ယင်းတို့၏ဘိုးဘွားဝိညာဉ်များ ရှိနေကြသည်ဟု အစဉ်အဆက် ယုံကြည်ခဲ့ကြသည်။

ဒေသနေချင်းတိုင်းရင်းသားများ၏ ဒဏ္ဍာရီများအရ ရိဒ်သည် လွန်ခဲ့သော နှစ်ပေါင်းများစွာက ဖလမ်းမြို့အနီးရှိ ဘေးဘွီးမြို့တွင် နေထိုင်ခဲ့သည့် ဘုရင်နှင့် မိဖုရားကို စောင့်ရှောက်သော ဝိညာဉ်စောင့်နတ်သမီးတစ်ပါး၏ အမည်ဖြစ်သည်ဟု ဆိုသည်။ ထိုနတ်သမီးသည် နွားဖြူအသွင်ဖန်ဆင်းကာ ဘေးဘွီးမှ အရှေ့မြောက်အရပ်သို့ ကောင်းကင်ခရီးဖြင့်လာခဲ့စဉ် ယခု ရိဒ်ရေကန်နေရာ၌ ဝိညာဉ်စောင့်နတ်သမီးအဖြစ် ကျန်နေရစ်ခဲ့ကြောင်း၊ ထိုဒေသမှလူများ ကွယ်လွန်ကြလျှင် ဝိညာဉ်စောင့်နတ်သမီးထံ သွားကြရကြောင်း ယုံကြည်ကြသည်။

ထို့ကြောင့် ရိဒ်ရေကန်အနီးဝန်းကျင်တွင် နေထိုင်ကြသည့် ချင်းမျိုးနွယ်စုများသည် ရွာသူရွာသားများ ကွယ်လွန်သောအခါတွင် သေဆုံးသည်ဟုမပြောဘဲ ရိဒ်ရေကန်ဆီသို့သွားသည်ဟု ပြောလေ့ရှိခဲ့ကြသည်။ ရိဒ်ရေကန်ကြီး၏ပတ်လည်တွင် သဘာဝအလျောက်ပေါက်နေသော မိုးမခပင်များကို ဒေသခံတို့က ဝိညာဉ်စောင့်ခြံစည်းရိုးဟု ခေါ်ဆိုခဲ့ကြသည်။

ရိဒ်ရေကန်အနီးဝန်းကျင်တွင် နှစ်စဉ်ကျင်းပလေ့ရှိသည့် ဝိညာဉ်ပူဇော်ပွဲများသို့ ချင်းပြည်နယ်နှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်နှင့် အာသံပြည်နယ်မှ ဇိုမီးမျိုးနွယ်စုများလည်း လာရောက်ပူဇော်လေ့ရှိကြသည်။ အိန္ဒိယနိုင်ငံ မီဇိုရမ်သည်မီဇိုချင်းလူမျိုးများ အများအပြားနေထိုင်သည့် ပြည်နယ်ဖြစ်သည်။

**ရိဒ်သဘာဝရေကန်**



လွန်ခဲ့သောနှစ်ပေါင်းများစွာက ချင်းပြည်နယ်တွင် မီးတောင်တစ်ခု ပေါက်ကွဲရာမှ ပေါ်ပေါက်လာခဲ့သည့် ရိဒ်ရေကန်ကို အေဒီ ၁၅၀၀ ခန့်က စတင်တွေ့ရှိခဲ့သည်ဟု ခန့်မှန်းကြသည်။ ယင်းဒေသရှိ ဆေးဗွီးရွာသူကြီး၏သားဖြစ်သူ ဇခူးမာသည် ရိဒ်ရေကန်၏အရှေ့ဘက် တောင်ကုန်းပေါ်တွင် ရိခေါဒါရ်(Rihkhawdar)ရွာကို တည်ထောင်ခဲ့ရာ ရိဒ်သည် ကန်၊ ခေါသည် ရွာဟု အဓိပ္ပာယ်ရပြီး ဒါရ်သည် ကြေးစည်ပုံသဏ္ဌာန်တောင်ဟု ဆိုလိုသဖြင့် ရိခေါဒါရ်သည် ကြေးစည်ပုံသဏ္ဌာန်တောင်ကုန်းနှင့် ရေကန်ရှိသောရွာ ဖြစ်ပေသည်။

ရိခေါဒါရ်သည် စားနပ်ရိက္ခာပေါများသောရွာတစ်ရွာဖြစ်ခဲ့ပြီး အနီးဝန်းကျင်ရွာများ၏ တိုက်ခိုက်မှုကြောင့် ရွာသူရွာသားများသည် အိန္ဒိယနိုင်ငံဘက်သို့ ထွက်ပြေးခဲ့ကြရကာ ၁၇၅၀ ပြည့်နှစ်တွင် ရွာပျက်စီးသွားခဲ့သဖြင့် ရွာသူရွာသားများသည် ရိဒ်ရေကန်ပတ်လည်သို့ ပြောင်းရွှေ့ကာ ရွာသစ်တစ်ခုကို ပြန်လည်တည်ထောင်ခဲ့ကြရာမှ လက်ရှိ ရိခေါဒါရ်မြို့ ပေါ်ပေါက်လာခဲ့သည်။

လက်ရှိအချိန်တွင် ကြေးစည်ပုံသဏ္ဌာန်ဖြစ်နေသည့် တောင်ကုန်းသည် ရေကန်၏ မြောက်ဘက်ယွန်းယွန်းတွင်ရှိနေကာ ရိဒ်ရေကန်သို့ ရောက်ရှိလာကြသူများသည် ယင်းတောင်ကုန်းငယ်ပေါ်မှ ဓာတ်ပုံရိုက်ကူးလေ့ရှိကြသည်။ ရေကန်နှင့် မျက်နှာချင်းဆိုင်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ရိဒ်ပြည်ထောင်စုရိပ်သာမှကြည့်လျှင် ရေကန်ကို အပေါ်စီးမှ လှပစွာမြင်ကြရပေသည်။

ရိဒ်ရေကန်သည် နှစ်ပေါင်းများစွာ သက်တမ်းရှည်ကြာခဲ့သော်လည်း ယခုအချိန်အထိ ရေကန်၏ အတိမ်အနက်နှင့် အကျယ်အဝန်းသည် ပြောင်းလဲခြင်းမရှိဘဲ မူလအတိုင်း တည်ရှိနေသည်။ ရေကန်၏အပူချိန်သည်လည်း ပြောင်းလဲမှုမရှိသကဲ့သို့ ရေကန်တွင် ရေလျှံခြင်း၊ ရေနည်းသွားခြင်းလည်း မဖြစ်ခဲ့ကြောင်း သိရှိရပေသည်။

ရိဒ်ရေကန်သည် ခြောက်သွေ့မြင့်မားသောတောင်တန်းများကြားတွင် ရှိနေပြီး ရေကန်ကြီးသို့ ချောင်းရေမြောင်းရေများ စီးဆင်းမှုမရှိဘဲ နှစ်စဉ် ရွာသွန်းသော မိုးရေများသာ ရိဒ်ရေကန်တွင် စုစည်းနေကြသည်။ ကန်ရေပြင်သည် မိုးရာသီတွင် ကြည်လင်နေလေ့ရှိပြီး ပုံမှန်အားဖြင့် နှစ်စဉ် ဒီဇင်ဘာလကုန်ပိုင်း အအေးဆုံးကာလများတွင် ၇ ရက်မှ ၁၀ ရက်ခန့်အထိ ရေများနောက်ကျိသွားလေ့ရှိသည်။ ထိုသို့ ရေများနောက်သွားခြင်းကို ဒေသခံများက ကန်စောင့်နတ်မင်း ရေကစားခြင်းဟု ယူဆခဲ့ကြသည်။

ပညာရှင်များ၏ ရှင်းလင်းချက်များအရမူ ဒီဇင်ဘာလ နောက်ဆုံးရက်များတွင် ရိခေါဒါရ်မြို့၏ ရာသီဥတုသည် အလွန်အေးသဖြင့် ရိဒ်ရေကန်၏အပေါ်ရေထုသည် အအေးဒဏ်ကြောင့် အလေးချိန်မြင့်တက်လာလေ့ရှိသည်။ ယင်းအချိန်တွင် ကန်၏ အောက်ခြေရေထုသည် အပေါ်ရေထု၏ဖိအားကို တုံ့ပြန်ရန် ရေလွှာအပေါ်သို့ တွန်းကန်တက်လာရာမှ ရေကန်ကြမ်းပြင်ရှိ ရွှံ့နှင့်နုန်းမြေများပါလာကာ ကန်ရေ နောက်ကျိသွားခြင်းဖြစ်ပေသည်။

**ရိဒ်သဘာဝပတ်ဝန်းကျင်**

ရိဒ်ရေကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၉၆၆ ပေတွင် တည်ရှိနေကာ ကန်အတွင်း၌ ကြာဖြူ၊ ကြာနီပင်များနှင့် ဗေဒါပင်များ ပေါက်ရောက်သည်။ ကန်အနီးရှိ မိုးမခပင်များပေါ်တွင် သစ်ခွပင်မျိုးစုံကို တွေ့ရှိနိုင်သည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဖောက်လုပ်ခဲ့သည့် ၆၅ မိုင်ကွာဝေးသော ဖလမ်း-ရိဒ် ကားလမ်းကို ပြန်လည်ပြုပြင်ထားသဖြင့် နွေရာသီနှင့် ဆောင်းရာသီတွင် ကားများ သွားလာလျက်ရှိနေသည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာတွင် ရိဒ်ခေါဒါရ်နယ်စပ် ကုန်သွယ်ရေးစခန်းကို ဖွင့်လှစ်ခဲ့ပြီး ကလေးနှင့် တီးတိန်လမ်း၊ တီးတိန်နှင့် ရိဒ်လမ်းတို့ကိုလည်း အဆင့်မြှင့်တင်ပြုပြင်ခဲ့ရာ ရာသီမရွေးသွားလာနိုင်သည့်ကားလမ်းများ ဖြစ်လာခဲ့ကြသည်။

၂၀၀၂ ခုနှစ်ဝန်းကျင်မှစတင်၍ ချင်းပြည်နယ်သို့ ပြည်တွင်းပြည်ပဧည့်သည်များ လည်ပတ်မှု များပြားလာခဲ့ကာ ယခုအခါ ချင်းပြည်နယ်၏ နေရာဒေသအားလုံးသို့ ပြည်တွင်းပြည်ပဧည့်သည်များ ဝင်ရောက်မှုရှိနေပြီ ဖြစ်သည်။ ရိဒ်ရေကန်ဝန်းကျင်ဒေသများသို့ ယခင်က အိန္ဒိယနိုင်ငံဘက်မှ ဧည့်သည်များသာ လာလေ့ရှိသော်လည်း ၂၀၀၉ ခုနှစ်တွင် ရိဒ်ရေကန်အပန်းဖြေစခန်း ဖွင့်လှစ်ခဲ့ပြီးနောက် ပြည်တွင်းခရီးသွားဧည့်သည်များလည်း နှစ်စဉ် လာရောက်လည်ပတ်လျက်ရှိနေကြပြီဖြစ်သည်။

ချင်းပြည်နယ်အတွင်း ပြည်ပဧည့်သည်ဝင်ရောက်မှု မှတ်တမ်းများအရ ၂၀၀၈ ခုနှစ်တွင် ဦးရေ ၈၀၊ ၂၀၀၉ ခုနှစ်တွင် ၁၅၁ ဦး၊ ၂၀၁၀ ပြည့်နှစ်တွင်ဦးရေ ၂၈၀ လာရောက်လည်ပတ်ခဲ့သည်။ ယခုအခါတွင် ဒေသတွင်းဧည့်မှတ်တမ်းများအရ နိုင်ငံခြားဧည့်သည်ဦးရေ ၅၀၀ လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

ချင်းတောင်တန်းဒေသ၏ သင်္ကေတတစ်ခုဖြစ်သည့် ရိဒ်ရေကန်သည် လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးလာသည့်အချိန်မှစ၍ ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်စားသည့် ထင်ရှားသောနေရာတစ်ခု ဖြစ်လာခဲ့သည်။ အထူးသဖြင့် မြန်မာ၊ အင်္ဂလိပ် နှစ်သစ်ကူးအချိန်များတွင် ရိဒ်ရေကန်သို့ ပြည်တွင်းပြည်ပမှ ခရီးသည်များ ရာနှင့်ချီကာ လာရောက်လည်ပတ်လေ့ရှိသဖြင့် ရိဒ်ရေကန်အနီးနှင့် ရိခေါဒါရ်မြို့တို့သည် စည်ကားသောနေရာများ ဖြစ်လာကြပေသည်။ ရိဒ်ရေကန်သည် မဟာသင်္ကြန်ပွဲတော်ရက်များတွင် အထူးစည်ကားလေ့ရှိကာ တည်းခိုရန်နေရာမရရှိသည့် ခရီးသွားများသည် ကန်ပတ်လည်တွင် အိပ်စက်နားနေကြရသည်။

ပြည်တွင်းပြည်ပခရီးသွားများကို ဆွဲဆောင်မှုများရှိနေသည့် အသည်းနှလုံးပုံသဏ္ဌာန် ရိဒ်ရေကန်ကြီးသည် ထူးခြားသောရေကန်ကြီးတစ်ခုဖြစ်သည်နှင့်အညီ ရေကန်အတွင်းရှိ သားငါးများ မျိုးမပြုန်းတီးစေရန် ကာကွယ်ရေးနှင့် ရေကန်ဘေးပတ်လည် စိမ်းလန်းစိုပြည် သာယာလှပရေးတို့ကို အလေးထားဆောင်ရွက်ရန်၊ သဘာဝသစ်ပင်၊ ပန်းပင်များကို ထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ပေသည်။

ရိဒ်ရေကန်ဒေသကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နယ်မြေတစ်ခုအဖြစ် သတ်မှတ်နိုင်ရန်အတွက် ရိဒ်ရေကန်၏အထက် ဧရိယာ ၆၆၀ ဧက ကျယ်ဝန်းသော ဒေသကို ရေဝေရေလဲဧရိယာအဖြစ် သတ်မှတ်ခဲ့သည်။ ရိဒ်ရေကန်ပတ်လည်ရှိ တောင်ကုန်းတောင်တန်း သစ်တောဧရိယာများကို တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး ဒေသခံများထံမှ စစ်တမ်းများ ကောက်ယူခဲ့သည်။

ပြည်တွင်းပြည်ပခရီးသွားများ စိတ်ဝင်စားစရာ နေရာတစ်ခုဖြစ်သော ရိဒ်ရေကန်ကို လေ့လာရေးခရီး၊ အပန်းဖြေခရီးနှင့် ပျော်ပွဲစားခရီးများအဖြစ် တောင်ပေါ်မြေပြန့် နေရာအနှံ့မှ ပြည်သူများနှင့် ဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိသည့်အနက် ရိဒ်ရေကန်သို့ အဓိကလာရောက်လည်ပတ်သူများသည် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်ဘက်မှ ဖြစ်သည်။ မီဇိုရမ်မှခရီးသွားများသည် ရိဒ်ရေကန်သို့ ရာသီမရွေး လာရောက်လည်ပတ်ကြပြီး ရာသီဥတုသာယာသောအချိန်များတွင် အများဆုံး လာရောက်လေ့ရှိကြ သည်။ ရေကန်အနီးတွင် ရိဒ်ကန်သာစားသောက်ဆိုင်ရှိပြီး အပျင်းပြေကစားရန် ဂေါက်ကွင်းငယ်တစ်ခုကိုလည်း ဖွင့်လှစ်ထားသည်။ ကြည်လင်သောကန်အတွင်း စက်တပ်လှေများဖြင့် လှည့်ပတ်ကြည့်ရှုကာ တောတောင်သဘာဝအလှကို ခံစားနိုင်ကြသကဲ့သို့ ကန်ရေကိုလည်း ချိုးနိုင်ကြသည်။

ချင်းပြည်နယ်အတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန် ကမ္ဘာလှည့်ခရီးသည်များအား ကန်ပက်လက်၊ မင်းတပ်၊ တီးတိန်၊ တွန်းဇံ၊ ထန်တလန်နှင့် ဖလမ်း မြို့ပေါ် နေရာများသို့ ခွင့်ပြုချက်ရယူရန်မလိုဘဲ သွားရောက်နိုင်ရန် ခွင့်ပြုထားသည်။ ယင်းမြို့များ၏ မြို့ပြင်ဒေသများသို့ သွားရောက်လိုသော ကမ္ဘာလှည့်ခရီးသည်များကိုလည်း ခွင့်ပြုချက်ပေးပြီး သွားလာခွင့်ပြုထားသဖြင့် ရိဒ်ရေကန်တည်ရှိရာ ချင်းပြည်နယ်မြောက်ပိုင်း ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးစပြုနေပြီဖြစ်သည်။

ရိဒ်ရေကန်၏ အထက်ပိုင်းနေရာများတွင် လူနေအိမ်များနှင့် ကျေးရွာများ တည်ထောင်ခြင်းမပြုလုပ်ရန် ပြည်နယ်အစိုးရက တားမြစ်ထားသည်။ ရိဒ်ရေကန်နှင့်အတူ ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ ကျောက်ပန်းတောင်ဘေးမဲ့တောနှင့် နတ်မတောင် အမျိုးသားဥယျာဉ်၊ ဖလမ်းနှင့် ဟားခါးမြို့နယ်များရှိ ဘွေပါးတောင်၊ ဇီမ်မူတောင် တို့ကိုလည်း သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်ရန် ဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်သည် မကြာသောကာလများအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများနှင့်အတူ တောင်ပေါ်ဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုးသည့် နေရာဒေသတစ်ခုဖြစ်လာ၍ စည်ပင်ဖွံ့ဖြိုးလာတော့မည်ဖြစ်ပေသည်။ ။

# မြစ်ကြမ်းပြင်မြင့်တက်လာမှုများနှင့် ဆက်လက်အဆင့်မြှင့်တင်ရမည့် ဝေန်တာတမံ



ရောဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ခွဲများအနက် ဝေန်မြစ်သည် အဓိကမြစ်ခွဲတစ်ခုဖြစ်ပြီး မြန်အောင်မြို့၏အောက်ဘက် မိုင် ၄၀ ခန့်အကွာရှိ ညောင်ကျိုးကျေးရွာအနီး ဟင်္သာတမြို့၏အထက်ဘက်၌ လက်ယာဘက်သို့ ခွဲထွက်သွားသည့် ဝေန်မြစ်သည် စုစုပေါင်းအရှည်အားဖြင့် မိုင် ၁၂၀ ခန့်ရှည်လျားသည်။ ဟင်္သာတခရိုင်မှ အင်္ဂပူမြို့နယ်နှင့် လေးမျက်နှာမြို့နယ်၊ ပုသိမ်ခရိုင်မှ သိုင်းချောင်းမြို့နှင့် သာပေါင်းမြို့နယ်များကို ဖြတ်သန်းစီးဆင်းပြီး ပုသိမ်မြစ်မှတစ်ဆင့် ပင်လယ်တွင်းသို့ စီးဝင်သွားသည်။

**ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ**

ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်းပါဝင်သည့် မြန်အောင်မြို့၏အထက် ၁၅ မိုင်ခန့်အကွာရှိ ဆိပ်သာရွာမှအစပြုကာ အောက်ပိုင်း ပင်လယ်ဝအထိ မိုင်၁၈၀ခန့်ရှည်လျားပြီး အကြမ်းအားဖြင့် တြိဂံပုံသဏ္ဍာန်ရှိသောအပိုင်းသည် ရောဝတီမြစ်ဝကျွန်းပေါ်အပိုင်းဖြစ်သည်။ အဆိုပါ မြစ်ဝကျွန်းပေါ်ဒေသရှိ မြေကေပေါင်း သုံးသန်းကျော်တွင် လယ်ယာများ စိုက်ပျိုးနိုင်ရေးအတွက် ဗြိတိသျှအစိုးရလက်ထက် ၁၈၆၂ ခုနှစ်တွင် ဗိုလ်မှူးကြီးရှော့ဆိုသူက တာတမံများ စတင်တည်ဆောက်ကာ မြစ်ဝကျွန်းပေါ်ဒေသ ရေကြီးရေလျှံမှုများကို ကာကွယ်နိုင်အောင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရေဘေးမှကာကွယ်ပေးနေသော တာတမံများ**

ဟင်္သာတခရိုင်တွင် အဓိကအားဖြင့် ရောဝတီမြစ်နှင့် ဝေန်မြစ်တို့ ဖြတ်သန်းစီးဆင်းလျက်ရှိသည်။ ရောဝတီမြစ်ရေကြီးမြင့်မှုကို ကြံခင်းတာ၊ မြန်အောင်တာ၊ ရောဝတီ-ဟင်္သာတတာ၊ ရောဝတီအရှေ့ဘက်ကမ်းတာတို့ တည်ဆောက်၍ ကာကွယ်ပေးထားပြီး ဝေန်မြစ်ရေကြီးမြင့်မှုကို အမြိုင်းဂျမ်းပြင်တာ၊ ဝေန်တာတို့တည်ဆောက်၍ ကာကွယ်ပေးထားသည်။

ဝေန်ရေကာတာသည် စုစုပေါင်းအလျား ၇၃ ဒသမ ၈၆ မိုင် ရှည်လျားပြီး ဟင်္သာတ၊ လေးမျက်နှာ၊ သိုင်းချောင်းနှင့် သာပေါင်းမြို့နယ်များမှ လယ်ယာမြေ ၃၀၀၃၈၄ ဧကတို့ကို ရေဘေးကာကွယ်ထိန်းသိမ်းပေးလျက်ရှိသည်။

**ဝေန်တာတမံ ပြင်ဆင်ခြင်းလုပ်ငန်းများ**

ရောဝတီတိုင်းဒေသကြီးအတွင်းရှိ တာတမံများကို ဦးစားပေးအလိုက် ပြင်ဆင်သွားရန် ၁၉၉၅ ခုနှစ် ဇူလိုင်လတွင် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ အထူးစီမံကိန်းအသွင်ဖြင့် တာတမံပြင်ဆင်ခြင်းလုပ်ငန်း အဆင့်(၁)ကိုလည်းကောင်း၊ ၁၉၉၇ နှင့် ၁၉၉၈ ခုနှစ်များတွင် ထပ်မံဖြည့်စွက်ရန်လိုအပ်သည့် ကျန်အပိုင်းများ ပြင်ဆင်ခြင်းကိုလည်းကောင်း ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက် ၂၀၀၄-၂၀၀၅ ခုနှစ်တွင်လည်း ရောဝတီ၊ စစ်တောင်း၊ သံလွင်၊ ချင်းတွင်း အစရှိသော မြစ်ကြီးများ၏ ရေဘေးကာကွယ်သည့်တာတမံများ တောင့်တင်းခိုင်မာစေရန် စီမံကိန်းအသွင်ဖြင့် ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ဝေန်တာတမံ၏ အချို့နေရာများတွင် ဝေန်မြစ်ရေတိုက်စားမှုကြောင့် ကမ်းပြိုကမ်းစားမှုများ ဖြစ်ပွားခဲ့ဖူးသဖြင့် ပန်းတာများကိုလည်း လိုအပ်သလိုတည်ဆောက်ခဲ့ရသည်။ ဝေန်တာမိုင် (၃၆/၀)မှ (၃၆/၅)အတွင်း ရွှေဘိုစုပန်းတာသစ်ကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ဝေန်တာမိုင် (၃၂/၁)မှ (၃၂/၂+၅၂၀)အထိအတွင်း လက်သမားပန်းတာသစ်ကိုလည်းကောင်း တည်ဆောက်ခဲ့ရပြီး ၂၀၁၅-၂၀၁၆ ခုနှစ်ကလည်း ထူးကဲစံချိန်တင် မြစ်ရေကြီးမှုဖြစ်စဉ်ကြောင့် ဝေန်တာတမံနယ်၏ တာတမံပြုပြင်ခြင်းလုပ်ငန်း(၈)ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြစ်ကြမ်းပြင်မြင့်တက်လာမှု**

ရောဝတီတိုင်းဒေသကြီးအတွင်းမှ ခရိုင်နှင့် မြို့နယ်များရှိ ရေဘေးကာကွယ်ရေး တာတမံများကို မကျိုးမပေါက်စေရန် တာတမံပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရရှိသော ရန်ပုံငွေအပေါ်မူတည်၍ ဦးစားပေးအလိုက် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဝေန်မြစ်သည် မြစ်ကြမ်းပြင် မြင့်တက်ပြောင်းလဲမှုများ ရှိလာနေကြောင်းလည်း သိရသည်။ ထိုသို့ ပြောင်းလဲလာသော မြစ်ကြမ်းပြင်မြင့်တက်လာမှု အခြေအနေများကြောင့် တာတမံ အဆင့်မြှင့်တင်ပြုပြင်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသည်။ ဝေန်တာတမံနယ်မြေအတွင်းမှ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များနှင့် လယ်ယာမြေများကို ဝေန်တာတမံအနေဖြင့် အပြည့်အဝ ဆက်လက်ကာကွယ်ပေးနိုင်ရန်အတွက် မြင့်တက်လာသော မြစ်ကြမ်းပြင်အခြေအနေများနှင့်အညီ နှစ်အလိုက် စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်သွားသင့်ကြောင်း အကြံပြုအပ်ပါသည်။ ။

**ကျော်ကျော်(ပြန်/ဆက်)**

# သောက်သုံးရေလုံလောက်စွာရရှိရေးအတွက် မီးသတ်ရေကန်နှင့် ရေစုပ်စက် လှူဒါန်း

**နွားထိုးကြီး ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် ပဲချက်ကျေးရွာ၌ ပြည်သူများ သောက်သုံးရေလုံလောက်စွာရရှိစေရေးအတွက် စစ်တက္ကသိုလ် အမှတ်စဉ်(၆၀) ဗိုလ်လောင်းသင်တန်း (စတုတ္ထနှစ်)ဗိုလ်လောင်းများမှ စုပေါင်းလှူဒါန်းသည့် မီးသတ်ရေကန်နှင့် ရေစုပ်စက် ပေးအပ်လှူဒါန်းပွဲကို ဩဂုတ်လ စတုတ္ထပတ်က ကျင်းပခဲ့သည်။

လှူဒါန်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ရေစုပ်စက် တပ်ဆင်လှူဒါန်းခြင်းနှင့် မီးသတ်ရေကန် ဆောက်လုပ်လှူဒါန်းပေးခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ အဆိုပါ ဂါလန် ၂၀၀၀၀ ဆံ့ မီးသတ်ရေကန်နှင့် ရေစုပ်စက်ကို စစ်တက္ကသိုလ် အမှတ်စဉ်(၆၀) ဗိုလ်လောင်းသင်တန်း(စတုတ္ထနှစ်)မှ ဗိုလ်လောင်းများက ဩဂုတ် ၁၅ ရက်မှ ၂၄ ရက်အထိ ပဲချက်ကျေးရွာ၌ ပြည်သူ့စစ်မဟာဗျူဟာဖော်ဆောင်ရေး လက်တွေ့သင်ခန်းစာဆောင်ရွက်စဉ် ကျေးရွာအတွက် ရေလိုအပ်လျက်ရှိသည်ကိုတွေ့ရသဖြင့် စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်တင်လတ်ဦး၏ လမ်းညွှန်ချက်အရ ဒုတိယဗိုလ်မှူးကြီးဇော်ထိုက် ဦးစီး၍ ဗိုလ်လောင်းများစုပေါင်းပြီး လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကလေးမြို့နယ်မှ မြစ်သာမြစ်ကမ်းပါးပြို၍ ကြိုတင်ရွှေ့ပြောင်းရသော အိမ်ထောင်စုများအား ထောက်ပံ့

**ကလေး ဩဂုတ် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် တောင်ဦးကျေးရွာ၌ ဩဂုတ် ၁၆ ရက်နှင့် ၂၀ ရက်က မြစ်သာမြစ်ကမ်းပါးပြိုကျမှုကြောင့် ကြိုတင်ဖျက်သိမ်း ရွှေ့ပြောင်းခဲ့ရသော အိမ်နှစ်လုံးမှ အိမ်ထောင်စုနှစ်စုအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကလေးခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ အိမ်ဆောက်ပစ္စည်းဖိုးငွေနှင့် လူအသုံးအဆောင်ပစ္စည်းများကို ဩဂုတ် ၂၄ ရက်က ထောက်ပံ့ပေးအပ်ခဲ့သည်။

နေအိမ်ဖျက်သိမ်းပြောင်းရွှေ့ခဲ့ရသည့် အိမ်ထောင်စုနှစ်စုအတွက် တစ်အိမ်ထောင်လျှင် အိမ်ဆောက်ပစ္စည်းဖိုးထောက်ပံ့ငွေ ကျပ်တစ်သိန်းစီ၊ လူ ၁၀ ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုးထောက်ပံ့ငွေ ကျပ် ၂၁၀၀၀ နှင့် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုးစီပါ ပုံးတစ်ပုံးစီတို့ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးညီညီနှင့် ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြတ်ဇော်ထွန်းတို့က ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား**



# အာဆီယံနိုင်ငံများ၏ မနုဿဗေဒဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၇**

ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှုကြီးမှူး၍ မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများ၏ မနုဿဗေဒဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲကို ရန်ကုန်တက္ကသိုလ်ရှိ မြန်မာ-ကိုရီးယား Local Knowledge Center ၌ ဩဂုတ် ၂၄ ရက်က ကျင်းပခဲ့သည်။

သုတေသနစာတမ်းဖတ်ပွဲတွင် ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှ ပါမောက္ခ ဒေါက်တာမြမြခင်က စာတမ်းရှင်များ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားမိတ်ဆက်ပေးပြီးနောက် စာတမ်းဖတ်ပွဲကို New Aspects Communities, Communities and Development, Communities and Education ဟု အပိုင်းသုံးပိုင်းခွဲခြား၍ ကျင်းပရာ စာတမ်းရှင် ၁၁ ဦးက စာတမ်း ၁၁ စောင်ကို ဖတ်ကြားခဲ့သည်။ စာတမ်းဖတ်ပွဲသို့ ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စာရေးဆရာများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

ရန်ကုန်တက္ကသိုလ် မနုဿဗေဒဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စာတမ်းရှင်များသည် ဩဂုတ် ၂၅ ရက်တွင် တွံတေးမြို့နယ် ရှေးဟောင်းအိုးလုပ်ငန်းနယ်မြေရှိ အိုးပြတိုက်နှင့် အိုးလုပ်ငန်းအလုပ်ရုံများသို့လည်း သွားရောက်လေ့လာခဲ့ကြောင်း သိရသည်။

**မောင်မောင်ကျော့(ပလက်ဝ)**

# တပ်ကုန်းမြို့နယ်ရှိ မိုးနှောင်းချည်မျှင်ရှည်ဝါ စံပြကွက်သို့ စိုက်ပျိုးရေးကျောင်းသား ကျောင်းသူများ ကွင်းဆင်းလေ့လာ

**တပ်ကုန်း ဩဂုတ် ၂၇**

နေပြည်တော် တပ်ကုန်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာ ကွင်းအမှတ်(၁၂၇၉)တွင် စိုက်ပျိုးထားသော မိုးနှောင်းချည်မျှင်ရှည်ဝါ ယှဉ်ပြိုင်စံပြကွက်သို့ နေပြည်တော်တိုင်း စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းဦးနှင့် မြေ၊ မျိုး၊ ပိုး တာဝန်ခံများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးများနှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် Internship ကျောင်းသား ကျောင်းသူ ၁၀၀ ကျော်ပါဝင်သောအဖွဲ့က ဩဂုတ် ၂၇ ရက် နံနက်ပိုင်းက ကွင်းဆင်းလေ့လာခဲ့ကြသည်။

အဆိုပါလေ့လာရေးအဖွဲ့ဝင်များအား တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထွန်းညွန့်က စံပြကွက်အတွင်း လိုက်လံပြသပြီး မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ပျိုးခြင်းအကြောင်းနှင့် ပိုးမွှားကင်းထောက်ယူခြင်းလုပ်ငန်းအကြောင်းကို လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



# တနင်္သာရီမြို့နယ်မှ ရေဘေးသင့်ကျေးရွာများသို့ ထောက်ပံ့ပစ္စည်းများ သွားရောက်လှူဒါန်း

**တနင်္သာရီ ဩဂုတ် ၂၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အမျိုးသမီးသမဂ္ဂမှ ဒေါ်ချစ်စု ဦးဆောင်သောအဖွဲ့ဝင်များသည် တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာရှိ Mother Land Network လူမှုကူညီရေးအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ တနင်္သာရီမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများမှ ပြည်သူများအတွက် ဆန်၊ ငါးသေတ္တာဘူးနှင့် ရေသန့်ဘူးများကို ဩဂုတ် ၂၆ ရက်က ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထောက်ပံ့လှူဒါန်းရာတွင် ရေကြီးနေစဉ် သွားလာရေးခက်ခဲသည့် ဦးစားပေးဒေသများဖြစ်သော ညောင်ပင်ကွင်းကျေးရွာအုပ်စုအတွင်းမှ ညောင်ပင်ကွင်းကျေးရွာ၊ ကျွဲထိန်းကွင်းကျေးရွာ၊ ညောင်ပင်ကွင်းအနောက်ရွာနှင့် ကျောက်တလုံးကျေးရွာအုပ်စုမှ ကျောက်တလုံးကျေးရွာ၊ မြေမအုံကျေးရွာ စသည့်ရွာများသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများနှင့်တွေ့ဆုံပြီး ဆန် ၁၀ ပြည်ဝင် အိတ် ၄၀၀၊ ငါးသေတ္တာဘူးပါကင် ၄၀ နှင့် သောက်ရေသန့်ဘူး ၁၃၅ ကတ်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

တနင်္သာရီမြို့နယ်တွင် ဇူလိုင် ၁၅ ရက်မှစ၍ တနင်္သာရီမြစ်ရေကြီးခဲ့ပြီးနောက် ဩဂုတ် ၂၆ ရက်အထိ ရေကြီးရေလျှံမှုများ ကြာမြင့်စွာ ဆက်လက်ဖြစ်ပွားလျက်ရှိကာ ကျေးရွာများမှ ပြည်သူများမှာလည်း ရက်ရှည်ရေဘေးကြုံတွေ့နေရသဖြင့် ထားဝယ်အမျိုးသမီးသမဂ္ဂအဖွဲ့က ထားဝယ်ဒေသ ဂီတညီအစ်ကိုများနှင့် ထားဝယ်ခရိုင် ခတ်ပုံအသင်း၊ အခြားစေတနာရှင်များနှင့် ပူးပေါင်းပြီး ထောက်ပံ့လှူဒါန်းမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း (ပြန်/ဆက်)**

# ကျိုက်မရောမြို့နယ်မှ ပျက်စီးခဲ့သော စပါးခင်းများအတွက် မျိုးစပါးများ ဖြန့်ဝေပေးမည်

**ကျိုက်မရော ဩဂုတ် ၂၇**

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်တွင် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးနစ်မြုပ်မှုများကြောင့် စိုက်ပျိုးပြီးစပါးခင်းများ ပျက်စီးသွားခဲ့မှုများအတွက် အစားထိုး ပြန်လည်စိုက်ပျိုးနိုင်အောင် တောင်သူလယ်သမားများထံသို့ မျိုးစပါးများ အချိန်မီဖြန့်ဝေပေးရန် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၅ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မွန်ပြည်နယ် ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောအောင်မြင့်ခိုင်က စိုက်ပြီးစပါးခင်းများ ပျက်စီးဆုံးရှုံးမှုအတွက် အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရန် အရည်အသွေးမီသော မျိုးစပါးများကို အမြန်ဆုံးထောက်ပံ့ပေးရေး စီစဉ်ဆောင်ရွက်နေကြောင်းနှင့် တောင်သူလယ်သမားများအနေဖြင့်လည်း မျိုးစပါးများရသည်နှင့် အမြန်ဆုံးပြန်လည်စိုက်ပျိုးကြရန် မှာကြားခဲ့သည်။ ထို့နောက် ဒေသခံတောင်သူလယ်သမားများက သိရှိလိုသည်များကို မေးမြန်းကြပြီး မြေစာရင်းဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# မြစ်သားမြို့နယ်အတွင်း၌ တောင်များကိုမိုင်းခွဲပြီး ကျောက်ထုတ်လုပ်မှုများကို စနစ်တကျထိန်းသိမ်းပေးရန် ပြည်သူများဆန္ဒရှိနေ

**မြစ်သား ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကံစွယ်ကျေးရွာအုပ်စုအတွင်းတည်ရှိနေသော တောင်များကို စီးပွားရေးလုပ်ငန်းရှင်အချို့က မိုင်းခွဲပြီး ကျောက်ထုတ်လုပ်သည့် လုပ်ငန်းများ လုပ်ကိုင်နေသဖြင့် သဘာဝတောတောင်များ ပြုန်းတီးမှုဖြစ်ပေါ်နေသကဲ့သို့ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်မှုဖြစ်ပေါ်စေလျက်ရှိကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ကံစွယ်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက အခြားဒေသများမှ စီးပွားရေးလုပ်ငန်းရှင်အချို့က တောင်များကို ကျောက်မိုင်းခွဲ၍ ကျောက်ထုတ်လုပ်နေခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဌာနများ၏ ခွင့်ပြုမိန့်ရမရ မသိသေးသော်လည်း မိုင်းခွဲပြီး ကျောက်ထုတ်လုပ်သည့်လုပ်ငန်းများကို လုပ်ကိုင်နေကြကြောင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသော်လည်း ဒေသခံ



ကျေးလက်နေပြည်သူများအဖို့မူ ကျောက်မိုင်းခွဲသည့်လုပ်ငန်းများကြောင့် ဝင်ငွေရကြကြောင်း၊ ယခုဆိုလျှင် ကံစွယ်ကျေးရွာအုပ်စု မြင်းရွာလေး(၆၃၁)ကွင်း၌ ကျောက်မိုင်းခွဲပြီး ကျောက်ထုတ်လုပ်သည့်စက် ခုနစ်လုံးရှိနေကြောင်း၊ ယခုလို ကျောက်ထုတ်လုပ်သည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုမိန့်ဖြင့်သာ လုပ်ကိုင်သင့်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုအတွက် နှစ်ရှည်ပင်များ ပြန်လည်စိုက်ပျိုးပေးရမည်ဖြစ်ကြောင်း၊ အဆိုပါ ကျောက်မိုင်းခွဲလုပ်ငန်းများနှင့်ပတ်သက်၍ မြစ်သားမြို့နယ်မှ သက်ဆိုင်ရာဌာနများသို့ တင်ပြထားကြောင်း ပြောသည်။

ကျောက်မိုင်းခွဲထုတ်လုပ်သည့်လုပ်ငန်းတစ်ခုတွင် လုပ်ကိုင်နေသော ဒေသခံတစ်ဦးကမူ "ကျွန်တော်တို့ဒေသခံတွေက စီးပွားရေးအဆင်မပြေတော့ ကျောက်မိုင်းခွဲပြီး ကျောက်ထုတ်လုပ်တဲ့ လုပ်ငန်းထဲမှာ ဝင်ရောက်လုပ်ကိုင်ကြပါတယ်၊ မိုင်းခွဲပြီး ကျောက်ထုတ်လုပ်တဲ့လုပ်ငန်းဟာ လူအသွန်အန္တရာယ်များသလို ပင်ပန်းပါတယ်၊ ကျောက်မိုင်းခွဲပြီးထွက်ရှိတဲ့ကျောက်တွေကို အလုပ်သမားတွေက ကျောက်အမျိုးများဖြစ်တဲ့ ၆၉ ဆိုက်၊ ၄၆ ဆိုက် စတဲ့ အမျိုးအစားအလိုက် တူနဲ့ခွဲရပါတယ်၊ နေ့စားလုပ်ခအနေနဲ့ ခွဲပြီးသားကျောက်အမျိုးအစားအလိုက် တစ်ကျင်းကို ငွေကျပ် ၄၀၀၀ လုပ်အားခ ရရှိပါတယ်၊ လုပ်ငန်းရှင်များကပြန်ရောင်းတဲ့ ဈေးနှုန်းအနေနဲ့ ခန့်မှန်း လမ်းခင်းကျောက်တစ်ကျင်းကို ကျောက်လိုအပ်သူတွေက ငွေကျပ်တစ်သောင်းကျော် ပေးဝယ်ကြရတာပါ၊ အလုပ်ကပင်ပန်းပေမယ့် ငွေရတာအဆင်ပြေတော့ ကျွန်တော်တို့ဒေသက ကျေးလက်နေပြည်သူတွေ လုပ်ကိုင်နေရခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

အဆိုပါ မြင်းရွာလေးကျေးရွာ(၆၃၁)ကွင်း၏ မြေတိုင်းစာရေး ဦးလှငွေက "မြင်းရွာလေး(၆၃၁)ကွင်းမှာ ကျောက်မိုင်းခွဲပြီး ကျောက်ထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေအနေနဲ့ မြစ်သားမြို့နယ် အဆင့်ကိုတော့ လုပ်ငန်းလိုင်စင်ရရှိဖို့ တင်ပြထားပါတယ်၊ သို့



သော် ယနေ့အချိန်အထိ တစ်ဦးတစ်ယောက်မှ လုပ်ငန်းလိုင်စင် မရရှိသေးပါဘူး၊ အမှန်ဆိုရင် လုပ်ငန်းလိုင်စင် မရရှိသေးရင်/ခွင့်ပြုမိန့်မရရှိသေးရင် ယခုလို ကျောက်မိုင်းခွဲ ကျောက်ထုတ်လုပ်တဲ့လုပ်ငန်းကို လုပ်ကိုင်လို့မရပါဘူး"ဟု ပြောသည်။

မြစ်သားမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးစိုးဝင်းကလည်း မြစ်သားမြို့နယ် အခွန်ဦးစီးဌာနသို့ ကျောက်ထုတ်လုပ်သည့် မည်သည့်လုပ်ငန်းရှင်ကမှ လုပ်ငန်းခွန် လာရောက်ပေးဆောင်ထားခြင်းမရှိသေးကြောင်း ပြောသည်။ ကျောက်ထုတ်လုပ်နေသည့် လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလိုင်စင်ကို မြို့နယ်အဆင့်အပြင် မည်သည့်အဆင့်အထိ တင်ပြထားသည်ဆိုသည်ကိုမူ မသိရကြောင်း မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

မြစ်သားမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးသူရကလည်း "ကျွန်တော်တို့ မြေစာရင်းဦးစီးဌာနကို ကျောက်ထုတ်လုပ်တဲ့ လုပ်ငန်းရှင် ၁၄ ဦး လာရောက်ပြီး လုပ်ငန်းလိုင်စင်အတွက် မြေစာရင်းပုံစံ(၁၀၅)ကို လာရောက်လုပ်ကိုင်ထားကြပါတယ်၊ ဒီနောက်မှာ မြို့နယ်ထွေ/အုပ်ဌာနကို ပြန်လည်တင်ပြခဲ့ပါတယ်၊ ကျန်တဲ့အပိုင်းကိစ္စတွေတော့ မသိပါဘူး"ဟု ပြောသည်။

လက်ရှိအချိန်တွင် မြစ်သားမြို့နယ် ကံဆည်ကျေးရွာအုပ်စု အနီးရှိ တောင်များတွင် ကျောက်မိုင်းခွဲ၍ ကျောက်ထုတ်လုပ်နေမှုများကြောင့် လုပ်ငန်းရှင်များ အဆင်ပြေကြပြီး ဒေသခံပြည်သူအချို့အတွက် အလုပ်အကိုင်နှင့် ဝင်ငွေ ရရှိကြသော်လည်း သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေသောကြောင့် ဌာနဆိုင်ရာခွင့်ပြုမိန့်များဖြင့် စနစ်တကျလုပ်ကိုင်သည့်လုပ်ငန်းများ ဖြစ်လာအောင် သက်ဆိုင်ရာ တာဝန်ရှိဌာနများက ကြီးကြပ်ဆောင်ရွက်ပေးရန် ဒေသခံပြည်သူများက ဆန္ဒရှိနေကြကြောင်း သိရသည်။

**ကျော်ကျော်(မလှိုင်)**

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(ပဲခူး)နှင့် လိပ်သိုမြို့မှ ဒေသခံများ တွေ့ဆုံ

**လိပ်သို ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC-S(Bago)မှ အဖွဲ့ဝင်များနှင့် ကရင်ပြည်နယ် လိပ်သိုမြို့ ကလေခိုကျေးရွာအုပ်စုမှ ဒေသခံပြည်သူများ တွေ့ဆုံပွဲကို သောက်ရေခပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ဩဂုတ် ၂၅ ရက်က ကျင်းပခဲ့သည်။



တွေ့ဆုံပွဲတွင် ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှမျိုးရွှေက ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ လုပ်ငန်းစဉ်များဖြစ်သော လက်နက်ကိုင်ပဋိပက္ခများရပ်စဲစေရန်၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ပေးသည့် ယန္တရားတစ်ခု အကောင်အထည်ဖော်နိုင်ရန်၊ ပြည်သူလူထုကို အကာအကွယ်ပေးနိုင်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေး စသည်တို့ကို ဆွေးနွေးသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဦးစောဒီထူးက NCA လက်မှတ်ရေးထိုးခြင်းနှင့်ပတ်သက်၍ ပြည်သူများသိရှိရမည့်အချက်များကိုလည်းကောင်း၊ အရပ်သားကိုယ်စားလှယ် ဦးစောထူးဘလက်က NCA နှင့် သက်ဆိုင်သည့် မူကြမ်းများအကြောင်းကိုလည်းကောင်း၊ အရပ်သားကိုယ်စားလှယ် ဒေါ်နန်းကျင်ဦးက JMC ၏ ရည်ရွယ်ချက်များ၊ ဖွဲ့စည်းပုံနှင့် လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ အရပ်သားကိုယ်စားလှယ် ဦးစောလင်းအောင်က နှစ်ဖက်တပ်များ လေးစားလိုက်နာရမည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်သော လိပ်သိုမြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာနေပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အသေးစိတ် ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

## လောက်ကိုင်မြို့၌ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆွေးနွေး

**လောက်ကိုင် ဩဂုတ် ၂၇**

ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင် ဦးဆောင်ပြီး ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးများနှင့် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်ခရိုင် လောက်ကိုင်မြို့မှ ဒေသခံများတွေ့ဆုံ၍ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို လောက်ကိုင်မြို့ဒေသဦးစီးအဖွဲ့ရုံးရှိ အမျိုးသားကဇာတ်ရုံ၌ ဩဂုတ် ၂၅ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ဝန်ကြီးက အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဦးက လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များ၊ လူမှုပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးများကိုလည်းကောင်း၊ ရှမ်းပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးနိုင်က သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုများမှ ကာကွယ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်သည့်အချက်များကိုလည်းကောင်း ဆွေးနွေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးကျောက်တယ်ချန်နှင့် ဒေသဦးစီးအဖွဲ့တာဝန်ရှိသူများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့သည်။

**ဘဦး(လောက်ကိုင်)**

## မြိုင်ကြီးငူဒေသရှိ ရေကြီးနေသည့်ကျေးရွာများသို့ စားနပ်ရိက္ခာများ သွားရောက်ထောက်ပံ့

**ဘားအံ ဩဂုတ် ၂၇**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်း မြိုင်ကြီးငူဒေသသို့သွားသော ကားလမ်းဘေးတစ်လျှောက်ရှိ ရေကြီးနေသည့် ကျေးရွာခြောက်ရွာမှ ရေဘေးသင့်အိမ်ထောင်စုများအား ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ



ပါဝင်သောအဖွဲ့က စားနပ်ရိက္ခာများ ဩဂုတ် ၂၅ ရက်က သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ရေကြီးနေသည့် ကျေးရွာများဖြစ်သော ရွှေဂွန်း၊ ဂျို့ချောင်း၊ အင်းနို့သိပ္ပံ၊ သာယာကုန်း၊ လက်ခတ်နှင့် တခွက်ဖိုးကျေးရွာတို့မှ ရေဘေးသင့်ပြည်သူများအတွက် စားနပ်ရိက္ခာများကို ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်၊ ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခွန်မျိုးတင့်နှင့် တာဝန်ရှိသူများက ဘားအံမြို့ရှိ ပြည်နယ်ရေဘေးကယ်ဆယ်ရေး ဗဟိုကွပ်ကဲရေးစခန်းမှ ထုတ်ယူ၍ ရေဘေးသင့်ကျေးရွာများသို့ အရောက်သွားပြီး ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ကရင်ပြည်နယ်အတွင်း မြို့နယ်ခြောက်ခု၌ ဇူလိုင် ၂၂ ရက်မှစ၍ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကာ အချို့မြို့နယ်များတွင် ရေပြန်ကျသွားပြီဖြစ်သော်လည်း မြို့နယ်အချို့မှ ကျေးရွာအချို့မှာ လက်ရှိအချိန်အထိ ရေကြီးနေဆဲဖြစ်ကာ ရေကြီးနေချိန်မှာ တစ်လကျော်ကြာမြင့်နေပြီဖြစ်၍ ကရင်ပြည်နယ်အစိုးရအနေဖြင့် အနယ်အရပ်ရပ်မှ လာရောက်လှူဒါန်းသော ထောက်ပံ့ပစ္စည်းများကို ရေကြီးနေဆဲကျေးရွာများသို့ သွားရောက်ထောက်ပံ့ လှူဒါန်းပေးနေသလို စေတနာရှင်များနှင့် လူမှုကူညီရေးအသင်းအဖွဲ့များကလည်း ကျေးရွာများအရောက်သွားရောက်ကာ ထောက်ပံ့ပေးနေကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## စလင်းမြို့နယ်၌ ရင်ခွင်မဲ့ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်း

**စလင်း ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်တွင် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်းရေးအတွက် မကွေးတိုင်းဒေသကြီးအသင်းမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက စလင်းမြို့သို့ ဩဂုတ် ၂၅ ရက်က လာရောက်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဒေသခံများနှင့်တွေ့ဆုံကာ အသင်းဖွဲ့စည်းခြင်းနှင့် တာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

မကွေးတိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက အသင်း၏အမည်နှင့် အဓိပ္ပာယ်၊ သဘောထားများ၊ အသင်း၏ လိုဂိုအကြောင်း၊ အသင်း၏ဖွဲ့စည်းပုံများကို ရှင်းလင်းပြောကြားပြီး စလင်းမြို့နယ်အသင်းအတွက် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ခြင်းနှင့် အမည်စာရင်းကြေညာခြင်းများကို ပြုလုပ်ခဲ့သည်။ စလင်းမြို့နယ် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဖွဲ့စည်းသည့် အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဟိန်းဆက်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စလင်းမြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်း အသိအမှတ်ပြု ထောက်ခံချက်လက်မှတ်ထုတ်ပေးနိုင်ရေး စိုက်ခင်းများအရောက် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၇**

ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသော လူနေမှုဘဝပုံစံများ ပြောင်းလဲလာသည်နှင့်အမျှ စားသုံးသူများ၏ ကျန်းမာရေးနှင့်အာဟာရဆိုင်ရာ စံသတ်မှတ်ချက်များ၊ တောင်းဆိုလာမှုများကို ဖြည့်ဆည်းပေးနိုင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းမွန်သော စိုက်ပျိုးရေးထွက်ကုန်များ စိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်း (GAP) စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ခြင်း၊ အော်ဂဲနစ် စိုက်ပျိုးခြင်းတို့မှာ အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်လာလျက်ရှိသည်။

ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲ၊ မျိုးစေ့ဌာနခွဲ၊ မြေအသုံးချရေးဌာနခွဲတို့ ပူးပေါင်းသော စိုက်ပျိုးရေးပညာရှင်များအဖွဲ့သည် ဩဂုတ် ၂၀ ရက်မှ ၂၃ ရက်အထိ မကွေးတိုင်းဒေသကြီးအတွင်း GAP စနစ်ဖြင့် စိုက်ပျိုးထားသော နှမ်းသီးနှံစိုက်ခင်းများအား အသိအမှတ်ပြုထောက်ခံချက် လက်မှတ်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ရာ တောင်သူများ၏ မြေသြဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှု မှတ်တမ်းများ၊ မှိုသတ်ဆေးသုံးစွဲမှု မှတ်တမ်းများ စစ်ဆေးခြင်း၊ စိုက်ခင်းများ၏ မြေနမူနာစမ်းသပ်စစ်ဆေးမှု အခြေအနေများကို စစ်ဆေးကြသည်။



မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူ၊ ဂန့်ဂေါ၊ ကျောက်ထု၊ ထီးလင်း၊ ရေစကြို၊ ချောက်နှင့် ရေနံချောင်းမြို့နယ်များတွင် ယခုနှစ် စိုက်ပျိုးထားသော GAP စနစ် နှမ်းသီးနှံများ ရိတ်သိမ်းပြီးဖြစ်ရာ စည်းထောင် နေလှန်းစနစ်ဖြင့် လည်းကောင်း၊ ဝါးတန်းထိုး နေလှန်းစနစ်ဖြင့်လည်းကောင်း ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ အဆိုပါ နှမ်းသီးနှံများကို စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများကို လိုက်နာကျင့်သုံးဆောင်ရွက်ခဲ့သဖြင့် ထောက်ခံချက် လက်မှတ်ထုတ်ပေးနိုင်ရေး အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ခင်ကျော် ဦးဆောင်သော စိုက်ပျိုးရေးပညာရှင်များအဖွဲ့က စိုက်ကွင်းများအရောက် ကွင်းဆင်းစစ်ဆေးခြင်းဖြစ်သည်။

ကွင်းဆင်းစစ်ဆေးခဲ့သည့် မြို့နယ်များတွင် GAP စနစ်လိုက်နာဆောင်ရွက်မှု အတွေ့အကြုံရရှိလာပြီဖြစ်ရာ နှမ်းသီးနှံသာမက စိုက်ပျိုးထုတ်လုပ်သည့် သီးနှံအားလုံး GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ဒေသနေတောင်သူများနှင့် ဆွေးနွေးခဲ့ကြကြောင်း၊ စားသုံးသူများအား အန္တရာယ်ဖြစ်စေသည့် ညစ်ညမ်းကူးစက်ခြင်းများသည် စိုက်ပျိုးသည်မှ စားသုံးသူများထံ ဖြန့်ဖြူးရောင်းချချိန်အထိ ဖြစ်ပေါ်နိုင်ခြင်းကြောင့် အရည်အသွေးမှန်ကန်ခြင်းနှင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် စိုက်ပျိုးထုတ်လုပ်မှု အဆင့်တိုင်းတွင် စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လက်ရှိတွင် အဓိကသီးနှံ ၁၅ မျိုးအတွက် စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်ကောင်းများ ချမှတ်ဆောင်ရွက်နေသော်လည်း တောင်သူများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံကာ နောင်တွင် သီးနှံအားလုံး၏ စိုက်ပျိုးထုတ်လုပ်မှုများကို GAP နည်းစနစ်ပုံစံဖြင့် ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း စိုက်ပျိုးရေးပညာရှင် ဦးအောင်မိုးက ပြောကြားသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မြန်မာ့လယ်ယာထုတ်ကုန်များအား အစားအစာဘေးကင်းလုံခြုံမှု စံချိန်စံညွှန်းကိုက်ညီစွာ ထုတ်လုပ်နိုင်ကြသဖြင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက် မြန်မာ့ GAP နည်းစနစ်များ ချမှတ်ပေးပြီးဖြစ်သကဲ့သို့၊ လိုက်နာဆောင်ရွက်နိုင်ရန် နည်းပညာနှင့် ကူညီမှုများဆောင်ရွက်ပေးခြင်း၊ GAP အသိအမှတ်ပြု ထောက်ခံချက်လက်မှတ်ကို သီးနှံရောင်းချချိန်အမီ ထုတ်ပေးနိုင်ရေးအတွက် ကျွမ်းကျင်ပညာရှင်အဖွဲ့များက သီးနှံစိုက်ခင်းများအရောက် ကွင်းဆင်းစစ်ဆေး အတည်ပြုပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇူလိုင်မိုး(မြန်မာ့အလင်း)**

# မကွေးတိုင်းဒေသကြီးအတွင်း သစ်စက် ၁၈၈ စက် လိုင်စင်သက်တမ်းတိုးခွင့်ပြုထား

**မကွေး ဩဂုတ် ၂၇**

မကွေးတိုင်းဒေသကြီးအတွင်း၌ စက်ကြီး၊ စက်သေး၊ အချောထည်၊ သစ်အခြေခံစက်ရုံ၊ အိမ်တွင်းစက်၊ လျှာထိုး စသည့် သစ်စက်အမျိုးအစား ငါးမျိုးခွဲခြားသတ်မှတ်၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ သစ်စက်ပေါင်း ၁၈၈ စက်ကို လိုင်စင်သက်တမ်းတိုး ခွင့်ပြုပေးထားကြောင်း မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ သိရသည်။

"သစ်စက်တွေ ခွင့်ပြုထားတာရှိပါတယ်။ နယ်မြေအလိုက် တောအုပ်အဆင့်ရှိတဲ့ မေမြို့သင်တန်းကျောင်းဆင်းစက်အုပ်တွေက ကြီးကြပ်ပါတယ်။ သူတို့နဲ့မှ မလုံလောက်ဘူးဆိုရင် တောခေါင်းတွေ ထားပေးတယ်။ စက်နဲ့ပတ်သက်ရင် သူက အဓိကတာဝန်ရှိတယ်။ စက်တွေ တရားဝင် ခွင့်ပြုပေးလိုက်ပြီဆိုရင် တရားဝင်ဝယ်ထားတဲ့ ပစ္စည်းနဲ့ ဘယ်နှတန်ခွဲမယ့်အကြောင်း သက်ဆိုင်ရာမြို့နယ်က သစ်တောဌာနကို တင်ပြရပါတယ်" ဟု မကွေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်သိန်းခိုင်က ပြောသည်။

သစ်စက်များ၌ ခွဲခြမ်းမည့်သစ်များကို တရားဝင်သစ်လုံးနှင့် စာရွက်စာတမ်း ခွဲမိန့်အမှတ်တို့ဖြင့် စိစစ်ခွင့်ပြုကြောင်း၊ ခွဲမည့် သစ်အမျိုးအစား၊ တန်အရေအတွက်နှင့် ခွဲရမည့်ရက် အကန့်အသတ်၊ စက်ပျက်လျှင် သက်တမ်းတိုးခွဲခွင့် စသည့်သတ်မှတ်ချက်များအား ဌာနမှ ကြီးကြပ်ပေးရပြီး တရားမဝင်သစ်ခိုးခွဲခြင်းနှင့် မှောင်ခိုသစ်ဖမ်းဆီးခြင်းများကိုလည်း သတင်းစုဆောင်း လုပ်ဆောင်နေကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

"ပုံမှန်ဆိုရင်တော့ စက်အုပ်က သူ့စက်တွေအပေါ်မှာ နေ့စဉ်ကြီးကြပ်ဖို့တာဝန်ရှိတယ်။ စက်တိုင်းကို တစ်လတစ်ခေါက် မရောက်မရှိရဘူး။ စက်စစ်ဆေးခြင်း အစီရင်ခံစာလည်း တင်ရတယ်။ တိုင်းဒေသကြီးကတစ်ဆင့် ရုံးချုပ်ကို ပြန်တင်ရတယ်။ ကုန်ကြမ်းမရှိလို့ မလည်နိုင်တဲ့စက်တွေ ခိုးမလည်နိုင်အောင်၊ နဝလီတွေ လာခွဲနေတာမဖြစ်အောင် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးနဲ့ သက်သေတွေရှေ့မှာ စက်ကိုချိပ်ပိတ်တယ်။ လည်နေလို့ တိုင်တာရှိလာရင် စစ်တဲ့အခါ ချိပ်ကလေးကိုကြည့်လိုက်ရင် သိတယ်။ ချိပ်လည်းပွင့်နေတယ်။ လွှစာလည်း တွေ့တယ်ဆိုရင်တော့ ခိုးလည်တယ်" ဟု သစ်စက်များ ကြီးကြပ်မှုပုံစံကို ၎င်းက ဆက်လက်ရှင်းပြသည်။



မကွေးတိုင်းဒေသကြီးအတွင်း၌ MTE စက်ကြီးတစ်စက်၊ ပုဂ္ဂလိကစက်ကြီး ရှစ်စက်၊ စက်သေး ၈၆ စက်၊ အချောထည်၊ သစ်အခြေခံစက်ရုံ ငါးခု၊ အိမ်တွင်းစက် ၆၄ စက်၊ လျှာထိုးစက် ၂၄ စက် စုစုပေါင်း သစ်စက် ၁၈၈ စက်ကို လိုင်စင်ပေးထားပြီး မကွေးခရိုင်အတွင်း ၇၅ စက်၊ မင်းဘူးခရိုင်အတွင်း ၄၁ စက်၊ သရက်ခရိုင်အတွင်း ၃၈ စက်၊ ပခုက္ကူခရိုင်အတွင်း ၂၇ စက်၊ ဂန့်ဂေါခရိုင်အတွင်း ခုနစ်စက်ရှိကြောင်း သစ်တောဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

**ဇေယျတု(မကွေး)**

# မြင်းခြံမြို့နယ် သဘာဝရေလှောင်ကွင်းအတွင်း ငါးမျိုးစိုက်ထည့်

**မြင်းခြံ ဩဂုတ် ၂၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ မြင်းခြံမြို့နယ် လေးအိမ်တန်းကျေးရွာဆိပ်ကမ်း သဘာဝရေလှောင်ကွင်းတွင် ငါးမျိုးများ စိုက်ထည့်ခြင်းကို ယမန်နေ့က ပြုလုပ်ခဲ့သည်။

ငါးမျိုးစိုက်ထည့်ခြင်းကို ခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်ဝင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်အေးနှင့် ဦးချမ်းမြေ့၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးထိုက်၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက လေးအိမ်တန်းဆိပ်ကမ်း သဘာဝရေလှောင်ကွင်းအတွင်းသို့ ငါးမြစ်ချင်းကောင်ရေ ၅၀၀၀၀၊ ထိုင်းငါးခုံးမကြီးကောင်ရေ ၅၀၀၀၀ စုစုပေါင်း ကောင်ရေတစ်သိန်း စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင် ( မြင်းခြံ )**

# အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ဂုဏ်ပြု

**မန္တလေး ဩဂုတ် ၂၇**

အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ၂၀၁၈ ခုနှစ် ကြံ့ခိုင်စွမ်းရည်စစ်ဆေးရာတွင် သက်တမ်းအလိုက် ဇူလိုင်လအတွက် ဆုရရှိသူများ၊ အားကစားပြိုင်ပွဲများတွင် ပထမဆုရ သင်တန်းသား၊ သင်တန်းသူများအား ဂုဏ်ပြုဆု ချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ်လစတုတ္ထပတ်က အဆိုပါကျောင်း စားရိပ် သာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်က အမှာစကားပြောကြားပြီး အားကစားပြိုင်ပွဲများတွင် ပထမတံခွန်စိုက်ဆုဖလားများ ရရှိခဲ့သည့်အသင်းများမှ ပြန်လည်အပ်နှံသော ဆုဖလားနှင့်တံခွန်စိုက်ဒိုင်းဆုတို့ကို ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက် ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်း ကြံ့ခိုင်စွမ်းရည်စစ်ဆေးရာတွင် သက်တမ်းအလိုက် ဆုရရှိသူများ၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် အသက် ၁၉ နှစ်အောက် နွေရာသီဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲတွင် ပထမဆုဖလား ရရှိသူများ၊ အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဆုဖလားရရှိသူများနှင့် အထက်မြန်မာပြည်တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်ပေါင်းစုံ စစ်တုရင်ပြိုင်ပွဲ၊ အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဒိုင်းဆုရအသင်းနှင့် မလေးရှားနိုင်ငံ၌ ကျင်းပသည့် (၁၀) ကြိမ်မြောက် အာဆီယံကျောင်းသားပွဲတော်တွင် တတိယဆုရ အောင်ဇာနည်ထွန်းတို့ကို တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ကျောက်ဖြူ၌ ဒီရေရောက်သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း စီမံကိန်းကနဦး အလုပ်ရုံဆွေးနွေး

**ကျောက်ဖြူ ဩဂုတ် ၂၇**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့တွင် ဩဂုတ် ၂၄ ရက်က ဗာရာဏသီဟိုတယ်၌ ပင်လယ်ကမ်းရိုးတန်းဒေသနေ ပြည်သူလူထုက ရာသီဥတုပြောင်းလဲမှုနှင့်အညီ လိုက်လျောညီထွေ ရပ်တည်နေထိုင်နိုင်ရန်အတွက် ဒီရေရောက်သစ်တောများကို စနစ်တကျ စီမံအုပ်ချုပ်လုပ်ကိုင်ခြင်း စီမံကိန်းကနဦး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

အခမ်းအနား၌ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်သတ္တုတွင်းဝန်ကြီးဦးကျော်လွင်က အမှာစကားနှင့် အထက်ပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နေပြည်တော်သစ်တောဦးစီးဌာနရုံးချုပ်မှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ဒီရေရောက်သစ်တောများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရမ်းဗြဲမြို့နယ်ရှိ ဝန်ဖိုက်ဒီရေရောက် သစ်တောကြိုးဝိုင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ လက်ရှိအနေအထားနှင့် ရှေ့သို့ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းမှာကြားခဲ့သည်။ ယင်းနောက် ဒိန်းမတ်နိုင်ငံမှ အကြံပေးပညာရှင် Mr. Anders Poulsen က ဒီရေရောက်သစ်တောများနှင့် ဆက်စပ်ပြီးလည်းကောင်း၊ ရမ်းဗြဲမြို့နယ်ရှိ ဝန်ဖိုက်သစ်တောကြိုးဝိုင်းနှင့်ဆက်စပ်ပြီး လက်ရှိနှင့်ရှေ့ ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းကိစ္စရပ်များ၊ ဒိန်းမတ်နိုင်ငံအစိုးရအနေဖြင့် အထက်ပါ ဝန်ဖိုက်ဒီရေရောက်သစ်တောကြိုးဝိုင်းလုပ်ငန်းနှင့်ပတ်သက်ပြီး လုပ်ဆောင်နိုင်ရန် ကူညီပေးမှုအဖြစ် ငါးနှစ်ဖြစ်ကာ ဒိန်းမတ်နိုင်ငံမှ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမည်ဟု ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်ပြီး တက်ရောက်လာကြသော မြို့မိမြို့ဖနှင့် ကျေးလက်နေပြည်သူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

# နောင်ချိုမြို့ ရထားသံလမ်းနှင့် ကားလမ်းကူးနေရာ လမ်းဘေးတစ်လျှောက် လျှပ်စစ်မီးလင်းပြီ

**နောင်ချို ဩဂုတ် ၂၇**

နောင်ချိုမြို့အရှေ့ဘက် မန္တလေး-လားရှိုးကားလမ်း၊ ဂုတ်တွင်းကားလမ်း အဆင်းလမ်းစသည့်နေရာ ရထားသံလမ်းကူးနှင့် ကားလမ်းကူးအဆင်းကွေ့သည် မှောင်နေသောကြောင့် အဆင်း၊ အတက်များ သတိထားမောင်းနှင်ရာတွင် မကြာခဏ တိမ်းမှောက်မှုများ ဖြစ်ပွားလေ့ရှိသည်။ ထို့ကြောင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်လျှပ်စစ်မှူး ဦးရဲလင်းကျော်၊ မြို့နယ်မီးလင်းရေးကော်မတီမှ ဦးမြင့်ဆန်း၊ ဈေးရပ်ကွက်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အတွင်းရှိအလှူရှင်များနှင့် ပရဟိတစေတနာမွန်လူမှုကူညီရေးအသင်းမှ ဦးမြတ်မိုးအောင်၊ ဦးအောင်မြင့်ထွန်းတို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် ရထားသံလမ်းနှင့်ကားလမ်းကူးနေရာ ကားလမ်းဘေးဝဲ၊ ယာတစ်လျှောက် ဓာတ်တိုင်တို့၌ လျှပ်စစ်မီးလင်းနေသည်ကိုတွေ့ရပြီး မူဆယ်၊ မန္တလေး၊ လားရှိုးသွားကားများနှင့် ဒေသခံပြည်သူများအတွက် အထောက်အကူများစွာ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**



SPECIAL OFFER
သင့်အတွက်သာ
MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်
TOP-UP BONUS
*555#
ကို ဖုန်းခေါ်ဆိုပြီး
သင့်အတွက် Special Offer များကို
ရှာဖွေလိုက်ပါ . . .
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday



# ဆွာချောင်းတမံမှ ရေများစတင်ကျော်ကျလျက်ရှိပြီး တမံကြံ့ခိုင်မှုကောင်းမွန်၍ စိုးရိမ်ဖွယ်ရာမရှိ

**ရေတာရှည် ဩဂုတ် ၂၇**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု ဥယျာဉ်မှူးကျေးရွာအထက်ဘက်ရှိ ဆွာချောင်းရေလှောင်တမံရေပိုလွှဲမှ ဩဂုတ် ၂၆ ရက်မှစတင်၍ ရေများစတင်ကျော်ကျလျက်ရှိကြောင်း သိရသည်။ (**အပေါ်ပုံ**) ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုအခြေအနေ၊ တမံကြံ့ခိုင်မှုအခြေအနေများကို တောင်ငူခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်၊ မြို့နယ်ဦးစီးအရာရှိ ဦးထွန်းနေအောင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ဆွာချောင်းဆည်တမံကို လိုက်လံစစ်ဆေးခဲ့ရာ ကြံ့ခိုင်မှုကောင်းမွန်ပြီး စိုးရိမ်ဖွယ်ရာမရှိကြောင်း သိရသည်။

"ဆွာချောင်း ရေလှောင်တမံအတွင်းကို မနှစ်က ရေဧကကုဗပေ ခုနစ်သိန်းကျော် ဝင်ခဲ့တယ်။ ဒီနှစ်မှာတော့ အခုဩဂုတ်လနောက်ဆုံးပတ်အထိ ဧကကုဗပေ သုံးသိန်းလောက် ဝင်ပြီး နောက်ထပ်လေးသိန်းလောက် ထပ်ဝင်စရာရှိပါတယ်။ မနေ့က စပြီးရေပိုလွှဲကစကျော်တာ ဧကပေ ၅၀၀ ပါ။ ရေလှောင်တမံအနေနဲ့ ရေသိုလှောင်နိုင်မှုပမာဏက ဧကပေ ၂၁၆၅၀၀ရှိတယ်။ နွေစပါး ပြီးကတည်းက ရေကိုတောက်လျှောက် လျှော့ချပေးနေတဲ့အတွက် စိုးရိမ်စရာမရှိပါဘူး"ဟု မြို့နယ်ဦးစီးအရာရှိဦးထွန်းနေအောင်က ပြောကြားသည်။ ရေပိုလွှဲမှ ကျော်ကျလာသော ရေများသည် သမဆယ်ချောင်းမှတစ်ဆင့် ဆွာချောင်းထဲသို့ ပြန်လည်ဝင်ရောက်သွားပြီး သိုင်းချောင်းရေကျသည့်အချိန်တွင်သာ ဆွာချောင်းအတွင်း ရေများလေ့ရှိပြီး ကျန်သောအချိန်များတွင် ပုံမှန်အတိုင်းသာ စီးဆင်းမြဲဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## စစ်တောင်းနှင့် သံလွင်မြစ် ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၂၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## မှတ်သားဖွယ်ရာမိုးရေချိန်

| | | |
|---|---|---|
| ကော့ကရိတ်မြို့ | ၃ ဒသမ ၇၀ | လက်မ |
| ထားဝယ်မြို့ | ၃ ဒသမ ၆၆ | လက်မ |
| ချောင်းဆုံမြို့ | ၃ ဒသမ ၀၇ | လက်မ |
| ပူတာအိုမြို့ | ၂ ဒသမ ๕၅ | လက်မ |
| ဟုမ္မလင်းမြို့ | ၂ ဒသမ ၈၇ | လက်မ |
| ရေးမြို့ | ၂ ဒသမ ၈၀ | လက်မ |
| ကျိုက္ခမီမြို့ | ၂ ဒသမ ၆၄ | လက်မ |
| ကြာအင်းဆိပ်ကြီးမြို့ | ၂ ဒသမ ၄၀ | လက်မ |
| ကျိုက်မရောမြို့ | ၂ ဒသမ ၃၆ | လက်မ |

## တပ်မတော်နှင့် ပတ်သက်သည့် ဖေ့စ်ဘုတ် အကောင့်နှင့် ဖေ့စ်ဘုတ် စာမျက်နှာများ ဖယ်ရှား ခံရမှုနှင့် ပတ်သက်၍ ဖေ့စ်ဘုတ်အဖွဲ့သို့ မေးမြန်းထား ကြောင်း နိုင်ငံတော် သမ္မတရုံး ပြောရေး ဆိုခွင့်ရှိသူ ဦးဇော်ဌေး ပြောကြား

စာ » ၁၂

# KBZ Bank Women's League 2018 နောက်ဆုံးပွဲစဉ်အဖြစ် မြဝတီနှင့် သစ္စာအားမန်အသင်းတို့ ဩဂုတ် ၂၉ ရက်တွင် ယှဉ်ပြိုင်ကစားမည်

ရန်ကုန် ဩဂုတ် ၂၇

**KBZ Bank Women's League 2018 နောက်ဆုံးပွဲစဉ်အဖြစ် မြဝတီနှင့် သစ္စာအားမာန်အသင်းတို့မှာ ဩဂုတ် ၂၉ ရက် မွန်းလွဲ ၃ နာရီတွင် အောင်ဆန်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။**

KBZ Bank Women's League 2018 ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကျင်းပရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက MFF အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသမီးလိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးလှဌေး၊ ဒုတိယဥက္ကဋ္ဌ ဒေါ်မြတ်မြတ်ဦး၊ အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်း၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးတင်မြင့်အောင်နှင့် ဌာနခွဲတာဝန်ခံများ၊ ပြိုင်ပွဲဝင်အသင်းများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မြဝတီနှင့် သစ္စာအားမာန်နှစ်သင်းသည် ထိပ်ဆုံးတွင် အမှတ်တူဖြင့် အပြိုင်ဖြစ်နေပြီး ဂိုးကွာခြားချက်တွင် လက်ရှိချန်ပီယံ မြဝတီအသင်းက အသာရထားသည်။ ထို့ကြောင့် မြဝတီအသင်းသည် နောက်ဆုံးပွဲတွင် သရေကစားရုံဖြင့် ဖိုလ်စွဲမည်ဖြစ်ပြီး သစ္စာအားမာန်အသင်းသည် အနိုင်ရရန် လိုအပ်နေသည်။

မြဝတီနှင့် သစ္စာအားမာန်ပွဲစဉ်နှင့် လိဂ်ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားတွင် ဖျော်ဖြေရေးအစီအစဉ်လည်း ထည့်သွင်းထားရာ တေးသံရှင်များဖြစ်သည့် ဝိုင်းစုခိုင်သိန်း၊ အိမ့်ချစ်၊ ဇွဲပြည့်၊ Gae Gae တို့မှ သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ခေမီကို အကအဖွဲ့၏ ကပြဖျော်ဖြေမှုကိုလည်း ပရိသတ်များ အားပေးကြည့်ရှုခွင့်ရမည်ဖြစ်သည်။ ထို့ပြင်ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး မြဝတီနှင့် သစ္စာအားမာန်အသင်းပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ- စိုးညွန့်**



**ချန်ပီယံဆုအတွက် အပြိုင်ဖြစ်နေသည့် သစ္စာအားမာန်နှင့် မြဝတီအသင်း ပထမအကျော့က တွေ့ဆုံခဲ့စဉ်။**

